# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်　　၂၀၁၆ ခုနှစ်၊ မတ် ၂၉ ရက်၊ အင်္ဂါနေ့၊　　အတွဲ [၅၅]၊ အမှတ် [၁၈၁]


**မြတ်ဗုဒ္ဓအဆုံးအမ**

- ❖ မကောင်းမှု ရှောင်၊
- ❖ ကောင်းမှု ဆောင်၊
- ❖ ဖြူအောင် စိတ်ကိုထား။

## အရေးပေါ်အခြေအနေကြေညာချက် ရုပ်သိမ်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်)

**အရေးပေါ်အခြေအနေကြေညာချက် ရုပ်သိမ်းခြင်း**

၁။ ရခိုင်ပြည်နယ်အတွင်း ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အခြေအနေ ပေါ်ပေါက်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂၊ ပုဒ်မခွဲ(က) အရ ဥပဒေကဲ့သို့အာဏာတည်သော အမိန့် အမှတ်၊ ၁/၂၀၁၂ ဖြင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ပါသည်။

၂။ ယခုအခါ ရခိုင်ပြည်နယ်အတွင်း၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အခြေအနေ မရှိတော့ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တင်ပြချက်အရ တွေ့ရှိရသဖြင့် ရခိုင်ပြည်နယ်အတွင်း အရေးပေါ်အခြေအနေ ကြေညာခဲ့သည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်၊ ၁/၂၀၁၂ ကို ယနေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ယနေ့ ဖတ်စရာ


**၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ အလုပ်အကိုင်နှင့် လုပ်ငန်းအချက်အလက်များ ထုတ်ပြန်**
စာမျက်နှာ » ၃

**အရှေ့တရုတ်ပင်လယ် အငြင်းပွားကျွန်းအနီး ဂျပန်က ရေဒါတပ်စခန်းသစ်ဖွင့်လှစ်**
စာမျက်နှာ » ၄

**သကြၤန်ပိတ်ရက် ခရီးသွားသူများ ယခုနှစ်လည်း ခက်ခဲနေဆဲ**
စာမျက်နှာ » ၁၀


# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား လွှတ်တော်ကအတည်ပြု




**နေပြည်တော် မတ် ၂၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ (ဝဲပုံ) နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၏ အမည်စာရင်းအား အတည်ပြုကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသည့် ပြည်ထောင်စုရွေးကောက်ပွဲ


*စာမျက်နှာ ၇ ကော်လံ ၁* ❐



ယုံကြည်စိတ်ချတည်ဆောက်ကြ ဘိလပ်မြေမှာ ကမ္ဘောဇ

KBZ CEMENT

PORTLAND CEMENT




Manufactured by KBZ Industries Ltd,Myanmar

Distributor : Shwe Myitta Cement & General Trading

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အသက်ရှည်ရာ အနာမဲ့ကြောင်း

လူတိုင်းလူတိုင်း အသက်ရှည်ရှည်နေထိုင်လိုကြသည်။ အသက်ရှည်သော်လည်း အနာရောဂါမရှိနေထိုင်နိုင်မှသာ လူ့ဘဝ နေရသည်မှာ ပျော်မွေ့ဖွယ်ဖြစ်လိမ့်မည်။ လူတိုင်းလူတိုင်း အသက်ရှည်၍ အနာမဲ့စွာနေထိုင်နိုင်ရန် လွန်စွာအရေးကြီးသည်။ လူတို့ ကျန်းမာစွာနေထိုင်ရေးအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရသည် အရေးအကြီးဆုံးဖြစ်ကြောင်း ရှေးရှေးပညာရှိတို့က ဆိုခဲ့လေသည်။

ဤတွင် အသက်ရှည်စွာအနာမဲ့ကြောင်းအတွက် စိတ်သည် အရေးကြီးဆုံးဟု ဆိုရပေလိမ့်မည်။ ကျန်းမာလိုသူတိုင်းသည် ဦးစွာပထမ ကျန်းမာစွာနေထိုင်လိုသော ဆန္ဒ၊ စိတ်ဓာတ် ပြင်းပြဖို့လိုပါသည်။ မိမိသည် ကျန်းမာသက်ရှည်စွာ နေထိုင်နိုင်ရန်အတွက် ကောင်းစွာနေထိုင်မည်၊ ကောင်းစွာစားသောက်မည်၊ ကောင်းစွာသွားလာမည် စသော ဆန္ဒများရှိဖို့ လိုပါသည်။

လူတို့၏ခန္ဓာကိုယ်သည် အသက်အရွယ်ရလာသောအခါ လေးလံထိုင်းမှိုင်းတတ်ပါသည်။ နံနက်စောစော လေ့ကျင့်ခန်း တစ်ခုခုပြုလုပ်သင့်ပါသည်။ မိမိနှစ်သက်ရာ လေ့ကျင့်ခန်းတစ်ခုခု ကို ပြုလုပ်ပေးခြင်းဖြင့် သွေးလည်ပတ်မှုကို အားကောင်းစေ ပါသည်။ ကြွက်သားများလှုပ်ရှားပြီး သန်မာစေနိုင်ပါသည်။ ဤသည်မှာကောင်းစွာ နေထိုင်မှုတစ်ခုပင်ဖြစ်ပါသည်။ လူတို့သည် အသက်အရွယ်ရလာသောအခါ ခန္ဓာကိုယ်ဓာတ်သဘော၏ ဖောက်ပြန်မှုအရ အစားအသောက်များကိုလည်း သတိပြုစားသောက်ရန် လိုအပ်ပေသည်။ မစားသင့်သော အစားအသောက်များကို အလွန်အကျွံစားသုံးမိပါက ရောဂါအခြေအနေမှာ ပို၍ဆိုးနိုင်ပါသည်။

ကျန်းမာသော လူတစ်ယောက်ဖြစ်ရန် အသွားအလာ အအိပ်အနေသည်လည်း အရေးကြီးပါသည်။ အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုပ်ဟူသော စကားရှိပါသည်။ ယခုကဲ့သို့ နွေရာသီကာလအတွင်း အပူရှိန်ပြင်းထန်ချိန်တွင် အသွားအလာသည် သတိပြုရမည့် အချက်တစ်ချက်ဖြစ်ပါသည်။ အအိပ်အနေများလွန်းလျှင် သွေးလေထိုင်းမှိုင်းကာ သွေးတိုး၊ ဆီးချိုဖြစ်ပွားမှုနှုန်းကို တွန်းအားပေးရာ ရောက်ပါသည်။ ယခုအခါ လူအချို့သည် စည်းစိမ်ခံမှုများ များပြားလာပါသည်။ လမ်းလျှောက်သွားနိုင်သည့်ခရီးကို မော်တော်ကား၊ ဆိုင်ကယ်အစရှိသဖြင့် ယာဉ်ယန္တရားများကိုအသုံးပြုနေကြပါသည်။ လမ်းလျှောက်ခြင်းသည် ကျန်းမာရေးကို အထောက်အကူပြုသည်ဆိုသော အချက်ကို မေ့လျော့နေကြပါသည်။ ခေတ်မီ အားကစားပစ္စည်းများ အသုံးချလုပ်နိုင်မှသာ လေ့ကျင့်ခန်းလုပ်သည်ဟု ယူဆနေမှုများသည် မှားယွင်းသော ယူဆချက်များဖြစ်ပါသည်။

သို့ဖြစ်၍ ကျန်းမာရေးကောင်းပြီး အသက်ရှည်ရှည်နေထိုင်လိုကြသူများအနေဖြင့် လေ့ကျင့်ခန်းတစ်ခုခု လုပ်သင့်သည်။ လေ့ကျင့်ခန်းလုပ်သည်ဆိုရာတွင် ရောဂါရှိမှ လုပ်ခြင်းထက် ရောဂါမရှိမီ လုပ်ခြင်းသည် ပို၍ကောင်းပါသည်။ အချို့မှာ အဝလွန်မှု၊ ဆီးချိုသွေးချိုဖြစ်မှ လေ့ကျင့်ခန်းပြုလုပ်ရမည်ကို သတိပြုမိကြသည်။ လေ့ကျင့်ခန်းကို ပုံမှန်လုပ်မည်၊ အစားအသောက် အသွားအလာကိုလည်း သတိပြုဆင်ခြင်မည်ဆိုလျှင် အနာရောဂါကင်း၍ အသက်ရှည်နိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# စိုက်ပျိုးရေးသုတေသနနှင့် ဓာတ်ခွဲပညာရှင်များက တောင်သူလယ်သမားဘဝမြင့်မားရေးကူညီရန်ကြိုးပမ်း

**နေပြည်တော် မတ် ၂၈**

ဌာနအသီးသီးနှင့် ဓာတ်ခွဲခန်းများတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းပညာရှင်များအား နိုင်ငံ၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် ဓာတ်ခွဲခန်းပညာရှင်များသည် မိမိတို့ ကျွမ်းကျင် တတ်မြောက်ထားသော ပညာရပ်များကို တောင်သူလယ်သမားများ လက်ဝယ်သို့ ထိထိရောက်ရောက် အသုံးပြုနိုင်ရေး အတွက် ပညာပေးခြင်း လုပ်ငန်းများအား ယခုထက်ပိုမို၍ တိုးတက်ကြိုးပမ်းလုပ်ဆောင်သွားရန် လိုအပ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် မြို့နယ်ပေါင်း ၃၃၀ ၊ ကျေးရွာပေါင်း ၆၄၀၀၀ ကျော် ရှိသည့်အနက် မြို့နယ်တစ်မြို့နယ်ချင်းစီ၏ မြေနမူနာများကိုရယူ၍ ဓာတ်ခွဲစမ်းသပ်ခြင်းများ ဆောင်ရွက်ပြီး စပါးသီးနှံ အပါအဝင် ဒေသအလိုက် စီးပွားဖြစ် စိုက်ပျိုးကြသော အဓိကသီးနှံအမယ်များ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးတို့အတွက် ဓာတ်ခွဲပညာရပ်ဆိုင်ရာ ကျယ်ပြန့်သော အသိပညာပေးရေး လုပ်ငန်းနှင့် ထိရောက်သော အသုံးချလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အထက် မြန်မာပြည်ဌာနအသီးသီးနှင့် ဓာတ်ခွဲခန်းပညာရှင်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဦးအုန်းသန်းတို့သည် ခေတ်မီအဆင်မြင့် သုတေသန ဓာတ်ခွဲခန်းများနှင့် တာဝန် ထမ်းဆောင်နေကြသော ဓာတ်ခွဲခန်းပညာရှင် ဝန်ထမ်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**



## အထူးကုအမျိုးသမီးဆရာဝန်များ အခမဲ့ဆေးကုသပေး

**ရေစကြို မတ် ၂၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပေါက္ကူကျေးရွာ ဒီပါအေးမြ မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုဏ္ဍိယနှင့် မန္တလေးမြို့ သုခချမ်းသာဆရာတော် ဘဒ္ဒန္တ ပညာသုဒ္ဓတို့၏ အကျိုးဆောင်မှုဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) အမျိုးသမီးအဖွဲ့မှ အထွေထွေရောဂါကု ဆရာဝန်ကြီးများ၊ မျက်စိအထူးကု ဆရာဝန်ကြီးများ၊ သွားဆရာဝန်ကြီးများသည် မတ် ၂၇ ရက် နံနက်က ရေစကြိုမြို့ ခုတင် ၁၀၀ ဆေးရုံ၌ မြွေဆိပ်ဖြေဆေးနှင့် အခြားဆေးဝါးများကို လှူဒါန်းကြသည်။ ဒေသခံပြည်သူ ၃၀၀ ကျော်တို့၏ မျက်စိ၊ သွားနှင့် အထွေထွေရောဂါများကို စမ်းသပ်စစ်ဆေး၍ အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



## သတင်းတိုများ

### မန္တလေး၌ တီဘီဝေဒနာရှင်ပြုစုစောင့်ရှောက်မှုသင်တန်းဖွင့်

မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီး ဌာနနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ပြည်သူလူထုအခြေပြု တီဘီဝေဒနာရှင်များ ပြုစုစောင့်ရှောက်သူသင်တန်းကို မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနတွင် မတ် ၂၄ ရက်နှင့် ၂၅ ရက်တို့က ဖွင့်လှစ် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

### မတူပီမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံဖွင့်

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတရရှိနိုင်စေရန်ရည်ရွယ်၍ မတူပီမြို့နယ် ရမ်တိန်းရွာ(အိုင်ဒပ်) စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲကို မတ် ၂၇ ရက်က ရမ်တိန်းကျေးရွာရှိ စာကြည့်တိုက်တွင် ကျင်းပသည်။ စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ်သိန်း ၂၀ နှင့် ဒေသခံပြည်သူများက ခြောက်သိန်းနီးပါးဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

### အာမခံသိကောင်းစရာများ လားရှိုး၌ ဟောပြော

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးခရိုင်ရုံးမှ ဒေသခံပြည်သူများနှင့် မော်တော်ယာဉ်ပိုင်ရှင်များအား မြန်မာ့အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာဟောပြောပွဲကို မတ် ၂၅ ရက် နံနက်က ကျင်းပသည်။ သူတစ်ပါးထိခိုက်မှုအာမခံ၊ မော်တော်ယာဉ်အာမခံနှင့် ခရီးသွားအာမခံစသည့် အာမခံလုပ်ငန်းအကြောင်းများအား ခရိုင်တာဝန်ခံ ဒေါ်နွယ်နီက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း  ၂၈-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၈၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၃၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၉၁၀၀၀/၉၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၀၀၀၀/၁၀၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၆.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၆.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၅.၇၈ |
| ထိုင်း | တစ်ဘတ် | ၃၄.၃၈၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၁၇၄ |
| တရုတ် | တစ်ယွမ် | ၁၈၆.၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂.၄၉ |

ခင်ရတနာ-စုစည်းသည်။

၂၁-၃-၂၀၁၆ မှ ၂၄-၃-၂၀၁၆ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၄၉၉ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၄၄၅ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့ စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# ရွှေကြာပင်ကျောက်မျက်ရတနာအချောထည်ဈေး၌ ကျောက်မျက်ရတနာရောင်းဝယ်ရေးဌာနနှင့် ကျောက်မျက်ရတနာသင်တန်းကျောင်းဖွင့်လှစ်

**နေပြည်တော် မတ် ၂၈**

ကျောက်မျက်ရတနာ ရောင်းဝယ်ရေးဌာန (Gems Trading Centre) အဆောက်အအုံနှင့် ကျောက်မျက်ရတနာသင်တန်းကျောင်း (Gems Training Centre)အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင် ကျောက်မျက်ရတနာ အချောထည်ဈေးအတွင်းရှိ အဆိုပါ အဆောက်အအုံများ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဦးငွေးအောင်၊ ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးရိုးမူနှင့် ဗဟိုအလုပ်အမှုဆောင်အသင်းဝင်များ တက်ရောက်ဖွင့်လှစ်ပေးကြပြီး**(ယာပုံ)** အဆောက်အအုံများအတွင်းရှိ ကျောက်ဖြတ်စက်၊ ကျောက်သွေးစက်၊ ကျောက်စိမ်းပန်းပုနှင့် ကျောက်စိမ်း ကျောက်မျက်ပန်းထိမ်သင်တန်းများပို့ချရန် စီစဉ်ထားရှိမှုနှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးဌာနအတွင်း ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ယင်းအဆောက်အအုံများကို သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာအရိုင်းများကို အချောထည်နှင့် လက်ဝတ်ရတနာများ ပြုလုပ်၍ ထုတ်လုပ်ရောင်းချနိုင်ရေး၊ ကျောက်စိမ်းကျောက်မျက် အချောထည်ဈေး



ကွက် ပေါ်ပေါက်လာစေရေးနှင့် ကျောက်မျက်ရတနာနှင့် ဆက်စပ်သော အတတ်ပညာရှင်များ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ရည်ရွယ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ကျောက်မျက်ရတနာ ကုန်ကြမ်းပြည့်ဝစွာရှိပါတယ်။ ကုန်ချောလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့အတွက် လိုအပ်နေတဲ့အတွက် ဒီသင်တန်းကျောင်းကိုဖွင့်လှစ်တာ ဖြစ်ပါတယ်။ ဒီကျောင်းမှာ ကျောက်စိမ်းအစစ်၊ အတုကို ဘယ်လိုခွဲခြားတယ်၊ ကျောက်တွေရဲ့အနေအထား ဘယ်လိုရှိတယ်ဆိုတဲ့အပိုင်းတွေကို စာတွေ့နဲ့ လက်တွေ့သင်ကြားပေးမှာ ဖြစ်ပါတယ်။ လက်တွေ့အနေအထားမှာဆိုရင် ကျောက်ကို ဘယ်လိုဖြတ်သလဲ၊ ကျောက်ရဲ့ အနေအထားအပေါ်မူတည်ပြီးတော့မှ ဘယ်လိုဖြတ်ရသလဲ၊ အရည်ကြောဆိုရင် ဘယ်လိုဖမ်းရတယ်၊ ဘယ်လိုသွေးရတယ်ဆိုတဲ့ အခန်းကဏ္ဍတွေကို သင်ကြားပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးရိုးမူက ပြောသည်။

ကျောက်မျက်ရတနာ သင်တန်းကျောင်း၌ သင်တန်းများ အမြန်ဆုံးဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာမူလတန်းမှစ၍ ပညာအရည်အချင်းအလိုက် သင့်တော်သည့် သင်တန်းများအား သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ အလုပ်အကိုင်နှင့် လုပ်ငန်းအချက်အလက်များထုတ်ပြန်

**နေပြည်တော် မတ် ၂၈**

လုပ်သား အမျိုးအစားအလိုက် လူဦးရေ၊ လုပ်သားအင်အားပါဝင်နှုန်း၊ အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုး၊ အလုပ်လက်မဲ့ရာခိုင်နှုန်း၊ အလုပ်အကိုင်၊ လုပ်ငန်း စသည့် အချက်အလက်များကို တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ အသက်အပိုင်းအခြားအလိုက် တွက်ချက်ထားသည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ အလုပ်အကိုင်နှင့် လုပ်ငန်း အချက်အလက်များ ထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ အစီရင်ခံစာများ ထုတ်ပြန်ဆောင်ရွက်ခဲ့မှုနှင့် အလုပ်အကိုင်နှင့် လုပ်ငန်းအစီရင်ခံစာ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်မှု၊ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက် အသုံးပြုသူများသို့ ဖြန့်ဝေဆောင်ရွက်ပေးမှု အခြေအနေများကို အဆိုပါဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ရှင်းလင်းပြောကြားသည်။

အလားတူ မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစဉ်အပေါ် UNFPA မှ ထောက်ပံ့ကူညီဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို UNFPA ဌာနေကိုယ်စားလှယ် မစ္စစ်ဂျနက်အီးဂျက်ဆင်က ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာညီညီနှင့် ဒေါက်တာခိုင်ခိုင်စိုးတို့က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ အလုပ်အကိုင်နှင့် လုပ်ငန်းအချက်အလက်များ ကောက်ယူရရှိမှုရလဒ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်နှင့် အချက်အလက်များ ထုတ်ပြန်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

မြန်မာနိုင်ငံ၌ ပြည်လုံးကျွတ် သန်းခေါင်စာရင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ကောက်ယူခဲ့ကာ ၂၀၁၅ ခုနှစ် မေ ၂၉ ရက်တွင် သန်းခေါင်စာရင်း ပင်မအစီရင်ခံစာကို ထုတ်ပြန်နိုင်ခဲ့သကဲ့သို့ ပြည်ထောင်စု သန်းခေါင်စာရင်းအစီရင်ခံစာ၊ သန်းခေါင်စာရင်းက ညွှန်းဆိုသော မြန်မာ့ပုံရိပ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သန်းခေါင်စာရင်း အစီရင်ခံစာ၊ ပြည်ထောင်စု/ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လူဦးရေကိန်းဂဏန်း အချက်အလက်များ ပါဝင်သည့် လက်ကမ်းစာစောင်များ၊ ခရိုင်အဆင့် လူဦးရေကိန်းဂဏန်း အချက်အလက်များ ပါဝင်သည့် နံရံကပ် စာစောင်များကိုလည်း ထုတ်ပြန်နိုင်ခဲ့ကြောင်း သိရသည်။

သို့သော် အလုပ်အကိုင်နှင့် လုပ်ငန်းဆိုင်ရာ အချက်အလက်များသည် မေးခွန်းပုံစံတွင် လက်ရေးမှုဖြင့် ရေးသွင်းခြင်းမှ ရရှိသော အချက်အလက်များကို ဂဏန်းသင်္ကေတ ပြုစုဆောင်ရွက်ရသည့်အတွက် ပင်မအစီရင်ခံစာထုတ်ပြန်ရာတွင် ထည့်သွင်းထုတ်ပြန်နိုင်ခြင်း မရှိဘဲ ယခုမှသာ ထုတ်ပြန်နိုင်ခြင်း ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ရှိတဲ့နေရာနဲ့ လူစည်ကားတဲ့နေရာတွေကို အဓိကထား ဆောင်ရွက်သွားမယ်။ ဒါ့အပြင် ယာဉ်မတော်တဆမှု လျော့နည်းဖို့အတွက် ယာဉ်မောင်းတွေကို အရက်မူးတိုင်းကိရိယာနဲ့စစ်ဆေးပြီး အရေးယူဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ပြောသည်။

ယင်းသို့ ဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် တစ်ထောင်ခန့်ကို အသုံးပြုသွားမည်ဖြစ်သည်။ ထို့အပြင် မြို့နယ်တပ်ဖွဲ့စုအလိုက် အဖွဲ့ ၁၈ ဖွဲ့ထားရှိပြီး မီးတန်းယာဉ်များကို အသုံးပြု၍ သုံးမြို့နယ်ပေါင်း တစ်ဖွဲ့နှုန်းဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များအလိုက် ယာဉ်မတော်တဆမှု လျော့နည်းစေရန် ထိန်းသိမ်းကြပ်မတ်ပေးခြင်း၊ ယာဉ်ကြောရှင်းလင်းခြင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းခြင်းများကို မီးတန်းယာဉ်များဖြင့် လှည့်လည်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေတုန်းက ကန်တော်ကြီးပတ်လမ်းနဲ့ ကမ္ဘာအေးဘုရားလမ်းမှာ အဓိကထားပြီး ဆောင်ရွက်ခဲ့ရတယ်။ အရက်သေစာသောက်စားထားတဲ့ ယာဉ်မောင်းတွေကိုလည်း စစ်ဆေးအရေးယူခဲ့တယ်။ ဒီနှစ်မှာတော့ မဏ္ဍပ်များပြီး လူစည်ကားတဲ့နေရာတွေနဲ့ ယာဉ်ကြောကျပ်တဲ့နေရာတွေကို အဓိကထားဆောင်ရွက်သွားမယ်။ သင်္ကြန်ကာလမှာ လက်ရှိယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အား ၈၀ ရာခိုင်နှုန်း လောက်အထိ အသုံးပြုပြီး အဖွဲ့အလိုက် အလှည့်ကျအနားပေးစနစ်နဲ့ ဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်"ဟု ဒုတိယရဲမှူးကြီး အောင်ကိုဦးက ဆက်လက်ပြောပြသည်။

သင်္ကြန်ကာလတွင် ယာဉ်ထိန်းတပ်ဖွဲ့ချထားမှုအနေဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ငါးဖွဲ့၊ အနောက်ပိုင်းခရိုင်၌ လေးဖွဲ့၊ တောင်ပိုင်းခရိုင်၌ လေးဖွဲ့၊ မြောက်ပိုင်းခရိုင်၌ သုံးဖွဲ့တို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် အသင့်အနေအထားဖြင့် လိုအပ်သည့်အခါ ဆောင်ရွက်နိုင်ရန် အရန်ထုတ်နုတ်အင်အားတစ်ဖွဲ့ထားရှိသွားမည်ဖြစ်ပြီး မြို့တွင်း၌ လှည့်လည်၍ ယာဉ်ကြောရှင်းလင်းရေးလုပ်ဆောင်နိုင်ရန် ဆိုင်ကယ်လှည့်ကင်း ရှစ်ဖွဲ့ထားရှိသွားမည်ဖြစ်သည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် သင်္ကြန်ရေကစားမဏ္ဍပ် အများစုတည်ရှိရာနေရာတို့တွင် သူနာပြုယာဉ်နှစ်စီး ထားရှိပေးသွားမည်ဖြစ်ပြီး ယာဉ်မတော်တဆမှုများနှင့် စည်းကမ်းမဲ့ ယာဉ်ရပ်နားမှုတို့အတွက် လူစည်ကားသည့် လမ်းဆုံနေရာ ရှစ်နေရာတွင် ကရိန်းယာဉ်တစ်စီးစီကို အသင့်အနေအထားဖြင့် ထားရှိဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် ယာဉ်စည်းကမ်းဖောက်ဖျက်မှုတို့ကို အချက်အချာကျသည့် လမ်းဆုံ၊ လမ်းခွ မီးပွိုင့်နေရာများတွင် တပ်ဆင်ထားသည့် လုံခြုံရေးကင်မရာ (CCTV) များမှတစ်ဆင့် စောင့်ကြည့်မှုများပြုလုပ်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၁၅ ခုနှစ် သင်္ကြန်ကာလဖြစ်သည့် ဧပြီ ၁၃ရက်မှ ၁၆ ရက်အတွင်း ယာဉ်မတော်တဆမှု ရှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရရှိသူ ၆၂ ဦးအထိ ရှိခဲ့သည်။ ထိုသို့ ဖြစ်ပွားမှုများတွင် ယာဉ်မောင်းအား ယာဉ်မတော်တဆမှုအပြင် အရက်သေစာ သောက်စားမောင်းနှင်မှုဖြင့်လည်းအရေးယူခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ ပြီးခဲ့သည့်နှစ်သင်္ကြန်တွင် ကန်တော်ကြီးကန်ပတ်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းအပါအဝင် မဏ္ဍပ်ကြီး ၃၉ ခု၊ မဏ္ဍပ်အလတ် ၁၃ ခု ရှိခဲ့ပြီး ယခုနှစ်တွင် သင်္ကြန်မဏ္ဍပ်ချပေးမှု လျှောထားချက်အနေဖြင့် ကန်တော်ကြီးကန်ပတ်လမ်း၌ မဏ္ဍပ်အကြီးကိုးခု၊ ကမ္ဘာအေးဘုရားလမ်း၌ မဏ္ဍပ်အကြီး ကိုးခုနှင့် ဗဟန်းမြို့နယ် ဆရာစံလမ်း၌ မဏ္ဍပ်အလတ်တစ်ခု၊ စက်မှု(၁)နား၌ မဏ္ဍပ်အလတ်တစ်ခု၊ မရမ်းကုန်းမြို့နယ် ပါရမီလမ်း (မင်းလမ်းမှန့်တီဆိုင်ရှေ့)၌ မဏ္ဍပ်အလတ် သုံးခု ချထားပေးရန် စီစဉ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။




**ရွှေနန်းတော်စိန်ရွှေရတနာဆိုင် Forever Games By ရွှေနန်းတော် Chairman ဒေါက်တာအောင်ကျော်ဝင်း၊ ဒေါက်တာသက်သက်ခိုင် (Managing Director) သမီး သက်ရတနာကျော်ဝင်းမိသားစုက ဒေါက်တာအောင်ကျော်ဝင်း၏ မတ် ၂၀ ရက်တွင် ကျရောက်သည့် ရွှေရတုမွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် ငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်သန်းနှင့် အကျိုးဆောင်စာရင်းစစ် ဦးသိန်းဟန်တို့က လက်ခံရယူစဉ်။** (သတင်းစဉ်)

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် မတ် ၂၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

# အရှေ့တရုတ်ပင်လယ် အငြင်းပွားကျွန်းအနီး ဂျပန်က ရေဒါတပ်စခန်းသစ်ဖွင့်လှစ်



ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ အိုကီနာဝါစီရင်စုရှိ ယိုနာဂူနီကျွန်း တပ်မတော်အခြေစိုက်စခန်းပေါ်တွင် မတ် ၂၈ ရက်က ဖွင့်ပွဲအခမ်းအနားကျင်းပနေစဉ်။

**အိုကီနာဝါ မတ် ၂၈**

တရုတ်နှင့်ဂျပန်တို့ အငြင်းပွားရာ ကျွန်းအုပ်စုအနီး အရှေ့တရုတ်ပင်လယ်၌ ဂျပန်နိုင်ငံက တနင်္လာနေ့တွင် ရေဒါစခန်းတစ်ခုကို ဖွင့်လှစ်လိုက်သည်။ အဆိုပါ ကာကွယ်ရေးရေဒါတပ်စခန်းသစ်သည် အရှေ့တရုတ်ပင်လယ် ဂျပန်ကျွန်းစုအနောက်ပိုင်းယိုနာဂူနီကျွန်းပေါ်၌ တည်ရှိပြီး ဂျပန်အခေါ် သင်ကာကူး၊ တရုတ်အခေါ် ဒိုင်အောယုအငြင်းပွားကျွန်းစု၏ တောင်ဘက်မိုင် ၉၀ အကွာ၌တည်ရှိသည်။

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှား၊ ထိုင်ဝမ်နှင့် ဘရူနိုင်းတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော တောင်တရုတ်ပင်လယ်ကို ၎င်းတို့က အများစုပိုင်ဆိုင်သည်ဟု ပြောဆိုလျက်ရှိသည်။ ဂျပန်နိုင်ငံနှင့်လည်း အရှေ့တရုတ်ပင်လယ်တွင် အငြင်းပွားလျက်ရှိသည်။

အဆိုပါဂျပန်ကျွန်းသည် စတုရန်းမိုင် ၁၁ မိုင်ရှိပြီး လူဦးရေ ၁၅၀၀ ခန့် နေထိုင်လျက်ရှိရာ ကျွဲ၊ နွားများမွေးမြူပြီး ကြံကိုအဓိကစိုက်ပျိုးကြောင်း သိရသည်။ **(ရိုက်တာ)**

# ကဘူးလ်ရှိ အာဖဂန်ပါလီမန်အဆောက်အအုံကို တာလီဘန်တို့က ဒုံးကျည်ဖြင့် တိုက်ခိုက်

**ကဘူးလ် မတ် ၂၈**

တနင်္လာနေ့က ကဘူးလ်အနောက်ဘက်ရှိ အာဖဂန်ပါလီမန်အဆောက်အအုံကို ပစ်မှတ်ထားကာ ဒုံးကျည်တိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ကြောင်း၊ အသေအပျောက် မရှိကြောင်း သက်ဆိုင်ရာအာဏာပိုင်များနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားခဲ့သည်။

မည်သည့်နေရာကပစ်လွှတ်လိုက်သည်ကိုမသိသော ဒုံးကျည်သုံးစင်းသည် နံနက် ၁၀နာရီ ၁၅ မိနစ်လောက်က ပါလီမန်အဆောက်အအုံသစ်သို့ ကျရောက်ခဲ့ကြောင်း၊ တစ်ခုသောဒုံးကျည်မှာ အဆောက်အအုံအား ထိမှန်ခဲ့ကြောင်း၊ ထို့နောက် ကောင်းကင်သို့ မည်းမှောင်နေသော မီးခိုးလုံးကြီးတက်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ မိုဟာမက်ဆာဖာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ယင်းတိုက်ခိုက်မှုကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း ကနဦးစုံစမ်းမှုများအရ သိရသည်။ အောက်လွှတ်တော်အစည်းအဝေး ကျင်းပနေချိန်တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရပြီး တာလီဘန်တို့၏လက်ချက်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အမေရိကန်သမ္မတရွေးကောက်ပွဲရလဒ် ဂျပန်-အမေရိကန်ဆက်ဆံရေးအပေါ် ထိခိုက်မှုမရှိ

**တိုကျို မတ် ၂၈**

အမေရိကန်၏နောင်တက်လာမည့်အစိုးရ မည်သူပင်ဖြစ်စေ ဂျပန်-အမေရိကန်မိတ်ဖက်ဆက်ဆံမှုများသည် ဂျပန်နိုင်ငံ၏ သံတမန်အခန်းကဏ္ဍတွင် သမိုင်းမှတ်တိုင်အဖြစ် ဆက်လက်ကျန်ရှိနေမည်ဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး ယိုရှီဟီဒါဆူဂါက ပြောခဲ့သည်။

အမေရိကန် သမ္မတလောင်းဒေါ်နယ်ထရန့်၏မှတ်ချက်အပေါ် တုံ့ပြန်သောအားဖြင့် ဆူဂါက တနင်္လာနေ့ကပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ထိုသို့မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

နယူးယောက်တိုင်းနှင့် တွေ့ဆုံအင်တာဗျူးခန်းတစ်ခုတွင် ထရန့်က အာရှနိုင်ငံတစ်ခုဖြစ်သော ဂျပန်နိုင်ငံသည် အမေရိကန်တပ်ဖွဲ့များအပေါ် နေရာထိုင်ခင်းနှင့် အစားအသောက်ပိုင်းဆိုင်ရာ ကုန်ကျစရိတ်များအပေါ်



သက်သောင့်သက်သာဖြစ်အောင်မဆောင်ရွက်နိုင်ပါက ၎င်းတို့၏တပ်များကို ဂျပန်နိုင်ငံမှ ပြန်လည်ဆုတ်ခွာသွားရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ထရန့်က ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ကို နျူကလီးယားလက်နက်များတည်ဆောက်ရန် ခွင့်ပြုပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။ သမ္မတလောင်းတစ်ဦးအနေဖြင့် ထိုသို့မှတ်ချက်ပြုခြင်းကို ရှောင်ရှားသင့်ကြောင်း ဆူဂါကပြောခဲ့သည်။ သို့သော်လည်း ဂျပန်-အမေရိကန်မိတ်ဖက်ဆက်ဆံရေးသည် အာရှပစိဖိတ်ဒေသနှင့် ကမ္ဘာကြီးအတွက် အလွန်အရေးပါကြောင်း ၎င်းကပြောခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# ဆီးရီးယားသို့ လူသားချင်းစာနာထောက်ထားသည့်အကူအညီ တန် ၆၀ ရုရှားပေးပို့

**ဒမတ်စကတ် မတ် ၂၈**

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံ Hmeymim လေဆိပ်သို့ လူသားချင်းစာနာထောက်ထားမှုအကူအညီ တန် ၆၀ ပေးပို့ခဲ့ကြောင်း ဆီးရီးယားရှိ ဆန့်ကျင်ဘက်ပါတီများ ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ရုရှားစင်တာက တနင်္ဂနွေနေ့တွင် ပြောခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ယာဉ်တန်းကိုလည်း အကူအညီများ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ဖွဲ့စည်းခဲ့ကြောင်း ၎င်းစင်တာက ပြောခဲ့သည်။ ဆီးရီးယားနိုင်ငံ အနောက်မြောက်ဘက်ရှိ Hmeymim လေဆိပ်သည် ရုရှားလေတပ် အခြေစိုက်စခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေးပူးပေါင်းဆောင်ရွက်မှုတွင် ပူးပေါင်းပါဝင်သော ဆီးရီးယားနိုင်ငံဆိုင်ရာ အမျိုးသားပြန်လည်သင့်မြတ်ရေးဝန်ကြီးဌာနကယင်း လူသားချင်းစာနာနားလည်မှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများကို ဆီးရီးယားနိုင်ငံတွင်းရှိ မြို့ရွာကျေးလက်ဒေသများသို့ ပို့ဆောင်ပေးရန် သဘောတူခဲ့သည်။

ဆီးရီးယားအပစ်အခတ်ရပ်စဲရေး တမန်တော်များဖြစ်သည့် ရုရှားနှင့်အမေရိကန်တို့ ဦးဆောင်ဦးရွက်ပြုခဲ့သော သဘောတူညီချက်သည် ဖေဖော်ဝါရီ ၂၇ ရက်က စတင်အကျိုးသက်ရောက်ခဲ့သော်လည်း ပြိုင်ဘက်အုပ်စုများကြား တိုက်ခိုက်မှုများ ဆက်လက်ပေါ်ပေါက်နေကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ပုံးခွဲမှုစုံစမ်းပေးရန် ဆန္ဒပြသူများအား ဘယ်လ်ဂျီယံရဲတပ်ဖွဲ့ ဖြိုခွင်း

**ဘရပ်ဆဲလ် မတ် ၂၈**

ဘရပ်ဆဲလ်မြို့လယ်၌ တနင်္ဂနွေနေ့တွင် ဗုံးခွဲမှုအပြီး စုံစမ်းပေးရန် တောင်းဆိုနေသောဆန္ဒပြလူအုပ်အား ဘယ်လ်ဂျီယံရဲတပ်ဖွဲ့က အင်အားသုံးဖြိုခွင်းခဲ့သည်။

တာဝန်ရှိသူများက ရဲတပ်ဖွဲ့အား အခြားသောနိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းမှုများပြုလုပ်သွားရန် လိုလားလျက်ရှိသည်။ အီတလီတွင် အယ်လ်ဂျီးရီးယားနိုင်ငံသားတစ်ဦး ဖမ်းမိပြီးနောက် ဂျာမနီနိုင်ငံနှင့် ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နောက်ထပ် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်လာနိုင်ကြောင်း စိုးရိမ်ပူပန်လျက်ရှိသည်။ ရဲအဖွဲ့က ဘယ်လ်ဂျီယံနိုင်ငံအတွင်း ဝင်ရောက်စီးနင်းရှာဖွေမှုများကို ၁၃ ကြိမ် ပြုလုပ်ခဲ့သည်။

ရာပေါင်းများစွာသော ပြည်သူများက ဘရပ်ဆဲလ်လေဆိပ်နှင့် မြေအောက်မီးရထားတိုက်ခိုက်မှုတွင် သေဆုံးသူများကို ထုတ်ဖော်ကြေညာပေးရန် တောင်းဆိုခဲ့ကြသည်။ ယင်းတိုက်ခိုက်မှုတွင် တိုက်ခိုက်သူသုံးဦးအပါအဝင် လူပေါင်း ၃၁ ဦးသေဆုံးခဲ့သည်။

အိုင်အက်စ်တို့က ယင်းတိုက်ခိုက်မှုများသည် ၎င်းတို့လက်ချက်ဖြစ်သည်ဟုဆိုသည်။ ဆန္ဒပြသူအများစုသည် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြရာ အိုင်အက်စ်တို့အားဆန့်ကျင်သော ကြွေးကြော်သံဆိုင်းဘုတ်များကိုင်ဆောင်ကာ မြို့တော်ရင်ပြင်သို့ ချီတက်ဆန္ဒပြခဲ့ကြကြောင်း သိရသည်။ **(ရိုက်တာ)**



အကြမ်းဖက်မှုများကို ဖော်ထုတ်ပေးရန် ဆန္ဒပြသူများက ဘရပ်ဆဲလ် စတော့အိတ်ချိန်းရုံးဟောင်းရှေ့၌ ဆန့်ကျင်ဆန္ဒပြနေစဉ်။

# မော်လမြိုင်မြို့နယ် မြို့နယ်အဆင့် စုပေါင်းရုံးသစ်ဖွင့်ပွဲကျင်းပ

**မော်လမြိုင် မတ် ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပန်းဘဲတန်းရပ်ကွက် ရုံးကြီးလမ်းရှိ ပြည်ထောင်စု အစိုးရရန်ပုံငွေကျပ်သိန်း ၁၅၀၀၀ ဖြင့် အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် ခြောက်ထပ် အဆောက်အအုံ (ခ)တတ်လှေကားပါ) စုပေါင်းရုံးဖွင့်လှစ်ပွဲ အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၉ နာရီက အဆောက်အအုံတည်ရှိသည့် နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းငွေက မြို့နယ်အဆင့် စုပေါင်းရုံးဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အဆင့် စုပေါင်းရုံးအဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများအား တည်ဆောက်ခဲ့သော Hexagon Myanmar Construction Co., Ltd.က မြို့နယ်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး မြို့နယ်စုပေါင်းရုံး အဆောက်အအုံသစ်ကို မွန်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာခင်မောင်သွင်၊ ပြည်နယ် အတွင်းရေးမှူး ဦးဇော်လင်းထွန်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးကျော်ရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆောက်အအုံသစ် ခြောက်ထပ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်အခွန်၊ မြို့နယ်လဝက၊ မြို့နယ်မြေစာရင်း၊ မြို့နယ်လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ မြို့နယ်စိုက်ပျိုးရေး၊ မြို့နယ်ကျေးလက်၊ မြို့နယ်စီမံကိန်း၊ ဗဟိုစာရင်းအင်းနှင့် OSS ရုံးတစ်ရုံး စုစုပေါင်း ရုံး ၁၁ ရုံး ထားရှိမည့်အခန်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း အသင်းဝင်ကတ်ပြားများပေးအပ်

**ကျိုင်းတုံ မတ် ၂၈**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း ရှမ်းပြည်နယ်အရှေ့ပိုင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကျိုင်းတုံမြို့ တွဲဖက်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၈ ရက်က ကျင်းပရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ရှမ်းပြည်နယ်အရှေ့ပိုင်း ဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်(မောင်ယဉ်ကျေး)က အမှာစကားပြောကြားပြီး အသင်းဝင်ကတ်ပြားများ ပေးအပ်သည်။

ထို့နောက် ထက်တိုင်းကျော်(ရွှေတြိဂံဒေသ၊သတင်းလွှာ)၊ ဦးအေးမောင်(ခရိုင်ပြန်/ဆက်)၊ မြင့်မိုရ်(တာချီလိတ်)၊ မောင်မောင်နိုင်(ကျိုင်းတုံ)တို့က အသင်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြရာ ဦးမောင်ကြည်(ပြည်နယ်ပြန်/ဆက်)၊ ဝေယံလင်း၊ ကိုဇော်း(တာချီလိတ်သတင်းအေဂျင်စီ)တို့က ပြန်လည်ဆွေးနွေးပြီး မောင်ယဉ်ကျေးက ဖြည့်စွက်ရှင်းလင်းသည်။ ယင်းနောက် သတင်းစာဆရာများသည် ကျိုင်းတုံ(ကိုယ်ပွား) သတင်းစာတိုက်သို့ **(အောက်ပုံ)** သွားရောက်လေ့လာကြရာ တာဝန်ခံအရာရှိ ဦးသန်းလင်းဦးက ကွန်ပျူတာခန်း၊ ဖလင်ခန်း၊ ပလိတ်ခန်း၊ စက်ခန်းနှင့် ကြော်ငြာခန်းတို့၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြသသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

# ညောင်ပင်သာကျေးရွာ မီးဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**မကွေး မတ် ၂၈**

မကွေးမြို့ ကန်သာကြီးကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာသည် မီးလောင်ကျွမ်းခဲ့ရာ မီးဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မတ် ၂၇ ရက်က ကျင်းပခဲ့သည်။

ညောင်ပင်သာကျေးရွာရှိ မီးဘေးသင့်ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်း ၁၉၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၀ ကို ပေးအပ်ခဲ့သည်။ အဆိုပါ ပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူးတို့က မီးဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# ပြင်ဦးလွင်ရထားလုံး ပျောက်ကွယ်ရန်မရှိသော်လည်း မောင်းနှင်မည့်မျိုးဆက်သစ်ရှားပါးလာ

**ပြင်ဦးလွင် မတ် ၂၈**

ပြင်ဦးလွင်မြို့၏ အမှတ်တရ သင်္ကေတအဖြစ် နှစ်ပေါင်း ၁၀၀ ကျော်လာသည့်တိုင် လူသိများ ထင်ပေါ်ကျော်ကြားနေသည့် ရထားလုံးများ ခေတ်ကာလတိုးတက်ပြောင်းလဲလာသော်လည်း မှေးမှိန်ပျောက်ကွယ်သွားရန် မဖြစ်နိုင်သေးဘဲ ဆက်လက်မောင်းနှင်ကြမည့် မျိုးဆက်သစ် ရှားပါးလျက်ရှိနေကြောင်း သိရသည်။

အင်္ဂလန်နိုင်ငံထုတ် ပြင်ဦးလွင်ရထားလုံးများသည် မော်လမြိုင်မြို့၊ ရန်ကုန်မြို့တို့မှတစ်ဆင့် ပြင်ဦးလွင်မြို့သို့ ရောက်ရှိလာခဲ့ပြီး ပြင်ဦးလွင်မြို့၏ တစ်ခုတည်းသော ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေး မြို့တွင်းအနေးယာဉ်အဖြစ် အချိန်ကြာမြင့်စွာ တည်ရှိနေခဲ့သည်။

ခေတ်ကာလ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မြို့တွင်းခရီးသည် သယ်ယူပို့ဆောင်ရေးတွင် နှစ်ဘီးနှင့် သုံးဘီးဆိုင်ကယ်များ ဝင်ရောက်နေရာယူခဲ့ကြသော်လည်း မြို့၏သင်္ကေတတစ်ခုဖြစ်သည့် ရထားလုံးများကို လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသည်များနှင့် အခြားသောမြို့ရွာများမှ ဧည့်သည်များ စိတ်ဝင်တစား ငှားရမ်းစီးနင်းလျက်ရှိနေသဖြင့် ပြင်ဦးလွင်ရထားလုံးလုပ်ငန်းရှင်များမှာ ယနေ့အချိန်အထိ အဆင်ပြေစွာ ရပ်တည်နေနိုင်လျက်ရှိကြောင်း သိရသည်။

သို့သော်လည်း ရထားလုံးမောင်းနှင်ခြင်းလုပ်ငန်းကို ယခုအခါ အသက်အရွယ်ကြီးရင့်သူများသာ အများအားဖြင့် မောင်းနှင်နေရပြီး နောင်တစ်ချိန်တွင် မောင်းနှင်ကြမည့် မျိုးဆက်သစ်များနှင့်စပ်လျဉ်း၍ အသက် ၆၀ အရွယ်ရှိ ရထားလုံးမောင်းနှင်နေသူတစ်ဦးက "ကျွန်တော်ဒီရထားလုံးမြင်းယာဉ်ကို ကျွန်တော့်အဖေလက်ထက်ကတည်းက မောင်းလာတာပါ။ အရင်တုန်းကတော့ အဖေကိုယ်တိုင်မောင်းတယ်။ အဖေအသက်ကြီးလာတော့ ကျွန်တော်ဆက်မောင်းလာခဲ့တာ အခုဆိုနှစ် ၃၀ လောက်ရှိနေပါပြီ။ ဒါပေမယ့် ကျွန်တော်အသက်ကြီးလာလို့ မမောင်းနိုင်တော့ရင် အိမ်မှာ ဒီလှည်းကို မောင်းမယ့်သူ မရှိတော့ဘူး။ ကျွန်တော့်မှာ သားသုံးယောက်ရှိပေမယ့် သူတို့က စိတ်မဝင်စားကြဘူး။ ဆိုင်ကယ်ကယ်ရီတွေကိုပဲ မောင်းနေကြတယ်။ ကျွန်တော့်လိုပဲ အသက်ကြီးလာရင် နောက်ထပ်ဆက်မောင်းပေးကြမယ့်သူ မရှိတော့လို့ လုပ်ငန်းရပ်ရမယ့်လှည်းတွေ အများကြီးရှိနေပါတယ်"ဟု ပြောသည်။

ယခင်က ပြင်ဦးလွင်မြို့၌ ရထားလုံးအစီးရေ ၃၀၀ ကျော်ရှိခဲ့သော်လည်း ယခုအခါ ၁၅၀ ဝန်းကျင်သာ ကျန်ရှိပြီး ငှားရမ်းသုံးစွဲသူများ ရှိနေသေးကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



## နိုင်ငံတကာသတင်း

# ဗြိတိန်၌ အင်အားပြင်းမုန်တိုင်းတစ်ခုတိုက်ခတ်၊ လေယာဉ်ခရီးစဉ်ပေါင်း ၈၀ ကျော်ဖျက်သိမ်း

ဂျေတီ



မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲသွားသော သစ်ပင်ကြီးကို တွေ့ရစဉ်။

**လန်ဒန် မတ် ၂၈**

ဗြိတိန်နိုင်ငံတောင်ပိုင်း၌ Katie အမည်ရှိ အင်အားပြင်းမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့ရာ အင်္ဂလန်နှင့် ဝေလပြည်နယ်တို့တွင် တစ်နာရီလျှင် ၁၆၈ ကီလိုမီတာနှုန်းဖြင့် လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်စေခဲ့ပြီး လေဒဏ်နှင့် မိုးဒဏ်ကြောင့် ဒေသတွင်းရှိပို့ဆောင်ဆက်သွယ်ရေး ကွန်ရက်အများအပြားကို နှောင့်ယှက်ဟန့်တားကာ လေယာဉ်ခရီးစဉ် ၈၀ကျော်၏ အစီအစဉ်ကို ပြောင်းလဲ သို့မဟုတ် ဖျက်သိမ်းခဲ့ရပြီး ဒေသတွင်းရှိ အဓိကလမ်း၊ တံတားများကိုပါ ပိတ်ခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ယနေ့ ရေးသားဖော်ပြထားသည်။

အဆိုပါ မုန်တိုင်းဒဏ်ကြောင့် လန်ဒန်မြို့၏ ဒုတိယအကြီးဆုံး နိုင်ငံတကာလေဆိပ်ဖြစ်သည့် ဂက်တ်ဝိခ်လေဆိပ်သို့ ဦးတည်ထွက်ခွာရန် စီစဉ်ထားသည့် လေယာဉ်ခရီးစဉ် ၂၀ ကျော်ကို ဖျက်သိမ်းလိုက်ကြောင်း၊ အလားတူပင် လန်ဒန်၏ အဓိကနိုင်ငံတကာ လေဆိပ်ဖြစ်သည့် ဟီးသရိုး လေဆိပ်သည်လည်း လေယာဉ်ခရီးစဉ်ပေါင်း ၆၀ ကျော်ကို ဖျက်သိမ်းလိုက်ကြောင်း ဘီဘီစီ၏ဖော်ပြချက်အရ သိရသည်။ မုန်တိုင်းနှင့် ပတ်သက်ပြီး လန်ဒန် အမျိုးသားမိုးလေဝသနှင့် ဇလဗေဒဌာနက လန်ဒန်နှင့် အင်္ဂလန်အရှေ့တောင်ဘက် ဒေသများတွင် မုန်တိုင်းဆိုင်ရာ ပယင်းရောင်အဆင့် သတိပေးချက်တစ်ခု ထုတ်ပြန်ထားကြောင်းသိရသည်။

ဗြိတိန်မိုးလေဝသဌာနအနေဖြင့် မုန်တိုင်းဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ရာတွင် ပယင်းရောင်အဆင့် သတိပေးချက်ကို ယင်း၏မုန်တိုင်းသတိပေးချက်စနစ် သတ်မှတ်ချက်လေးခုရှိသည့်အနက် ဒုတိယအပြင်းထန်ဆုံး မုန်တိုင်းများတွင် အသုံးပြုလေ့ရှိကြောင်း သိရသည်။

ထို့အပြင် မုန်တိုင်းဒဏ်ကြောင့် အိမ်ခြေပေါင်း ၂၀၀၀ ကျော်မှာ လျှပ်စစ်မီးပြတ်တောက်မှုနှင့် ကြုံတွေ့လျက်ရှိပြီး ရေကြီးရေလျှံမှုဆိုင်ရာ သတိပေးချက်များကိုလည်း ထုတ်ပြန်ထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (၁၉)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့်လက်ရာများ ဖိတ်ခေါ်ပါသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
- (က) မူးယစ်ကင်းစင် ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးကြီးပမ်းစို့ LET'S DEVELOP OUR LIVES OUR COMMUNITIES OUR IDENTITIES WITHOUT DRUGS
- (ခ) စီးပွားကျန်းမာလူမှုဘဝ မူးယစ်ရှောင်မှ အလွန်လှပ
- (ဂ) တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့
- (ဃ) လူတိုင်းကိုယ်စီ ရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း
- (င) ရေရှည်တည်တံ့ဖွံ့ဖြိုးရေး မူးယစ်ဆေးကို ရှောင်ပါမနေး

(၂) **ဝတ္ထုတိုနှင့် ဆောင်းပါး**စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း နှစ်စောင်ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်ရမည်။

(၃) **ကဗျာ**စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့်မိတ္တူပေါင်းနှစ်စောင် ပေးပို့ ရမည်။ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀၊ (ပါဒ ၁၀၀ မှ ၂၀၀) အတွင်းရှိရမည်။

(၄) **တေးသီချင်း**သည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ်ထိရောက်ရမည်။ အပြီးသတ် အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းတစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။

(၅) **ဓာတ်ပုံ**သည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် Monochrome ဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့်လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး (၃) ပုံမှ (၅)ပုံအထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါပုံငယ်များ၏ Original Files များနှင့် 12" × 18" အရွယ် ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။

(၆) **ကွန်ပျူတာပိုစတာ**သည် ခေါင်းစဉ်နှင့်ရေးဆွဲမှုထိရောက် သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား 7" × 9" အရွယ် A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူပေးပို့ ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသော ပုံများအား ကူးယူရေးဆွဲခြင်း မပြုရ။

(၇) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ**ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ (၃)ဆင့်ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့်(၃/၄တန်း)၊ အလယ်တန်းအဆင့်(၅/၆/၇တန်း)နှင့် အထက်တန်းအဆင့် (၈/၉/၁၀တန်း) ဖြစ်ပါသည်။ ရေးဆွဲမည့်စက္ကူယူလာရန်မလိုပါ။ 15" × 20" အရွယ် ရေးဆွဲရမည်။ ခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန်(၃)နာရီ၊ ကာတွန်းရေးဆွဲချိန် (၂)နာရီသတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၈) **ကွန်ပျူတာပန်းချီ**ပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (၅/၆/၇ တန်း) နှင့်အထက်တန်းအဆင့် (၈/၉/၁၀တန်း) ဖြစ်ပါသည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံ မပါစေရ။ ခေါင်းစဉ်နှင့် ရေးဆွဲမှုဆီလျော်ရမည်။ Software Programme ကို Corel draw, Photoshop, Clarisoffice ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် (၃) နာရီသတ်မှတ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A4 Size စက္ကူနှင့်ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် Jpeg format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသော ပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၉) **ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ**ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ **တေးသီချင်း**ပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုဒ်၊ **ကွန်ပျူတာပိုစတာ**ပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ၊ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၀) **ဓာတ်ပုံ**ပြိုင်ပွဲဝင်တစ်ဦးလျှင် 12" × 18" အရွယ် Photo Essay (၄)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ၅ ကြောင်းခန့် ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆု နှစ်ဆုခံစားခွင့်ရှိသည်။

(၁၁) **ပန်းချီ၊ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ** ပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ပြည်နယ်များမှ သင့်လျော်သည့်နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၂) ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက် ပူးတွဲပေးပို့ရမည်။

(၁၃) ပြိုင်ပွဲဝင် စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းအမှတ်မှာ ၀၁-၅၀၅၂၆၁ ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| (က) တေးသီချင်း | ၄-၅-၂၀၁၆ |
| (ခ) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၁၃-၅-၂၀၁၆ |
| (ဂ) ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ | ၃-၆-၂၀၁၆ |
| (ဃ) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ | ၈-၆-၂၀၁၆ |

(၁၅) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့်အထူးဆုသုံးဆု ရွေးချယ်မည်ဖြစ်ပြီးသက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အလွတ်တန်းပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူအားလုံးက တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**

# (၇၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ကျေးလက်အိမ်ရာ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ပေါက်ခေါင်း မတ် ၂၈**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ပေါက်ခေါင်းမြို့နယ် ဗောဓိကုန်းကျေးရွာအုပ်စု ဒန်းဒေါင့်ကျေးရွာ၌ အောင်ခေတ္တရာကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ဆောင်ရွက်ခဲ့သော ကျေးလက်အိမ်ရာများအား ပြည်သူများထံသို့ လွှဲပြောင်းအပ်နှံပေးအပ်ပွဲကို မတ် ၂၆ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့် ဦးသက်မင်းဇော်၊ ပြည်ခရိုင် ကျေးလက်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်လူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်၊ အောင်ခေတ္တရာကုမ္ပဏီမှ ဒါရိုက်တာ ဦးခင်ဇော်သောင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာပြည်သူများထံ ကျေးလက်အိမ်ရာများ လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။ ပေါက်ခေါင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ရန်ပုံငွေဖြင့် အရှေ့ကြို့ကုန်းအုပ်စု ကျေးရွာများ၌ ကျေးလက်အိမ်ရာ ငါးလုံးနှင့် ယခုဗောဓိကုန်းအုပ်စု ဒန်းဒေါင့်ကျေးရွာ၌ ကျေးလက်အိမ်ရာ ငါးလုံး စုစုပေါင်း ကျေးလက်အိမ်ရာ ၁၀ လုံးကို ကျေးရွာနေပြည်သူများထံသို့ စနစ်တကျအပ်နှံပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက မြင်းခြံမြို့နယ်၌ ကျေးရွာငါးရွာအား လျှပ်စစ်မီးဖွင့်ပေး

နေပြည်တော် မတ် ၂၈

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗလုံ၊ ကန်ဆင့်(တ)၊ ကန်ဆင့်(မ)၊ ဖုံရွာနှင့် တောင်ရှေ့ကျေးရွာငါးရွာတို့၌ လျှပ်စစ်မီးလင်း ရေးဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက်က မြင်းခြံမြို့နယ် ဗလုံကျေးရွာ မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇံက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကန်ချွန်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လင်းမြတ်ပြည်စုံ အောင်ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်ပြီး ကျေးရွာငါးရွာ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေရေးအတွက် ကျေးလက်လမ်း တံတား၊ ရေပေးဝေရေး၊ ဆိုလာနှင့်လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကျေးလက်အိမ်ရာဆောက်လုပ်ခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စုစုပေါင်း ၈၇၂ ဒသမ ၂၈ သန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စုစုပေါင်း ၁၀၁၂ ဒသမ ၆၇ သန်းဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ခရိုင်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ လျှပ်စစ်မီး ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် ကျေးရွာငါးရွာမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြို့သစ်မြို့နယ် အောင်ချမ်းသာကျေးရွာ၌ သောက်သုံးရေလှူဒါန်း

**မြို့သစ် မတ် ၂၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာမှ ဒေသခံပြည်သူ ၄၅၅ ဦးကို မြို့သစ်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အဖွဲ့သည် မီးသတ်ဦးစီးဌာနမှ ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ သုံးခေါက် ကျေးလက်ဦးစီးဌာနမှ မော်တော်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၅၀၀ ကို မတ် ၂၈ ရက် နံနက် ၉ နာရီက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**



❒ ရှေ့ဖုံးမှ

ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းအား ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(ခ)ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိကြောင်းကို မတ်လ ၂၆ ရက် နောက်ဆုံးထားကန့်ကွက်ရန် ကြေညာခဲ့သော်လည်း ကန့်ကွက်ခြင်း မရှိသည့်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင်များ အဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်နှင့် ဦးလှတင့် စုစုပေါင်း ငါးဦးဖြင့် ဖွဲ့စည်းခြင်းကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယက က နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက တင်ပြထားသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၏ အမည် စာရင်းကို ၂၀၀၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃ ပါ သတ်မှတ်ထားသည့် အရည်အချင်း များနှင့် ပြည့်စုံခြင်းမရှိကြောင်းကို မတ်လ ၂၅ ရက် နောက်ဆုံးထား ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့ရာ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦးက ခုံရုံးအဖွဲ့ဝင် ကိုးဦး အနက် ဒေါ်ခင်ဌေးကြွယ်နှင့် ဦးတွာလ်ကျင်ပေါင်တို့ကို ခန့်အပ် တာဝန်ပေးရန် လျာထားမှုအပေါ် ကန့်ကွက်ကြောင်း အဆိုတင်သွင်း ထားကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်း ပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ကိုးဦးအနက် ဒေါ်ခင်ဌေးကြွယ်နှင့် ဦးတွာလ်ကျင်ပေါင်တို့ကို ခန့်အပ် တာဝန်ပေးရန် လျာထားမှုအပေါ် ကန့်ကွက်ကြောင်း အဆိုကို တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦးက ဖတ်ကြားတင်သွင်း သည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်နာယကနှင့် ပြည်သူ့လွှတ် တော်ဥက္ကဋ္ဌတို့က ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၃၃ (ဃ)(၄)တွင် **ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်း ရှိသော ပညာရှင်အဖြစ် နိုင်ငံတော် သမ္မတကယူဆသူ**ဟူသည့် အချက် တစ်ချက်ပါဝင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက ထင်ပေါ် ကျော်ကြားသူအဖြစ် ယူဆသည့် အတွက် ခုံရုံးအဖွဲ့ဝင်များကို ရွေးချယ် ပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၂၈ တွင် **နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး အဖွဲ့ဝင်၏ အရည်အချင်းနှင့် မပြည့် စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံ တော်သမ္မတက စုစည်းအမည်စာရင်း တင်သွင်းသည့် ပုဂ္ဂိုလ်များအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ် တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ** ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အဆို တင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃ (ဃ)(၄)သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ မှ ရွေးချယ်တင်မြှောက်သူများနှင့် မသက်ဆိုင်ကြောင်းကို ပြောကြားခဲ့ပါ ကြောင်း၊ သို့ရာတွင် ယခုခုံရုံးအဖွဲ့ဝင် ကိုးဦးကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

တင်သွင်းရခြင်းဖြစ်ပြီး လွှတ်တော် ဥက္ကဋ္ဌနှစ်ဦးမှ ရွေးချယ်ပေးရခြင်း ဖြစ်ပါကြောင်း။

လွှတ်တော်ဥက္ကဋ္ဌများမှ ရွေးချယ် ပေးသူများကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အတည်ပြုစုစည်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃ (ဃ)(၄)သည် ခုံရုံးအဖွဲ့ဝင်များအဖြစ် ရွေးချယ်ထားသူ ကိုးဦးစလုံးနှင့် သက်ဆိုင်ပါကြောင်း၊ ထို့ကြောင့် ကန့်ကွက်ချက်သည် ခိုင်မာမှုမရှိပါ ကြောင်း၊ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၀၊ ၂၇(ခ)ပါ ကြေညာချက်အရ **ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်သည် ကန့် ကွက်ကြောင်းအဆိုကို နာယကထံ တင်သွင်းရမည်၊ ယင်းအဆိုနှင့်အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ် ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသော သက်သေအထောက်အထား ပူးတွဲ တင်ပြရမည်**ဟု ဖော်ပြထားပါကြောင်း၊ ယခုအဆိုတွင် ခိုင်လုံသောသက်သေ အထောက်အထား တင်ပြထားခြင်း မရှိပါကြောင်း၊ ထို့ကြောင့် အဆိုကို နာယကအနေဖြင့် ပယ်ဖျက်နိုင်သော် လည်း အဆိုရှင်၏ တင်ပြချက်ပါ ပွင့်လင်းမြင်သာမှုရှိအောင် မဲခွဲ ဆုံးဖြတ်ရန် ရည်ရွယ်ထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦး ၏ ခုံရုံးအဖွဲ့ဝင် ကိုးဦးအနက်မှ ဒေါ်ခင်ဌေးကြွယ်အား ကန့်ကွက် ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၌ မဲခွဲဆုံးဖြတ် ရာ ထောက်ခံမဲ ၁၉၅ မဲ၊ ကန့်ကွက်မဲ ၄၃၅ မဲ၊ ကြားနေမဲလေးမဲရရှိပြီး ကန့်ကွက်မဲများသည့်အတွက် အဆို ကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ဦးတွာလ်ကျင်ပေါင် အား ကန့်ကွက်ကြောင်း အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၉၆ မဲ၊ ကန့်ကွက်မဲ ၄၃၂ မဲ၊ ကြားနေမဲ ငါးမဲရရှိပြီး ကန့်ကွက်မဲများသည့်အတွက် အဆို ကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက က နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံ ထားရသူက အဆိုပြုတင်ပြထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် ဦးမျိုးညွန့်၊ အဖွဲ့ဝင်များအဖြစ် ဦးညီညီ၊ ဦးမြင့်ဝင်း၊ ဦးမျိုးမြင့်၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေး ကြွယ်၊ ဦးတွာလ်ကျင်ပေါင်၊ ဒေါ်လှမျိုး နွယ်နှင့် ဦးကျော်ဆန်း စုစုပေါင်း ကိုးဦးဖြင့် ဖွဲ့စည်းခြင်းကို လွှတ်တော် ကသဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို မတ် ၃၀ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပ သွားရန် လျာထားကြောင်း သိရ သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်က သဘောတူခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အမည်စာရင်း**

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးလှသိန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်မြင့် | အဖွဲ့ဝင် |
| ၃။ | ဦးစိုးရယ် | ॥ |
| ၄။ | ဦးထွန်းခင် | ॥ |
| ၅။ | ဦးလှတင့် | ॥ |

**နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်က သဘောတူခဲ့သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအမည်စာရင်း**

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးမျိုးညွန့် | ဥက္ကဋ္ဌ |
| ၂။ | ဦးညီညီ | အဖွဲ့ဝင် |
| ၃။ | ဦးမြင့်ဝင်း | ॥ |
| ၄။ | ဦးမျိုးမြင့် | ॥ |
| ၅။ | ဦးခင်မောင်ချို | ॥ |
| ၆။ | ဒေါ်ခင်ဌေးကြွယ် | ॥ |
| ၇။ | ဦးတွာလ်ကျင်ပေါင် | ॥ |
| ၈။ | ဒေါ်လှမျိုးနွယ် | ॥ |
| ၉။ | ဦးကျော်ဆန်း | ॥ |

# ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့) ကျင်းပ

**မန္တလေး မတ် ၂၈**

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်း အဝေး(ဆဋ္ဌမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင် ကျော်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၅၂ ဦး၊ ရှမ်းတိုင်းရင်းသားကိုယ်စားလှယ် တစ်ဦး၊ တပ်မတော် သားကိုယ်စားလှယ် ၁၈ ဦး စုစုပေါင်း ၇၃ ဦး တက်ရောက်၍ ခွင့်ပန်ကြားသူ သုံးဦးရှိသဖြင့် ၉၆ ဒသမ ၀၅ ရာခိုင်နှုန်းတက်ရောက်သည်။

ရှေးဦးစွာ အစည်းအဝေးမတက်ရောက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားခြင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပေးနိုင်ရေး နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုထား သော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏အမည်စာရင်းကို လွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။ ဆက်လက်၍ တိုင်းဒေသ ကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကော်မတီများအတည်ပြုရေးနှင့်စပ်လျဉ်း ၍ ရှင်းလင်းပြောကြားသည်။

“လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့်စည်ပင်သာယာရေးကော်မတီ”၊ “စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးကော်မတီ”၊ “သာသနာရေး၊ လူမှုရေးနှင့် ယဉ်ကျေး မှုဆိုင်ရာကော်မတီ ” စသည့်ကော်မတီများတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည် စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလွှတ်တော် ၏ အတည်ပြုချက်ရယူခြင်းနှင့် ကော်မတီဖွဲ့စည်းကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကော်မတီများ ဖွဲ့စည်းရန်လျာထားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

“စက်မှုစွမ်းအင်နှင့်လျှပ်စစ်ရေးရာကော်မတီ”၊ “ပို့ဆောင်ရေး၊ ဆက်သွယ် ရေး၊ ဆောက်လုပ်ရေးကော်မတီ” စသည့်ကော်မတီများတွင် ဖွဲ့စည်းရန်လျာ ထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြခြင်း၊ ကော်မတီများ ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ က ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်ရပ်နားပြီး သတ္တမနေ့အစည်း အဝေးကို မတ် ၂၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ် ကြောင်း သိရသည်။

ယနေ့ ကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့ အိုင်ပေ့စ် မန္တလေးသင်တန်းမှ ဦးဝင်းမြင့်ဦးပါ သင်တန်းသား သင်တန်းသူ ၂၈ ဦး လာရောက်လေ့လာခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဘားအံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထွေးမြင့်အား ခန့်အပ်

**ဘားအံ မတ် ၂၈**

ဒုတိယအကြိမ် ကရင်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို မတ် ၂၈ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ် လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း ၂၃ ဦးအနက် ပျက်ကွက်မရှိ ကိုယ်စား လှယ်အားလုံး တက်ရောက်ခဲ့ကြ သည်။

အစည်းအဝေးတွင် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ဘားအံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင် ထွေးမြင့်ကို ကရင်ပြည်နယ်ဝန်ကြီး ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ် နိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)အရ အဆို ပြုချက်အား ပြည်နယ်လွှတ်တော် သို့ဖတ်ကြားတင်ပြ၍ အဆုံးအဖြတ် ရယူရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက် မှုမရှိသဖြင့် ဒေါ်နန်းခင်ထွေးမြင့် ဘားအံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)အား ခန့်အပ်တာဝန်ပေး ရန် ပြည်နယ်လွှတ်တော်က သဘော တူကြောင်း ကြေညာခဲ့ပြီး အစည်း အဝေးတတိယနေ့ကို ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရ သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပပုံ လာရောက်လေ့လာ

**နေပြည်တော် မတ် ၂၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့ကျင်းပနေမှုများကို ပြည်ထောင်စုဝန်ကြီးများအဖြစ် အမည်စာရင်း တင်သွင်းထားသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာမဲဆန္ဒနယ်မှ ပြည်သူ ၁၉၆ ဦး၊ မန္တလေးတက္ကသိုလ်မဟာဘွဲ့ MPA သင်တန်းသား သင်တန်းသူ ၄၄ ဦး၊ ရန်ကုန်တက္ကသိုလ် ဥပဒေပညာ ဌာနနှင့် နိုင်ငံတကာဆက်ဆံရေးဌာနမှ ဘွဲ့ကြိုကျောင်းသား ကျောင်းသူ ၄၉ ဦး၊ ဆွစ်ဇာလန်နိုင်ငံသား လေးဦးနှင့်ဩစတြေးလျနိုင်ငံသား တစ်ဦးတို့ သည် လေ့လာသူအဖြစ် တက်ရောက်၍ လွှတ်တော်အဆောက်အအုံများ အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ဒုတိယလွှတ်တော်သက်တမ်း ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာသူဦးရေမှာ ယနေ့အထိ ၂၁၃၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ယနေ့ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ တို့တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။ ဖြစ်နိုင်ဖွယ်အမြင့်ဆုံးအပူချိန်မှာ ရန်ကုန်မြို့တွင် ၃၈ ဒီဂရီ စင်တီဂရိတ်၊ နေပြည်တော်တွင် ၃၉ ဒီဂရီစင်တီဂရိတ်နှင့် မန္တလေးမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ဖြစ်နိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။ **(မြန်မာ့အလင်း)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန် (၅)နှစ်တာကာလ ကဏ္ဍအလိုက်ဆောင်ရွက်ချက်များ ဓာတ်ပုံမှတ်တမ်းစာအုပ် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိ

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်၏ (၅) နှစ်တာကာလအတွင်း ကဏ္ဍအလိုက်ဆောင်ရွက်ချက်များ ဓာတ်ပုံမှတ်တမ်းစာအုပ်ထွက်ရှိလာသည်။ **(ယာပုံ)**

အဆိုပါစာအုပ်တွင် နိုင်ငံတော်သမ္မတ ကတိသစ္စာပြုခြင်း၊ အုပ်ချုပ်ရေးကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍတွင် (က)နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ချက်များ (ခ) နိုင်ငံတော်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ စီးပွားရေးကဏ္ဍတွင် (က) ရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးကဏ္ဍတိုးတက်စေရန် ဆောင်ရွက်ချက်များ (ခ) အထူးစီးပွားရေးဇုန်စီမံကိန်းများ (ဂ) လူမှုစီးပွားဆောင်ရွက်ချက်များ၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် (က)နိုင်ငံတကာကအပ်နှင်းချီးမြှင့်ခဲ့သော ဘွဲ့ထူး၊ ဂုဏ်ထူးများ(ခ) ပြည်ပနိုင်ငံများသို့သွားရောက်ခဲ့သည့် ခရီးစဉ်များ(ဂ) ပြည်ပနိုင်ငံများမှ လာရောက်တွေ့ဆုံမှုများ၊ အာဆီယံရေးရာဆောင်ရွက်မှုများကဏ္ဍတွင်(က) အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခြင်း(ခ) အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ခြင်းတို့ပါရှိပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကိုလည်း ကဏ္ဍစုံမှ ဓာတ်ပုံမှတ်တမ်းများနှင့် ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀၀ ဖြင့် တ-၅၅ သပြေကုန်း စာပေဗိမာန်အရောင်းဆိုင်(နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၆၈၁၊ အမှတ်-၅၂၉-၅၃၁ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့် စာပေဗိမာန်အရောင်းဆိုင် (ရန်ကုန်) ဖုန်း-၀၁-၂၄၉၀၃၁၊ ၈၆ လမ်း-၂၁ လမ်းနှင့် ၂၂ လမ်းကြား အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် စာပေဗိမာန်အရောင်းဆိုင်(မန္တလေး) ဖုန်း-၀၂-၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**






# ကျွန်တော်နှင့် ဘဏ္ဍာရေးပုံရိပ်လွှာ စာအုပ်ထွက်ရှိ

**နေပြည်တော် မတ် ၂၈**


လှထွန်း(စကားဝါမြေ) ရေးသားသော "ကျွန်တော်နှင့် ဘဏ္ဍာရေးပုံရိပ်လွှာ" စာအုပ်ထွက်ရှိလာသည်။

၄င်း၏ငယ်စဉ် ဘဝအတွေ့အကြုံနှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်က တွေ့ကြုံခဲ့ရသော ဘဏ္ဍာရေးနှင့်ငွေရေး ကြေးရေးကဏ္ဍတို့၏ စိန်ခေါ်မှုများ၊ စိတ်ကူးယဉ်အိပ်မက်ပင် မမက်ရဲသောပြောင်းလဲမှုများကို အသေးစိတ်မှတ်တမ်းများ ထည့်သွင်းရေးသားဖော်ပြထားသော စာအုပ်ဖြစ်ပါသည်။ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးခရီးရှည်ကြီးအတွင်း မမေ့မပျောက်ကောင်းသော အစိတ်အပိုင်းများကို စာရေးသူ၏ ကိုယ်တိုင်တွေ့ကြုံခဲ့ရသော အတွေ့အကြုံများနှင့်အတူ လက်လှမ်းမီသလောက် ပြုစုရှာဖွေဖော်ပြထားသည့်အတွက် စာဖတ်သူပရိသတ်များ အနေဖြင့် မြန်မာနိုင်ငံ၏ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍအတွင်း ပြောင်းလဲမှုအဆင့်ဆင့်ကို တစ်ထိုင်တည်း ဖတ်ရှုသိမြင်စေနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ပြည်တွင်းစစ်မီး မငြိမ်းနိုင်သမျှ တိုင်းပြုပြည်ပြု တည်ထောင်မှုများကို ကောင်းစွာလုပ်ဆောင်နိုင်မည် မဟုတ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့သည် အရေးကြီးသလို စနစ်နှင့် ကိုယ်ကျင့်သိက္ခာကောင်းခြင်း မရှိဘဲ တိုင်းပြည်တိုးတက်မှုမရှိနိုင်ပုံများကို ထောက်ပြထားသည်။ တိုင်းပြည်တစ်ပြည်တွင် ငွေရေးကြေးရေးစီမံခန့်ခွဲမှု ကောင်းမွန်ခြင်းရှိမှသာ ပြည်သူတို့၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် အထောက်အကူပေးနိုင်မည်ဖြစ်ရာ စာရေးသူက ၄င်းဖြတ်သန်းလာရသည့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်ခဲ့ရပုံအတွေ့အကြုံများနှင့် မြန်မာ့ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကိုလေ့လာနိုင်ရန် အပိုင်းလေးပိုင်းခွဲ၍ ဖော်ပြထားသည်။ ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီက ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၇၀၀၀ ဖြစ်သည်။

**(သတင်းစဉ်)**




# ရမည်းသင်းခရိုင်အားကစားကွင်း၌ မိုးလုံလေလုံ အားကစားခန်းမသစ်ဖွင့်

**ရမည်းသင်း မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့ ခရိုင်အားကစားကွင်း၌ မိုးလုံလေလုံအားကစား ခန်းမဖွင့်ပွဲကို မတ် ၂၆ ရက် နံနက်က အဆိုပါခန်းမရှေ့၌ ကျင်းပသည်။

အခမ်းအနားကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဝင်းလှိုင်၊ တိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုနိုင်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး လူငယ်အားကစားမောင်မယ်များက အေရိုးဗစ်၊ ရိုးရာခြင်းလုံးအလှခတ်၊ ဝူရှူးနှင့် ကျွမ်းဘားအားကစားနည်းများဖြင့် သရုပ်ပြဖျော်ဖြေကြသည်။

အဆိုပါ မိုးလုံလေလုံအားကစားခန်းမကြီးသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် အလျား ပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့်၂၄ ပေရှိသည့် အဆောက်အအုံဖြစ်ပြီး Royal Myanmar ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ကြောင်း သိရသည်။ **(၄၁၆)**

# စာအောင်သံဃာတော်များအား လှည့်လည်ပူဇော်

**ကျိုက်ထို မတ် ၂၈**

၂၀၁၄-၂၀၁၅ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူကြသော စာအောင်သံဃာတော် ခြောက်ပါးနှင့် သီလရှင်တစ်ပါးတို့အား မတ် ၂၇ ရက်က မော်တော်ယာဉ်များဖြင့် မြို့နယ်အတွင်းလှည့်လည်ပူဇော်ခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ကျိုက်ပေါလောမဲ့ရှင်တော်ဘုရား ဦးကျွန်းဓမ္မာရုံ၌ စုဝေးဘွဲ့နှင်းသဘင်အခမ်းအနားကိုကျင်းပရာ မြို့နယ်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော် ဦးကုဏ္ဍလက ဩဝါဒစကား မြွက်ကြားပြီး စာအောင်သံဃာတော်ခြောက်ပါးနှင့် သီလရှင်တစ်ပါးတို့အား ကျောင်းပရေးကော်မတီက အလှူငွေနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# တပ်မတော်(ရေ)မှ အခမဲ့ဆေးကုသပေး

**မာန်အောင် မတ် ၂၈**

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် အမှတ်(၁၉) ရေတပ်ရှေ့တန်းစခန်းနယ်မြေ၊ မာန်အောင်မြို့နယ်သို့ တပ်မတော်(ရေ) မှ စစ်ရေယာဉ်-သံလွင်(ဆေးရုံ) သင်္ဘောသည် နယ်လှည့်ဆေးကုသရန် သွားဖွား မီးယပ်ပါရဂူ၊ မျက်စိပါရဂူ၊ နားနှာခေါင်း၊ လည်ချောင်း ပါရဂူ၊ ဓာတ်မှန်ပါရဂူ၊ TV SCAN ပါရဂူ၊ ရောဂါဗေဒပါရဂူ၊ အရိုးပါရဂူ၊ ULTRA SOUND ပါရဂူ၊ ခွဲစိတ်ပါရဂူ၊ မေ့ဆေးပါရဂူ၊ သွားပါရဂူတို့သည် မာန်အောင်မြို့နယ် ပြည်သူများအား မတ် ၂၉ ရက်မှ ၃၀ ရက်အထိ အခမဲ့စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းဖေ(ပြန်/ဆက်)**

# ဧပြီလအတွင်း မြစ်ကြီးနား၊ ဗန်းမော်နှင့် ကသာမြို့တို့ ဧရာဝတီမြစ်ရေ ငါးပေမှ ခြောက်ပေခန့်မြင့်တက်နိုင်

**ဧပြီလပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုပြီး ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းကာ ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ခြောက်ရက်မှ ၁၀ ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်အခြေအနေ**

နေ့အပူချိန်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ပိုနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ လေးပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်နိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် သုံးပေမှ လေးပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **(မိုး/ဇလ)**

# မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆွေးနွေး

**မန္တလေး မတ် ၂၈**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မန္တလေးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးပွဲကို မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

လုပ်ငန်းကော်မတီများ ဖြစ်ကြသည့် စီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ တေးသီချင်းနှင့် အလှပြယာဉ် အကဲဖြတ်ရေးလုပ်ငန်းကော်မတီ၊ မဏ္ဍပ်များအကဲဖြတ်ရေးလုပ်ငန်းကော်မတီ၊ ပြန်ကြားရေးနှင့် ဓာတ်ပုံပြိုင်ပွဲ စိစစ်ရေးလုပ်ငန်းကော်မတီ၊ သင်္ကြန်ဖွင့်ပွဲ ပိတ်ပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ၊ အလှပြယာဉ်၊ အလှပြမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ ရွေးချယ်နေရာချထားရေး လုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကော်မတီ၊ ခရိုင်အလှပြယာဉ်ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ ကောင်းမှုကုသိုလ်ပြုလုပ်ရေး လုပ်ငန်းကော်မတီ၊ ကျန်းမာရေး လုပ်ငန်းကော်မတီ၊ သင်္ကြန်သံချပ်အဖွဲ့များ စိစစ်ရေး လုပ်ငန်းကော်မတီ၊ မြန်မာနှစ်ဆန်း ၁၁ ရက်နေ့ သက်ကြီးဘိုးဘွား ပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ၊ ငှက်လွှတ်ပွဲ ကျင်းပရေးကော်မတီများနှင့် တက်ရောက်လာကြသူများက ဆွေးနွေးကြကြောင်း သိရသည်။ **(ယာပုံ)**

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



# ဒေသခံပြည်သူများ အမှိုက်ကို စနစ်တကျစွန့်ပစ်ရန်နှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုနိုင်ရန်အတွက် ကားတာယာအမှိုက်ပုံးများ ကျုံးဘေး၌ ပြသ

**မန္တလေး မတ် ၂၈**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း၌ နေ့စဉ်အသုံးပြုနေသော သဘာဝအရင်းအမြစ်များ သာမက လူ့အသုံးအဆောင်ပစ္စည်းများကို လျှော့ချသုံးစွဲခြင်း၊ ပြန်လည်သုံးစွဲခြင်းနှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်သုံးစွဲခြင်းများ ဆောင်ရွက်ရန် အဓိကလိုအပ်သည်။

မန္တလေးမြို့မှ ဒေသခံပြည်သူများ စွန့်ပစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်နိုင်ရန်နှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုနိုင်ရန် ပြသသည့် စွန့်ပစ်ကားတာယာများဖြင့် အလှဆင်ထားသောအမှိုက်ပုံးများကို မတ် ၂၅ ရက် ညနေ ၄ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၂၇ လမ်းကြား ကျုံးတောင်ဘက် ပလက်ဖောင်းတွင်ပြသခဲ့ရာ စိတ်ပါဝင်စားသူ များပြားခဲ့သည်။ **(ယာပုံ)**

အဆိုပါ အမှိုက်ပုံးများကို မန္တလေးမြို့ အထက အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက လှူဒါန်းခြင်းဖြစ်ပြီး ကျောင်းအုပ် ဒေါက်တာသန်းထိုက်စိုး၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် အခုလို စွန့်ပစ်ပစ္စည်းများဖြင့် အမှိုက်ပုံးပြုလုပ်သည့် Idea ကို အာဆီယံနိုင်ငံကျောင်းများ လေ့လာရေးခရီးစဉ်မှ ရရှိခဲ့ပါတယ်။ ကျောင်းမှာလည်း စွန့်ပစ်ပစ္စည်းတွေနဲ့ ဆောင်ရွက်ထားတဲ့ Recycle Garden ရှိပါတယ်။ အခုလောလောဆယ် ကျုံးပတ်လည်မှာ ကားတာယာနဲ့ ဖန်တီးထားတဲ့ အမှိုက်ပုံး ၁၇ ပုံး ချထားနိုင်ပြီ ဖြစ်ပါတယ်။ ဆက်ပြီးတော့လည်း ကျုံးပတ်လည်မှာချထားပေးဦးမှာ ဖြစ်ပါတယ်။ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများနှင့် ရတနာပုံတက္ကသိုလ်ကို လှူဖို့ အစီအစဉ်ရှိပါတယ်။ အခုအစီအစဉ်က စီးပွားရေးမပါဘဲ ဒေသခံပြည်သူတွေ စွန့်ပစ်ပစ္စည်းတွေနဲ့ လူ့အသုံးအဆောင်ပစ္စည်းတွေ ဖန်တီးနိုင်တဲ့ စိတ်ကူးစိတ်သန်းများ ရရှိရန်ရည်ရွယ်ပြီး အမှိုက်ကို စနစ်တကျစွန့်ပစ်နိုင်ဖို့ ပညာပေး ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်" ဟု ဒေါက်တာ သန်းထိုက်စိုးက ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သစ်တောမြေများတွင် ကော်ဖီစိုက်ပျိုးခွင့်ပြုထားသောမြေများ ကော်ဖီဆက်လက်စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် မြေငှားစာချုပ်ချုပ်ဆိုကြပါရန် နှိုးဆော်အသိပေး

**မန္တလေး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်ရှိ မေမြို့ထင်းကြိုးဝိုင်း၊ တောင်ပြုထင်းကြိုးဝိုင်း၊ စခန်းကြီးကြိုးဝိုင်းနှင့် တောင်ကျွန်းကြိုးဝိုင်းတို့အတွင်း ကော်ဖီစိုက်ပျိုးလုပ်ကိုင်လိုသူများအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကော်ဖီဌာနခွဲမှ ယခင်အစီအစဉ်ဖြင့် မြေနေရာများခွင့်ပြုပေးခဲ့ပါသည်။

အဆိုပါကြိုးဝိုင်းမြေနေရာများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသောမြေများ ဖြစ်ပါသဖြင့် သစ်တောဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သစ်တောဦးစီးဌာနထံမှ မြေငှားစာချုပ် ချုပ်ဆိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် နှစ်စဉ်မြေငှားစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်က နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကော်ဖီစိုက်ပျိုးရေးလုပ်ကိုင်ခွင့်ပြုထားသော လုပ်ငန်းရှင်များအား သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်သည်။

သို့ဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကော်ဖီဌာနခွဲမှ ယခင်အစီအစဉ်ဖြင့် ပြင်ဦးလွင်မြို့နယ် ကြိုးဝိုင်းမြေများအတွင်း ကော်ဖီစိုက်ပျိုးခွင့်ရရှိပြီး စိုက်ပျိုးထားသူများ အနေဖြင့် သစ်တောဦးစီးဌာနနှင့် မြေငှားစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနသို့ ဧပြီ ၃၀ ရက်မတိုင်မီ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်မတိုင်မီ စာချုပ်ချုပ် ဆိုခြင်းမပြုသည့် ကော်ဖီစိုက်ခင်းများကို စိုက်ပျိုးလုပ်ကိုင်ခွင့် ပယ်ဖျက်သွားမည်ဖြစ်ကြောင်း နှိုးဆော်အသိပေးထားသည်။

**(မြန်မာ့အလင်း)**



မတ် ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ဇီးတောလျှပ်စစ်ဆည်ရေတင်လုပ်ငန်းမှ လယ်ယာမြေများသို့ ရေပေးဝေနေမှုကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကြည့်ရှုလေ့လာစဉ်။

(ဝ၄၁)

◆ *ကျောဖုံးမှ*

ရှင်းလင်းပြောကြားသည်။

"အခုမဲပေါက်တဲ့ လူတွေရဲ့ အမည်စာရင်းကို မတ် ၂၉ ရက်ထုတ် မန္တလေးနေ့စဉ် သတင်းစာမှာ ကြေညာပေးမှာဖြစ်ပါတယ်။ ဝယ်ယူခွင့်ရရှိသူတွေရဲ့တိုက်ခန်းနေရာတွေကိုနောက်လမှာ ထပ်မံရွေးချယ်ပေးမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ မဲနှိုက်ရွေးချယ်ပွဲသို့ မျှော်လင့်ချက်ကြီးမားစွာ လျှောက်ထားကြသူ အများအပြားလာရောက်စောင့်ဆိုင်းနားထောင်လျက်ရှိကြပြီး ၎င်းတို့အနက်မှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးက "ပင်စင်ယူဖို့ လပိုင်းပဲလိုတော့တာဆိုတော့ ဒီတိုက်ခန်းလေးမဲပေါက်ဖို့ကို မိသားစုတစ်စုလုံးမျှော်လင့်နေကြတာပါ။ ပေါက်ခဲ့ရင်တော့ နေစရာအတွက် စိတ်အေးသွားရပါပြီ" ဟု ပြောသည်။

ထို့ပြင် မဲပေါက်၍ ဝမ်းသာနေသူ လျှပ်စစ်ဌာနမှ ဦးသိန်းငွေကလည်း "မဲပေါက်လို့ဝမ်းသာရသလို ဝယ်ဖို့ငွေအတွက်လည်း စိုးရိမ်နေမိပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့မိသားစု ငါးယောက် အိမ်ပိုင်နဲ့နေရတော့မှာဆိုတော့နောင်ရေးအတွက် စိတ်အေးရအောင် ကြိုးစားပြီး ဝယ်ရမှာပါ" ဟု ပြောကြားခဲ့သည်။

ယခု မဲပေါက်၍ ဝယ်ယူခွင့်ရရှိသူများသည် မြေညီထပ် ၁၆၅ သိန်း၊ ပထမထပ် ၁၅၅ သိန်း၊ ဒုတိယထပ် ၁၄၅ သိန်းနှင့် တတိယထပ် ၁၃၅ သိန်းနှုန်းဖြင့် ဝယ်ယူကြရမည်ဖြစ်ကြောင်း သိရသည်။

# လေယာဉ်ပေါ်၌ ကိုယ်ဝန်ဆောင်ခရီးသည် သားယောကျ်ားလေးမွေးဖွား

**ရန်ကုန် မတ် ၂၈**

Silk Air လေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ်အမှတ် MI-518 သည် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်မှ ရန်ကုန်လေဆိပ်သို့ ယနေ့ ညနေ ၄ နာရီခွဲက ဆိုက်ရောက်လာခဲ့ရာ အဆိုပါလေယာဉ်ဖြင့်လိုက်ပါလာသည့် ကိုယ်ဝန်ဆောင် မြန်မာအမျိုးသမီးခရီးသည်သည် လေယာဉ်ဆိုက်ရောက်ပြီးနောက် Tube ကပ်စဉ် မီးဖွားရန် ဗိုက်နာလာသဖြင့် လေယာဉ်ပေါ်ရှိ လေယာဉ်မယ်များနှင့် ရန်ကုန်လေဆိပ်တာဝန်ကျ ဆရာဝန် (အမျိုးသမီး)တို့မှ မီးဖွားရန် ကူညီဆောင်ရွက်ပေးခဲ့ရာ ၄ နာရီ မိနစ် ၅၀ တွင် သားယောကျ်ားလေးတစ်ဦးအား လေယာဉ်ပေါ်၌ မွေးဖွားခဲ့သည်။

ကလေးအား ၎င်း၏ဖခင်ဖြစ်သူက ရန်ကုန်လေဆိပ်မှ ရန်ကင်းကလေးဆေးရုံသို့ ညနေ ၅ နာရီခွဲတွင် ခေါ်ဆောင်သွားခဲ့ပြီး မိခင်ဖြစ်သူမှာ ရန်ကုန်လေဆိပ်၊ ပြည်ပဆိုက်ရောက်ဆောင်ရှိ ဆေးခန်း၌လိုအပ်သည့် ကျန်းမာရေးကုသမှုများကို လေဆိပ်ဆေးခန်းရှိ ဆရာဝန်နှင့်အဖွဲ့က ကုသဆောင်ရွက်ပေးလျက်ရှိပြီး ညနေ ၆ နာရီခန့်တွင် မြောက်ဥက္ကလာပဆေးရုံကြီးသို့ လူနာတင်ယာဉ်ဖြင့် ဆရာဝန်များ လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း လေကြောင်းရဲတပ်ဖွဲ့(ရန်ကုန်) မှ သတင်းရရှိသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

## ကျွန်းလှမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကျွန်းလှ မတ် ၂၈** စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မော်ကယ်ကျေးရွာအုပ်စု မော်ကယ်ကျေးရွာ၌ မတ် ၂၇ ရက် ည ၉ နာရီခွဲက မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ကျွန်းလှမြို့နယ် ပေပင်ချောင်ရဲကင်းမှူး ရဲအုပ်စိုးလွင်အောင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးရှာဖွေခွင့် ဝရမ်းဖြင့် မော်ကယ်ကျေးရွာနေ စိန်အောင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်အပေါ်ထပ်အတွင်းခန်း ဆန်အိတ်အောက်မှ အနက်ရောင်ပလတ်စတစ်အိတ်အတွင်း ဘိန်းဖြူဟုယူဆရသော အဖြူနှင့် အဝါရောင်အမှုန့်များထည့်လျက် အလေးချိန် ဝ ဒသမ ၁ ဂရမ်ခန့်စီပါ ပင်နီဆီလင် ပုလင်းသုံးလုံးကို သိမ်းဆည်းရမိကြောင်း သိရသဖြင့် စိန်အောင်(၄၈ နှစ်) ကျွန်းလှမြို့နေသူအား အရေးယူထားကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ချင်းပြည်နယ် ဖလမ်းခရိုင်တွင် ခိုင်ကမ်းမြို့ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ဟားခါး မတ် ၂၈**


ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့၌ ဌာနဆိုင်ရာ အဆောက်အအုံများ မြေနေရာ ချထားပေးနိုင်ရေးတို့ကို မတ် ၂၆ ရက်က ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ကြည့်ရှုစစ်ဆေးရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူးဦးဇော်ဇော်ဦးနှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခိုင်ကမ်းမြို့ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ယင်းနောက် နယ်မြေတာဝန်ခံ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်၊ ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီး ဦးနိန်နိုင်း၊ ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးနှင့် မြို့မိမြို့ဖ ဦးရှယ်မန်းတို့က ခိုင်ကမ်းမြို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက မြို့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ခိုင်ကမ်း-မွာလ်ဇန်-ဟွဲ ချောင်းကားကူးကြိုးတံတားနှင့် ခိုင်ကမ်း-ပိန်းပိ အကြား နမ်ထား ကွန်ကရစ် တံတား ဖွင့်ပွဲအခမ်းအနားများကို ဆက်လက်ကျင်းပရာ နယ်မြေတာဝန်ခံ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်က အမှာစကားပြောကြားပြီး ဒေသခံလူငယ် မောင်မယ်နှစ်ဦးတို့က တံတားများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**





ကလေး-ကလေးဝကားလမ်း မိုင်တိုင်အမှတ် ၁၀ မိုင် ခြောက်ဖာလုံတွင်ရှိသော ကားလမ်းကူးတံတား အောက်ခြေပျဉ်များပြုတ်ထွက်ကာ ပျက်စီးနေ၍ ကားဖြတ်သွားစဉ် တုန်ခါပြီး အန္တရာယ်ဖြစ်မည်ကို ဒေသခံများနှင့် ယာဉ်မောင်းများက အထူးသတိပြုမောင်းနှင်ကြရစဉ်။ တင်လှိုင်(မိတ္ထီလာ)

# မင်းတပ်၌ အရှည် ရှစ်မိုင်ရှိ မြေသားလမ်းသစ်ဖွင့်

**မင်းတပ် မတ် ၂၈**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် Power Seven ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ချီချောင်းလမ်းခွဲမှ ကြာအိမ်နူးအထိ အရှည် ရှစ်မိုင်ရှိ မြေသားလမ်းသစ် ဖွင့်ပွဲကို မတ် ၂၇ ရက်က မဒပ်ကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါလမ်းဖွင့်ပွဲတွင် ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတမ်အောင်၊ ခရိုင်ဦးစီးမှူး ဦးခိုင်ထွန်း၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးဦးသက်မိုးနှင့် ရပ်မိရပ်ဖဦးနိုင်းတမ် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါလမ်းမှာ ပူးကွန်းကျေးရွာ၊ မဒပ်ကျေးရွာ၊ မရမ်ကျေးရွာ၊ ထေပန်းကျေးရွာနှင့်ကြာအိမ်နူးကျေးရွာ စသည့် ကျေးရွာများမှ မင်းတပ်မြို့နှင့်အဓိကဆက်သွယ်ထားသောလမ်းဖြစ်သည့်အပြင် အခြားကျေးရွာများနှင့်လည်းဆက်သွယ်ထားသည့်မြေသားလမ်းဖြစ်ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သင်္ကြန်ပိတ်ရက် ခရီးသွားသူများ ယခုနှစ်လည်း ခက်ခဲနေဆဲ

သင်္ကြန်ကာလပိတ်ရက်များတွင် အဝေးပြေးခရီးသွားကားလက်မှတ်များ ယခုနှစ်တွင်လည်း ယခင်နှစ်များအတိုင်း အခက်အခဲ ဖြစ်နေဆဲကို မြင်တွေ့ရသည်။ သင်္ကြန်ရက်နီးလာသည်နှင့်အမျှ အဝေးပြေးယာဉ်များ စီးနင်းရာတွင် လက်မှတ်ခပိုမိုပေးဝယ်ရခြင်း၊ ယာဉ်များပေါ်တွင် ခရီးသည် အဆမတန်တင်ဆောင်သဖြင့် ကျပ်ကျပ်တည်းတည်းစီးနင်းရခြင်းများ စတင်ကြုံတွေ့နေရပြီဖြစ်သည်။

အဝေးပြေးကားလက်မှတ်ခများ ပိုမိုတောင်းခံခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာယာဉ်လိုင်းအဖွဲ့အစည်းများက အရေးယူဆောင်ရွက်မှုများရှိသည်ဆိုသော်လည်း ခရီးသွားအများစုမှာ လက်မှတ်ခများပိုမိုပေး ဝယ်ရခြင်းများရှိနေဆဲဖြစ်သည်။ ကားလက်မှတ်ခ ပိုမိုပေးဝယ်ရပါက အဝေးပြေး ကားဝင်းများရှိ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ယာဉ်လက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်များ ပြသတိုင်ကြားနိုင်ပါသည်။ မှန်ကန်ပါက ပိုမိုပေးခဲ့သောငွေကြေးပမာဏကို ချက်ချင်းပြန်လည်ထုတ်ပေးသည်။ ကားခပိုမိုရယူသည့်ယာဉ်လိုင်းထံမှ ယင်းငွေကြေးကိုပြန်လည်တောင်းခံပြီး ငွေပိုတောင်းသည့်ယာဉ်တစ်စီးချင်း ဒဏ်ငွေ ငွေကျပ် ၅၀၀၀၀ ဒဏ်ရိုက်ပေးမည်ဟု သိရသည်။



အောင်မင်္ဂလာအဝေးပြေးကားဂိတ်

သို့သော် မတ် ၂၅ ရက်က အောင်မင်္ဂလာအဝေးပြေးကားဝင်းရှိ ရန်ကုန်-အောင်လံအဝေးပြေး ခရီးသည်ကားဂိတ်တစ်ခုတွင် ဧပြီ ၁၀ ရက် နံနက် ၇ နာရီခရီးစဉ်အတွက် ကားလက်မှတ်ခုနစ်စောင်ကြိုတင်ဝယ်ယူရာတွင် ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၁၀၀၀ နှုန်းဖြင့် ငွေကျပ် ၇၇၀၀၀ ကျပ်ပေးဝယ်ခဲ့ရကြောင်း ခရီးသည်တစ်ဦးကပြောကြားသည်။

သို့သော်ယာဉ်စီးကားခဖြတ်ပိုင်း၏ သင့်ငွေနေရာတွင်လက်မှတ်ခကိုဖော်ပြခြင်းမရှိဘဲ (၆း၃၀ အရောက်)ဟုသာ ရေးသားထားသည်ကိုတွေ့ရသည်။ ရန်ကုန်မှအောင်လံသို့ပုံမှန်ရက်တွင် ကားခ ငွေကျပ် ၅၅၀၀၊ အောင်လံမှအပြန်ခရီးတွင် ငွေကျပ် ၆၀၀၀ ပေးရသည်။ ယခင်နှစ်သင်္ကြန်ပိတ်ရက်ကာလမတိုင်မီပြန်ရာတွင်လည်း ကားခ ငွေကျပ် ၈၀၀၀ ပေးရသဖြင့် မီဒီယာတွင် ယာဉ်ဖြတ်ပိုင်းနှင့်တကွ သတင်းပေးဖော်ပြခဲ့ဖူးသည်ဟု အောင်လံမြို့နယ်မှ ရန်ကုန်မြို့လယ်တွင်လာရောက်အလုပ်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ယခုနှစ်သင်္ကြန်ကာလပိတ်ရက်မတိုင်မီ နယ်ပြန်ကားလက်မှတ်များဝယ်ယူရာတွင် ငွေကြေးပိုမိုပေးဝယ်ရခြင်းမရှိစေရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်ပေးနေချိန်တွင် အဝေးပြေးကားဂိတ်အချို့တွင် လက်မှတ်ခငွေကြေးပိုမိုကောက်ခံနေခြင်းနှင့်အတူ သက်ဆိုင်ရာသို့တိုင်ကြား၍မရရန် ငွေကြေးပမာဏ ကားလက်မှတ်တွင်ဖော်ပြပေးခြင်းမရှိသည်ကို သက်ဆိုင်ရာအဖွဲ့အစည်းများသိရှိနိုင်ရန် ဝယ်ယူခဲ့သော လက်မှတ်မိတ္တူများပါ ပူးတွဲဖော်ပြပေးပို့သည်ဟု အောင်လံသို့ပြန်မည့် လုပ်ငန်းခွင်တူ မခိုင်ကြီးက ပြောသည်။

အဝေးပြေးကားလက်မှတ်ခများပိုမိုပေးရခြင်းနည်းအတူ ရန်ကုန်ဆိပ်ကမ်းမှမြစ်ဝကျွန်းပေါ်ဒေသသို့ ပြေးဆွဲသည့် ရေယာဉ်များတွင်လည်း သဘော်ခဈေးနှုန်းများမြင့်တက်လာခြင်း ခရီးသည်များ ပုံမှန်ကာလထက် များပြားခြင်းတို့ကြောင့် ရေယာဉ်များပေါ်တွင် ကျပ်တည်းစွာ လိုက်ပါရသည်ဟု မော်ကျွန်းဒေသသို့ပြန်သည့်ခရီးသည်များထံမှ သိရသည်။ ယခုနှစ်မတ်လအတွင်းပြိုင်ဆိုင်ပြေးဆွဲမှုရှိသည့်အတွက် ရန်ကုန်-မော်ကျွန်းကားခများမှာ ငွေကျပ် ၃၀၀၀၊ ၃၅၀၀ မှ ငွေကျပ် ၂၅၀၀ သို့ ဈေးကျလာသည်။ သို့သော်ယခင်နှစ်သင်္ကြန် ရက်မတိုင်မီ ကားခများ ငွေကျပ် ၄၀၀၀ ဝန်းကျင်မြင့်တက်လာသည်။ ရန်ကုန်-မော်ကျွန်းရေယာဉ်ခမှာ ငွေကျပ် ၁၅၀၀၊ ၂၀၀၀ နှုန်းရှိခဲ့ရာမှ ၂၀၁၅ သင်္ကြန်မတိုင်မီရက်ပိုင်းတွင် ငွေကျပ် ၃၀၀၀၊ ၃၅၀၀ နှုန်းသို့ မြင့်တက်လာခဲ့သည်။

သင်္ကြန်မတိုင်မီ ခရီးသွားနယ်ပြန်များပြားမှုကိုအကြောင်းပြု၍ အဝေးပြေးသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် စီးပွားရေးအကျိုးအမြတ်ရယူမှုများပြားနေဆဲဖြစ်သည်။ ဝိသမစီးပွားရေးဆန်စွာ လုပ်ဆောင်နေသော ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ထိရောက်စွာအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာက ကြီးကြပ်ကွပ်ကဲစီမံပေးရန် အများပြည်သူတို့မျှော်လင့်နေကြသည်။ လုပ်ရိုးလုပ်စဉ်ထုတ်ပြန်ကြေညာသည့်သဘောထက် ခရီးသည်များ စိတ်ချမ်းမြေ့ရေး လက်တွေ့ဆောင်ရွက်ပေးမှုကို သင်္ကြန်ပိတ်ရက်မတိုင်မီ နယ်ပြန်သည့်ခရီးသွားများက မျှော်လင့်နေကြသည်။

**ခင်ဆိုင်**

# ဟိုတယ်အလုပ်အကိုင် မျှော်လင့်သူများပြား

**ရန်ကုန် မတ် ၂၈**

ဟိုတယ်အလုပ်အကိုင် ပြပွဲ ၂၀၁၆ ဖွင့်ပွဲကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ် နယ်မြေ ရှိ ICT Park ၌ မတ် ၂၇ ရက် နံနက် ၉ နာရီကကျင်းပသည်။

Work.Com.mm မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး မန်နေဂျာ ဒေါ်ဇင်မာသက်မွန်က “ဒီကနေ့ ဟိုတယ်အလုပ်အကိုင်ပြပွဲဟာ ပထမဆုံးပါ။ ဟိုတယ်လုပ်ငန်းရှင်များ၊ အလုပ်သမားနဲ့ တိုက်ရိုက်ထိတွေ့ ခန့်ထားနိုင်ပါတယ်။ ပြည်တွင်း ပြည်ပဟိုတယ်လုပ်ငန်းကုမ္ပဏီ ၁၂ ခုပါတယ်။ ကျွန်မတို့ Work.Com.mm ကို အွန်လိုင်းကနေ အလုပ်သမား ခုနစ်ထောင်ကျော် လာရောက်လျှောက်ထားပါတယ်။ အလုပ်က Waiter /Waitress on the Assistant Hotel Manager ထိ လုပ်ငန်း ၂၂ မျိုး ခန့်သွားနိုင်ပါတယ်။ လျှောက်ထားသူအားလုံး အလုပ်ရကြမှာပါ။ တစ်နေရာထဲမှာ အလုပ်အကိုင်အခွင့်အလမ်းများ ရကြမှာမို့ ကျွန်မအနေနဲ့ ပီတိဖြစ်ရသလို အားလုံးလည်း ဝမ်းသာကြမှာပါ။ ပြပွဲကို မတ် ၃၀ ရက်အထိ ပြသသွားမည်ဖြစ်သည်”ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၈**

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၈ ရက်(စတုတ္ထနေ့)၌ နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၅၁ ဌာနတွင် စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၅၈၃၂ ပါးအနက် ၁၁၅၃၈ ပါး ဖြေဆိုကြသဖြင့် ၇၂ ဒသမ ၈၈ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# လားရှိုးဂေါက်ကလပ်ကော်မတီက ကြီးမှူး၍ စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ နားသအလှူတော်မင်္ဂလာကျင်းပ

**လားရှိုး မတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးဂေါက်ကလပ်ကော်မတီက ကြီးမှူးကျင်းပသော ပထမအကြိမ် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာကို မတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် လားရှိုးဂေါက်ကလပ်ဝင်းအတွင်း အလှူတော်မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

လားရှိုးဂေါက်ကလပ်အသင်းဝင်များ စုပေါင်း၍ ဂေါက်ကွင်း ဝန်ထမ်းနှင့် ကယ်ရီအလုပ်သမားများ၏ မိသားစုဝင်များ၊ သားသမီးများအား ရဟန်းခံ၊ ရှင်ပြု၊ နားသမင်္ဂလာနှင့် လှူဒါန်းမှုအစုစုကို ပြုလုပ်ပေးခြင်းဖြစ်ပြီး အလှူတော်မင်္ဂလာတွင် မြင့်မြတ်သော ရဟန်းဘောင်သို့ ၃၅ ပါး၊ ရှင်သာမဏေ ၆၁ ပါးနှင့် သမီးငယ် ၃၄ ဦးတို့ကို နားသမင်္ဂလာဆင်ယင်ကာ သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဒါန်းမှုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

လားရှိုးဂေါက်ကလပ်၌ အသင်းဝင် ၄၈၇ ဦးရှိပြီး ဝန်ထမ်း ၅၅ ဦး၊ ကယ်ရီအလုပ်သမား ၁၇၂ ဦးရှိကြောင်း သိရသည်။ **နေမျိုးနွယ်**

# တီဘီရောဂါကာကွယ်တားဆီးရေး ဟောပြောမည်

**ရန်ကုန် မတ် ၂၈**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ မတ် ၂၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ဆေးတက္ကသိုလ်(၁) (ရန်ကုန်) ရင်ခေါင်းနှင့် အဆုတ်ရောဂါကုဌာန ပါမောက္ခဌာနမှူး ပါမောက္ခ ဦးဝင်းနိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး တီဘီဆရာဝန်ကြီး ဒေါက်တာဒေါ်တင်မိမိခိုင်တို့က တီဘီရောဂါကာကွယ်တားဆီးရေးအကြောင်း သိကောင်းစရာများကို ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ **ကိုချစ်**



# ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား မူဆယ်ဒေသခံများ ဂုဏ်ပြုကြိုဆို

**မူဆယ် မတ် ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်ပူဇော်ခံရရှိတော်မူသော မူဆယ်မြို့မှ ဆရာတော်ကြီးများအား မူဆယ်မြို့နယ်အတွင်းမှ ဒေသခံများ၊ ဒါယကာ ဒါယိကာမများ၊ ဘာသာရေးအသင်းအဖွဲ့များ စုပေါင်းကာ မတ် ၂၇ ရက်က မူဆယ်မြို့ မိုင်းယု(၁၀၅)မိုင် အေးရှားဝေလ်တိုးဂိတ်မှစတင်၍ မူဆယ်မြို့အတွင်း လှည့်လည်ကြိုဆိုပူဇော်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အင်္ဂလန်နိုင်ငံ Trinity World of U.K တက္ကသိုလ်က ဆက်ကပ်လှူဒါန်းသော ပါရဂူဒေါက်တာဘွဲ့ Hony. Doctorate of Philosophy ရ ဒေါက်တာဘဒ္ဒန္တဝိနယာစာရ သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ (မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ)၊ နိုင်ငံတော်က ဆက်ကပ်လှူဒါန်းအပ်နှင်းခံရသော သာသနာတော်ဆိုင်ရာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိသုဒ္ဓ(နန္ဒဝန်ကျောင်း)၊ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဆရာတော် ဒေါက်တာဘဒ္ဒန္တကေလာနန္ဒ (နန္ဒဝန်ကျောင်း)၊ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဒေဝိန္ဒ (ဉာနာယာမကျောင်းတိုက်)၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကမ္ဘောဇသီဂီသီလရှင်စာသင်တိုက် (၁၀၅ မိုင်၊ မူဆယ်မြို့) သီလရှင်ဆရာကြီး ဒေါ်ဝဏ္ဏသီဂီနှင့် သီဟသုဓမ္မသီဂီ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် သုဓမ္မသီဂီ ဒေါ်နွေးနွေးတို့အား မြို့သူ မြို့သားများက မူဆယ် (၁၀၅)မိုင်မှ မူဆယ်မြို့ ရွှေသမင်ကျောင်းတိုက်အထိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ပင့်ဆောင်ကြိုဆိုခဲ့ကြသည်။ သာသနာ့အကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်တော်မူခဲ့သော ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးနှင့် လူပုဂ္ဂိုလ်တို့သည် ၂၀၁၆ ခုနှစ် မတ်လတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်များကို ရရှိတော်မူခဲ့ကြောင်း သိရသည်။

မူဆယ်မြို့ ရွှေသမင်ကျောင်းတိုက်၌ မတ် ၂၈ ရက် နံနက် ၉ နာရီက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့အား မူဆယ်မြို့ဒေသခံများက ထပ်ဆင့်ဂုဏ်ပြု ချီးကျူးပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ နမ့်ခမ်းမြို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ပြီး လှူဖွယ်ဝတ္ထုများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ပွင့်ဖြူမြို့အဝင် သံပေါင်တံတားနှင့် မြေသားလမ်း အမြင့်ငါးပေ တိုးမြှင့်တည်ဆောက်

**ပွင့်ဖြူ မတ် ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့၌ စလင်း-ပွင့်ဖြူ မင်းဘူးကတ္တရာလမ်း တာပေါင်ကို မြို့အဝင် မိုင်တိုင်အမှတ် ၂၁/၂ နှင့် ၂၁/၄ အကြား၌ သံပေါင်တံတားပေါ်ရှိ တာပေါင်ကို အမြင့်ငါးပေ မြေသားလမ်းပေါင်ဖို့ခြင်းနှင့် တံတားသစ် တည်ဆောက်ခြင်း ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ရေကြီးရေလျှံပါက ကတ္တရာလမ်း တာပေါင်ပေါ် ရေကျော်ခြင်းမှ ကာကွယ်ရန် လမ်းအကျယ် ပေ ၄၀၊ အမြင့် ငါးပေ လမ်းခဲ့ခြင်း၊ လမ်း ပခုံးသား မြေသားပေါင်ဖို့ခြင်း လုပ်ငန်းကို ပေ ၁၃၂၀ ဆောင်ရွက်လျက်ရှိကာ အကျယ်ပေ ၄၀၊ အမြင့် ငါးပေရှိ ရေထွက်ပေါက်နှစ်ခုနှင့် မူလသံပေါင်တံတားကြီးကို အလျား ပေ ၃၀၊ အကျယ်ပေ ၄၀၊ အမြင့် ၁၄ ပေရှိသော သံကူကွန်ကရစ်တံတားအဖြစ် ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီက ဘီအိုတီစနစ်ဖြင့် တည်ဆောက်နေပြီး မတ်လကုန်တွင် လုပ်ငန်းအားလုံးပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့၌ ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်းက မိုးသည်းထန်ပြီး တစ်မြို့လုံးနှင့် ခရီးသွားလမ်းမကြီးများ ရေနစ်မြုပ်ခြင်း၊ ရေကျော်ခြင်းများရှိသဖြင့် တံတားအသစ်တည်ဆောက်ခြင်း၊ မြေသားလမ်းနှင့် ကတ္တရာလမ်း တာပေါင်များ အမြင့်ငါးပေအထိ တိုးမြှင့်တည်ဆောက်နေခြင်း ဖြစ်ကြောင်း သိရသည်။ **ခင်မောင်ဌေး(ပွင့်ဖြူ)**





# သရက်မြို့နယ် ပုဏ္ဏားကျေးရွာ၌ ဗိုလ်ချုပ်ရုပ်တုဖွင့်ပွဲ ကျင်းပ

**သရက် မတ် ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ပုဏ္ဏားကျေးရွာ၌ (၇၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်းရုပ်တု လွှဲပြောင်းလက်ခံခြင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါဖွင့်ပွဲကျင်းပသည့် နေရာသည် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက် (၁၃၀၆ ခုနှစ် တန်ခူးလပြည့်နေ့)တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် စစ်တိုင်းအသီးသီး တိုက်ပွဲဝင်ရန် ဖက်ဆစ်ကိုတော်လှန်ကြောင်း စစ်ကြေညာချက် တော်လှန်ရေး အမိန့်ထုတ်ပြန်ခဲ့သည့် ပုဏ္ဏားရွာသူကြီး ဦးငွေလှိုင်၏ အိမ်နေရာ၌ ဖြစ်သည်။ **(အပေါ်ပုံ)**

“သမိုင်းမှာ ပယ်ဖျောက်လို့မရ၊ သမိုင်းဝင်မော်ကွန်းတင်ရတဲ့ နေရာလည်းဖြစ်၊ သမိုင်းအထောက်အထားလည်းရှိ၊ ဗိုလ်ချုပ်ရဲ့ ရိုးသားမှု၊ ကိုယ်ကျင့်တရား ဖြောင့်မတ်မှု၊ နိုင်ငံရေးအာဇာမမက်မှုတွေကို လူငယ်တွေ သိစေချင်တာပါ။ လွတ်လပ်ရေးရအောင်လုပ်ပေးတယ်။ ဒီမိုကရေစီအခွင့်အရေးရအောင် လုပ်ပေးတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးရအောင် လုပ်ပေးတယ်။ ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ဒီရုပ်တုကို လှူဒါန်းတာဖြစ်ပါတယ်” ဟု အလှူရှင် ပခုက္ကူမြို့နေ ဦးခင်မောင်ဆွေ (သမိုင်းတွဲ-ပါမောက္ခ၊ ငြိမ်း)က ပြောသည်။

“ရည်ရွယ်ချက်က တိမ်မြုပ်ပျောက်ကွယ်နေတဲ့ ပုဏ္ဏားရွာမှာ ဗိုလ်ချုပ်က တော်လှန်ရေးအတွက် စစ်ကြေညာတဲ့နေရာကို အများပြည်သူသိအောင် ဖော်ထုတ်ဆောင်ရွက်တာပါ၊ ပါတီအဖွဲ့အစည်းအနေနဲ့ ပြုလုပ်တာမဟုတ်ဘဲ ရပ်မိရပ်ဖ ပြည်သူတစ်ဦးအနေနဲ့ ပြုလုပ်တာပါ” ဟု အခမ်းအနားဖြစ်မြောက်ရေး ကော်မတီမှ ဦးသိုက်စံထွန်းက ပြောသည်။ **ပေါက်ကလေး(သရက်)**



# ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်းပေါ်ရှိ ရွှေစမ်းချောင်းတံတား(ကဇွန်းမ)ဖွင့်လှစ်

**ဆိပ်ဖြူ မတ် ၂၈**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၅၅ ဒသမ ၈ သန်းအသုံးပြု၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်သော ရွှေစမ်းချောင်းတံတား(ကဇွန်းမ)ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက အဆိုပါတံတားမုခ်ဦးရှေ့၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ ဦးကြည်မြင့်က ဒေသခံများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးဝင်းဖေနှင့် တာဝန်ရှိသူများက ရွှေစမ်းချောင်းတံတား(ကဇွန်းမ)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ ဧည့်သည်တော်များနှင့်အတူ ကျောက်စာတိုင်အား အမွှေးနံ့သာရည်ပက်ဖျန်းပေးပြီး ရွှေစမ်းချောင်းတံတား(ကဇွန်းမ)ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါတံတားသည် ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၇/၆ - ၇/၇)ကြား ဆိပ်ဖြူမြို့နယ်အတွင်း၌တည်ရှိပြီး တံတားအရှည်ပေ ၈၄၀၊ အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်နှစ်ပေစီဖြင့် တံတားခံနိုင်ဝန် တန် ၆၀ ရှိ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ ၂၀၁၅ ခုနှစ် ဇွန် ၇ ရက်က စီမံကိန်း စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# ပခုက္ကူခရိုင်အတွင်း ရေပြတ်လပ်သည့်ကျေးရွာများသို့ ရေများဖြန့်ဝေပေးလျက်ရှိ

**ပခုက္ကူ မတ် ၂၈**

ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ရေစီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်က ခရိုင်အတွင်း ရေပြတ်လပ်သည့် ကျေးရွာများသို့ ရေများပေးပို့လျက်ရှိသည်။

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် သံပြာချောင်းအုပ်စု သံပြာချောင်းကျေးရွာသို့ ရေဂါလန် ၁၈၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးဖြင့် လည်းကောင်း၊ မြိုင်မြို့နယ် မြေရင့်အုပ်စု မြေရင့်ကျေးရွာမှ တစ်မိုင်ခန့်ကွာဝေးသည့် စိုတောကျေးရွာ စက်ရေတွင်းမှ နှစ်လက်မပိုက် အရှည်ပေ ၂၁၄၀ ဖြင့် လေးနာရီခန့် ရေသွယ်ယူအသုံးပြုခြင်းဖြင့် လည်းကောင်း၊ ပေါက်မြို့နယ် ကိုင်လယ်အုပ်စု သက္ကယ်ချောင်းကျေးရွာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ် ရေဂါလန် ၁၈၀၀ ဆံ့ တစ်စီးဖြင့် လည်းကောင်း၊ တဲတောယာအုပ်စု တာချောင်းကျေးရွာသို့ ရေဂါလန် ၁၈၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးဖြင့် လည်းကောင်း ဖြန့်ဝေပေးပို့ခဲ့ရာ ရေပြတ်လပ်မှုမရှိရေး၊ ရေလုံ လောက်မှုရှိစေရေး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဖားကန့်မြို့နယ်ရှိ သောက်သုံးရေရှားပါး ကျေးရွာများသို့ သောက်ရေများလှူဒါန်း

**ဖားကန့် မတ် ၂၈**

ဖားကန့်မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါး ပြတ်လပ်မှုရှိသော လယ်ပြင်ကျေးရွာ၊ ငြိမ်းချမ်းသာယာကျေးရွာနှင့် မလောင်ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့် ဝန်ထမ်းများက ဦးဆောင်၍ မီးသတ်ဦးစီးဌာန ဝန်ထမ်းများနှင့် စေတနာရှင်များ ပူးပေါင်းပါဝင်ကူညီမှုဖြင့် မတ် ၂၃ ရက်က စတင်ကာ သောက်ရေ၊ သုံးရေများ အလှည့်ကျပေးဝေလှူဒါန်းလျက်ရှိသည်။

ယင်းသို့ လှူဒါန်းရာတွင် မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ ဒိုင်နာယာဉ်တစ်စီးတို့ဖြင့် လယ်ပြင်ကျေးရွာသို့ သုံးရေ ရေဂါလန် ၂၈၀၀ နှင့် ရေသန့်ဘူးကြီး ၆၀ ကို လည်းကောင်း၊ ငြိမ်းချမ်းသာယာကျေးရွာသို့ သုံးရေ ရေဂါလန် ၂၄၀၀ နှင့် ရေသန့်ဘူးကြီး ၂၇ ဘူးကို လည်းကောင်း၊ မလောင်ကျေးရွာသို့ သုံးရေ ရေဂါလန် ၄၀၀ တို့လည်းကောင်း ပေးပို့ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **စိုးနိုင်ဦး(ဖားကန့်)**



# အယ်နီညိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မကွေး မတ် ၂၈**

နွေရာသီကာလအတွင်း ရာသီဥတုပြောင်းလဲမှု၊ အယ်နီညိုဖြစ်စဉ်များကြောင့် အပူရှိန်မြင့်တက်လျက်ရှိရာ မကွေးမြို့နယ်အတွင်း အယ်နီညိုရာသီဥတုတုံ့ပြန်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးဝန်ကြီးက အယ်နီညိုရာသီဥတုကာလအတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ အရက်ဆိုင်များ ရောင်းချမှုမရှိစေရေး၊ ပူပြင်းသောရာသီဥတုဒဏ်ကာကွယ်ရန် သတိပေးနှိုးဆော်ချက်များ နေ့စဉ်ဆောင်ရွက်ရန်နှင့် မြစ်ဆိပ်များ၌ နေ့ခင်းနေ့လယ် ရေချိုးခြင်းများမရှိစေရန် သတိပေးခြင်းတို့ ဆောင်ရွက်ရန် မှာကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်း အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အယ်လ်အီးဒီဘုတ်များဖြင့် လည်းကောင်း၊ မီးသတ်တပ်ဖွဲ့က နှိုးဆော်ရေးယာဉ်များဖြင့်လည်းကောင်း လိုက်လံအသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။ **ညီညီမောင်(မကွေး)**

## စီဟက်ကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်း ဆောင်ရွက်ပြီးစီး

**မိုးမောက် မတ် ၂၈** မိုးမောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၂၂ သန်းဖြင့် စီဟက်ကျေးရွာ စိမ့်စမ်းရေသွယ်/ ရေပေးရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ မတ်လနောက်ဆုံးပတ်တွင် ရာနှုန်းပြည့်ပြီးစီးကြောင်း သိရသည်။

ယခင်က စီဟက်ကျေးရွာရှိ ပြည်သူများသည် ရွာလယ်ရှိ အများသုံးရေတွင်းမှ ရေကိုသာ အားပြုသုံးစွဲနေကြပြီး နွေရာသီရေနည်းချိန်တွင် ရေအခက်အခဲဖြစ်ပေါ်လျက်ရှိရာ တင်ဒါစနစ်ဖြင့် စိန်လုံချယ်ရီကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ ကျေးလက်နေပြည်သူများ ရေသုံးစွဲမှုရရှိပြီဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းဆောင်ရွက်

**သံဖြူဇရပ် မတ် ၂၈**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သံဖြူဇရပ်မြို့နယ် ပဒိုင်ကြီးကျေးရွာ မြစိမ်းရောင် လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ငွေစာရင်းပိုင်းဆောင်ရွက်ထားရှိမှုတို့ကို မြို့နယ်ဦးစီးမှူး ဦးခင်စိုးနှင့် ဝန်ထမ်းများက မတ် ၂၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်**

## မင်းလှမြို့၌ ထမင်းချက်ရာမှ နေအိမ်လေးလုံးမီးလောင်

**မင်းလှ မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် စီတုန်းကျေးရွာအုပ်စု မြန်မာစီဝကျေးရွာနေ ဦးကျော်အေး(၅၉ နှစ်)၏ နေအိမ်၌ မတ် ၂၈ ရက် နံနက် ၁၀ နာရီက မီးဖို၌ ထမင်းချက်ရာမှ မီးစတင်လောင်မှုဖြစ်ပွားသည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးကျော်အေး နေအိမ်မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းရာ ဦးကျော်ငွေ၊ ဦးစိုးသိန်း၊ ဦးမျိုးမင်းလတ်တို့၏ နေအိမ်များကို မီးစွဲလောင်ခဲ့သည်။ မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဦးကျော်အေးကို မီးပေါ့ဆစွာသုံးစွဲမှုကြောင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# မတ် ၂၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် မတ် ၂၈ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | ရွှေဘို | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၁၅၀၀ |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၉၅၀၀ မှ ၄၂၀၀၀ |
| ၃။ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၃၀၀၀ |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၅၀၀ မှ ၂၅၅၀၀ |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၀၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၄၉၀၀၀ |
| ၈။ | ကြက်သွန်နီ | ဆိပ်ဖြူ တောင်တွင်း၊ မင်းလှ၊ အောင်လံ၊ မြစ်သား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၆၀ မှ ၆၀၀ |
| ၉။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀ မှ ၄၆၀၀ |
| ၁၀။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၂၀ မှ ၂၅၀၀ |
| ၁၁။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၀၀၀ |
| ၁၂။ | အာလူး | တပ်ကုန်း၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၈၀ မှ ၇၈၀ |
| ၁၃။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၆၀၀ |
| ၁၄။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၆၀၀ မှ ၂၅၀၀ |
| ၁၅။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၀၀ |
| ၁၆။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၀၀၀ မှ ၁၂၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။**



# လူငယ်ချန်ပီယံရှစ် ၂၀၁၆ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် HAN Golf Masters Pte., Ltd နှင့် Junior Golf Myanmar တို့ပူးပေါင်း၍ HAN Golf Masters Pte., Ltd မှ အဓိကကူညီထောက်ပံ့သော HAN Golf Masters Junior Golf Championship 2016 ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၆ မှ ၂၇ ရက်ထိ Pun Hlaing Links (သန်လျင်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲဒုတိယနေ့အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ HAN Golf Masters Pte., Ltd မှ CEO ဦးချမ်းဟန်က အမှာစကားပြောကြားပြီး Pun Hlaing Links မှ Director of Golf Mr. Brian က ၁၀ နှစ်အောက် သက်တန်းတွင် စုစုပေါင်းရိုက်ချက် ၂၈၂ချက်ဖြင့် ပဉ္စမဆု ဉာဏ်လင်းအောင်၊ စုစုပေါင်းရိုက်ချက် ၂၆၀ ဖြင့် စတုတ္ထဆု ဝေယံလင်း၊ စုစုပေါင်းရိုက်ချက် ၂၃၆ ချက်ဖြင့် တတိယဆု ကျော်လင်းထက်၊ စုစုပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် ဒုတိယဆု မင်းခန့်ဇော်၊ စုစုပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် ပထမဆု အောင်ဘိုကောင်းသန့်တို့ကို ဆုများအသီးသီးချီးမြှင့်ပြီး HAN Golf Masters Pte., Ltd Director ဦးကိုကိုလေးက အသက် ၁၂ နှစ်အောက် သက်တန်းတွင် စုစုပေါင်းရိုက်ချက် ၁၉၈ ချက်ဖြင့် ပဉ္စမဆု လင်းသန့်အောင်၊ စုစုပေါင်းရိုက်ချက် ၁၉၈ ချက်ဖြင့် စတုတ္ထဆု ထွန်းမြတ်သူ၊ စုစုပေါင်းရိုက်ချက် ၁၈၄ ချက်ဖြင့် တတိယဆု သံလွင်မိုးသက်၊ စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် ဒုတိယဆု ကောင်းနန္ဒာသန်း၊ စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် ပထမဆု ကောင်းမြတ်ကျော်တို့ကိုလည်းကောင်း၊ ဆက်လက်ပြီး Junior Golf Myanmar ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြင့်အောင်က အသက် ၁၅ နှစ် အောက် သက်တန်းတွင် စုစုပေါင်းရိုက်ချက် ၁၈၁ ချက်ဖြင့် ပဉ္စမဆု ရဲထက်လှိုင်၊ စုစုပေါင်းရိုက်ချက် ၁၇၆ ချက်ဖြင့် စတုတ္ထဆု ဇွဲထက်အောင်၊ စုစုပေါင်းရိုက်ချက် ၁၇၄ ချက်ဖြင့် တတိယဆု Vito Manalili၊ စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် ဒုတိယဆု ဖြိုးဇံ၊ စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် ပထမဆု သင်းဝေခိုင်တို့ကိုလည်းကောင်း၊ HAN Golf Masters Pte., Ltd မှ CEO ဦးချမ်းဟန်က အသက် ၁၈ နှစ်အောက် သက်တန်းတွင် စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် စတုတ္ထဆု ဉာဏ်လင်းထက်၊ စုစုပေါင်းရိုက်ချက် ၁၇၆ ချက်ဖြင့် တတိယဆု ပွင့်ဖူးနဒီခိုင်၊ စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် ဒုတိယဆု သီဟမျိုးဆက်၊ စုစုပေါင်းရိုက်ချက် ၁၅၆ ချက်ဖြင့် ပထမဆု မင်းစစ်သွေးတို့ကိုလည်းကောင်း အသီးသီး ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)အဆောက်အအုံဖွင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

**မုံရွာ မတ် ၂၈**

အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) အဆောက်အအုံများဖွင့်ပွဲနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်၌ မတ် ၂၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ)ဖွင့်ပွဲမှန်ဦးကို စစ်ကိုင်းတိုင်းဒေသကြီး ဂုဏ်ဆောင်ထူးချွန်အားကစားမောင်မယ်များက ဖဲကြိုးဖြတ်၍လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ လည်းကောင်း ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ) အဆောက်အအုံများကို အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်က အဆောက်အအုံဆောက်လုပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီးက အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)မှ ဝူရှူးနှင့် ကျွမ်းဘားသင်တန်းသား သင်တန်းသူများ သရုပ်ပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ယနေ့ဖွင့်လှစ်ခဲ့သော အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)အား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၂၄၇၃ ဒသမ ၁၂၉ သန်းဖြင့် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ မြေဧကအကျယ် ၃၇ ဒသမ ၇၀ ပေါ်တွင် တင်ဒါအောင်ကုမ္ပဏီများက တာဝန် ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**



## မြန်မာ့ရုပ်မြင်သံကြား News Channel

၂၉-၃-၂၀၁၆ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆ း ၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈ း ၃၅ - **နမ့်စန်တောင်ကြားမှ ယင်းကြားများ**
- ၉ း ၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၁ း ၁၅ - **သမိုင်းပုံရိပ်များထဲမှ လေ့လာစရာဗားကရာ ကျောင်းတော်မဟာ**
- ၁၁ း ၃၅ - ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေသည့် အကြောင်းအရာများ ရှာဖွေရာ

**ညပိုင်း**

- ၁၆ း ၃၅ - Football Magazine (ရောဝတီယူနိုက်တက်)
- ၁၇ း ၁၅ - ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (DJ Wine)
- ၁၈ း ၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၁၉ း ၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၃၂)
- ၂၀ း ၀၀ - ပြည်တွင်းသတင်း
- ၂၀ း ၃၅ - **စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂) သံမဏိစက်ရုံပင်းပက် ဒုတိယအဆင့် စက်ရုံစမ်းသပ်လည်ပတ်ခြင်း**
- Yes or No Talk Show (Review of Season -1) (Part-1)
- **6th ASEAN Quiz (Part-2)**
- နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ** (အပိုင်း-၂၂)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**


## မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ သင်္ကြန်တွင်း(၁၀)ရက်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၃၂၊ မဟာစည် ဗုဒ္ဓသာသနာ့ရိပ်သာ၌ (၁၀၁)ကြိမ်မြောက် သင်္ကြန်တွင်း (၁၀)ရက်တရားစခန်းပွဲကို မေတ္တာအေးဆရာတော် အရှင်သုဇာတနှင့် ချမ်းမြေ့ မေတ္တာဆရာတော် အရှင်ခေမာသီရိတို့မှ ၁၀-၄-၂၀၁၆ရက်မှ ၂၀-၄-၂၀၁၆ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများ ဖုန်း-၀၁-၈၅၆၆၅၈၀၊ ၀၉-၅၁၃၇၉၈၁၊ ၀၉-၄၄၈၀၂၁၅၄၆၊ ၀၉-၂၅၃၂၄၂၁၀၆ တို့သို့ စာရင်းပေးသွင်းပြီး ၉-၄-၂၀၁၆ရက် ညနေ ၄နာရီ အရောက်လာရပါမည်။

## ဆရာဌေး နှင့် သမီး-ဆရာမ ဌေးစန္ဒာလွင်

B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။

ပြေ (၂/၇)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 0951 72096, 09254541441

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၈၁၁၀၆ Yinxiang M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဖူးမောင် ၁၄/ပတ(နိုင်)၀၀၃၂၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခဝလင်းနောင် CDC 68681 ၏ NAVIGATIONAL WATCH (WK) No. D 00291714 လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၇၉၈၁၇၂၇၃၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၅၉၄၇၁ Honda RSX ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၁၄/ပသန(နိုင်)၂၅၃၀၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

ခြောက်လက်မပတ်လည် ကွန်ကရစ်တုံးများ ရောင်းရန်ရှိပါသည်။ တစ်တုံး ၆၅ ကျပ်

**ဖုန်း-၀၁-၆၄၄၅၀၆**
**၀၉-၅၀၄၈၉၈၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်လေးပင်မြို့၊ မြို့မ (၅) ရပ်ကွက်၊ တိုးချဲ့ (၂)လမ်းနေ ဦးကျော်စိုး၏သား မောင်ဝေယံစိုး(ခ) မောင်နေမင်းနိုင် ၇/ညလပ(နိုင်)၁၈၇၁၉၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၁-၄-၁၉၉၇ ဖြစ်ပါကြောင်း။

**မောင်ဝေယံစိုး(ခ)မောင်နေမင်းနိုင်**

## အမည်မှန်

လယ်ဝေးမြို့နယ်၊ သပြေပင်ကျေးရွာတွင်နေထိုင်သော ဦးညီမောင်၏သမီး ဒေါ်ထွေး ၉/လဝန(နိုင်)၀၁၄၀၀၆ ၏ အမည်မှန်မှာ ဒေါ်ခင်ထွေးဖြစ်ပါကြောင်း။

**ဒေါ်ခင်ထွေး**

ဒေါ်အေးအေးမြင့် ၁၂/သဃက(နိုင်)၁၁၀၈၈၄၏ ၂၃-၃-၂၀၁၆ ရက် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်အား တုံ့ပြန်ကြေညာသိစေခြင်း

[illegible]

ဦးစိုးမြင့် (LL.B/6283) ADVOCATE

## ရွှေခြံရာဇာ ကုမ္ပဏီလီမိတက် ဖျက်သိမ်းကြောင်းကြေညာခြင်း

ရွှေခြံရာဇာ ကုမ္ပဏီလီမိတက်ကို အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်၀၁၄၁/၂၀၁၃ဖြင့် အသေးစားငွေရေး ကြေးရေးလုပ်ငန်း လုပ်ကိုင်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် ကျွမ်းကျင်ဝန်ထမ်း အခက်အခဲရှိပါသဖြင့်လုပ်ငန်း ပိတ်သိမ်းပြီး စာရင်းရှင်းလင်း ဖျက်သိမ်းမည်ဖြစ်ပါ၍ အသင်းဝင်များ အနေဖြင့် ပေးရန်၊ ရရန်များကို ကုမ္ပဏီတည်ရှိရာ အမှတ် (၂၉၉/၉)၊ ကံဦးလမ်းမကြီး မြင်းခြံမြို့သို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း နောက်ဆုံးထားဆက်သွယ်ကြရန် အကြောင်းကြားအပ်ပါသည်။

**ဦးသန့်ဇော်(မန်နေဂျင်းဒါရိုက်တာ)**

## သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ကသာမြို့၊ (၆)ရပ်ကွက်၊ တပ်မတော်လမ်း၊ အမှတ် (၂၁)နေ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသန်းဖေ ၉/မနမ(နိုင်)၀၃၇၄၅၀နှင့် ၎င်း၏ဇနီး ဒေါ်နီနီဝင်း(ကွယ်လွန်) ၉/မနမ(နိုင်)၀၃၇၄၅၁တို့၏သားဖြစ်သူ မောင်ကျော်စွာဝင်း ၈/ပခက(နိုင်)၀၀၁၇၄၇သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုပြောစကားများကို နာခံဆောင်ရွက်ခြင်းမရှိသည့်အပြင် ဖခင်ဖြစ်သူအား အမျိုးမျိုးစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ် အခါခါ ပြုမူဆောင်ရွက်လျက်ရှိပါသဖြင့် ဦးသန်းဖေမှ မောင်ကျော်စွာဝင်းအား ၎င်း၏သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ဦးသန်းဖေမှ မောင်ကျော်စွာဝင်းနှင့်လုံးဝမသက်ဆိုင်တော့ပါကြောင်း၊ မောင်ကျော်စွာဝင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တစ်စုံတစ်ရာ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း မောင်ကျော်စွာဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဖေ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဖေယျ** LL.B အထက်တန်းရှေ့နေ (စဉ်-၃၃၀၆၈)

**ဒေါ်စုရည်လှိုင်** LL.B, C.B.L အထက်တန်းရှေ့နေ(စဉ်-၄၃၄၅၀)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၅၆၅၈၁၊ HONDA WAVE 100 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းအောင် ၁၄/အမန(နိုင်)၁၄၁၂၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်2E/4976၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၅၅၈၂၂ Toyota- 125 ယာဉ်လက်ဝယ်ရှိသူ Tet Nay Chi Co., Ltd.မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၊ ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၀၂၇၂)၊ ဧရိယာ ၀ဒသမ ၁၁၂ ဧက ဦးဘိုလေး အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၄၁/ ၂၀၁၆ (၁၁-၃-၂၀၁၆)တင်ပြ၍ ဒေါ်ခင်စန္ဒာထွန်း ၁/မကန(နိုင်)၀၀၀၆၂၁ (ဘ)ဦးဘထွန်းက မြေငှားစာချုပ် အမည်ပြောင်း လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ညဘက်ဆီးသွားများခြင်းနှင့် လေဖြတ်ရောဂါ

ကြည်လွင်မြင့်(မုံရွာ)



သက်ကြီးရွယ်အိုများတွင် ညဘက် ဆီးထသွားရသည့်ပြဿနာရှိသည်။ လူကြီးဟုခေါ်ရမည့် အရွယ်အသက် ၆၅ နှစ်ကျော်များတွင် ဖြစ်လေ့ရှိသည်။ လေဖြတ်ရောဂါဖြစ်ပွားလေ့ရှိသောအချိန်ကို လေ့လာကြည့်သောအခါ နံနက်စောစောပိုင်းအချိန်တွင် ဖြစ်လေ့ရှိပြီး များသောအားဖြင့် အပေါ့စွန့်ရန်၊ ဆီးသွားရန် ထသွားပြီးနောက် ဖြစ်လေ့ရှိသည်ကို တွေ့ရှိရသည်။

လေဖြတ်ခြင်းသည် အဖျားရောဂါနှင့် မတူပါ။ လေဖြတ်ပြီး လဲကျနေသူအတော်များများသည် ခြေလက်များအေးစက်နေသည်ကို တွေ့ရသည်။ မျက်စိမဖွင့်၊ ဖွင့်လျှင်လည်း အမြင်ဝေဝါးနေသည့် ပုံသဏ္ဌာန်ဖြစ်နေသည်။

ညအိပ်ရာဝင်ချိန်တွင် အစားအသောက်များစွာစားပြီး အစာမကြေဖြစ်သူများ တစ်နည်းအားဖြင့် အသက်အရွယ်ကြောင့် ဝမ်းမီးအားနည်းသူများသည် အစာမကြေရာမှ ညအိပ်နေစဉ် သွေးပေါင်ချိန်တက်လာတတ်သည်။ ရင်ပြည့်ရင်ကယ်ဖြစ်ပြီး အော့ချင်အန်ချင်သလိုဖြစ်ရာ အိပ်ရာမှထပြီး ရေချိုးခန်း (သို့မဟုတ်) အိမ်သာသို့သွားပြီးအော့အန်ရာမှ လေဖြတ်လဲကျသွားသူများလည်းရှိသည်။ အချို့မှာ အချိန်ကြာမြင့်စွာ အေးစက်နေသည့် ရေချိုးခန်းသမံတလင်းနေရာတွင် လဲကျနေသည်ကို တွေ့ရဖူးသည်။

ဝမ်းလျှောစာကိုစားပြီး ညအချိန်မတော်ဝမ်းသွားရာမှ အိမ်သာအတွင်း၌ပင် လဲကျလေဖြတ်သူ များစွာရှိသည်။ ဝမ်းအကြိမ်ကြိမ်သွားသူများသည် ကြွက်သားများအားနည်းပြီး ပျော့ခွေသွားသဖြင့် မလှုပ်မရှားနိုင်ဖြစ်ကာ လေဖြတ်သကဲ့သို့ပင် မထနိုင်တော့ဘဲ လဲကျနေတတ်သည်။ တစ်ကိုယ်လုံးမလှုပ်ရှားနိုင်ဘဲ အားပြတ်သွားခြင်းဖြစ်သည်။

နေပူပြင်းသောရာသီတွင် နေ့လယ်ကချက်သောဟင်းကို ပြန်နွှေးစားပြီး ဝမ်းပျက်ဝမ်းလျှော ဖြစ်သူများ တွေ့ရဖူးသည်။ စာရေးသူ၏အဘိုးအသက် ၇၇ နှစ်အရွယ်သည် နေ့လယ်ကချက်ထားသော ချဉ်ပေါင်ဟင်းကို ညနေတွင် ပြန်နွှေးစားသည်။ ညတစ်ရေးနိုးတွင် ဗိုက်နာ၍ ဝမ်းထသွားသည်။ နှစ်ကြိမ်၊ သုံးကြိမ်ခန့် ဝမ်းအရည်များသွားပြီးနောက် အိမ်သာအတွင်းမှ ပြန်မထွက်နိုင်ဘဲ ကြွက်တက်ပြီးလဲကျရာမှ လေဖြတ်သကဲ့သို့ဖြစ်သွားသည်။

ဟင်းများပြန်နွှေးသောအခါ အမြှုပ်များထလာလျှင် သတိထားသင့်သည်။ ဓာတ်ပျက်၊ အချဉ်ပေါက်နေသောဟင်းများနွှေးလျှင် အမြှုပ်များထလာတတ်သည်။ ထိုဟင်းမျိုးကို ပြန်နွှေးစားမိသူများ ဝမ်းချဉ်ပေါက်ပြီး ဝမ်းလျှောနိုင်သည်။ ပူပြင်းသော နွေရာသီတွင် ပို၍သတိထားသင့်သည်။

ဝမ်းပျက်ဝမ်းလျှောပြီးလဲကျနေသူများသည် လေဖြတ်ခြင်းနှင့်မှားတတ်သည်။ ထိုသူများကို ခန္ဓာကိုယ်ကို သန့်စင်ပေးပြီး ခြေလက်များအေးစက်နေလျှင် နွေးထွေးလာအောင် အလျင်အမြန်ပြုပြင်ပေးရမည်။

ညဘက် ဆီးအကြိမ်ကြိမ်ထသွားသူများ လေဖြတ်ခံရလေ့ရှိသည်။ ရက်ရှည်လများ ညဘက်ဆီးသွားနေရလျှင် မည်သည့်အကြောင်းကြောင့်ဖြစ်သည်ကို စစ်ဆေးသင့်သည်။ ဆီးချိုကြောင့်၊ သွေးတိုးကြောင့်၊ ကျောက်ကပ်ရောဂါကြောင့် ဆီးသွားခြင်းတို့ဖြစ်နိုင်ပြီး ရေသောက်များခြင်း၊ ရေနွေးကြမ်းအသောက်များခြင်းတို့ကြောင့်လည်း ဆီးခဏခဏသွားခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် ရေနွေးကြမ်းသည် အကျိုးပြုသည့် ကောင်းချက်များစွာရှိသော်လည်း ညအိပ်ရာဝင်ခါနီးလျှင် မသောက်သင့်ပေ။ ဆီးသွားခြင်းကို မထိန်းနိုင်သည့် လူကြီးများ၊ ဆီးကျိတ်ပြဿနာရှိသည့် လူကြီးများတွင် အိပ်ရာဝင်ခါနီး ရေကိုလျှော့သောက်သင့်သည်။

ညအိပ်ရာဝင်ချိန် စားသောအစာသည် အာယုဗေဒဆေးပညာအရ လေစာနှင့်အပုပ်စာဖြစ်သဖြင့် မစားသုံးသင့်သောအစာများဖြစ်သည်။ ဗုဒ္ဓသာသနာတွင် ဘုန်းကြီး ရဟန်းများကိုကြည့်လျှင် နေ့လွဲညစာကို ရှောင်ကြဉ်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ ရှောင်ကြဉ်ခြင်းကြောင့်လည်း ရဟန်းတော်များမှာ သာမန်လူများထက် ပို၍ကျန်းမာသည်ကို တွေ့ရမည်ဖြစ်သည်။ မလွဲမရှောင်သာ၍ ညစာကို စားသုံးမည်ဆိုပါက ညဘက် ဆီးထသွားစေနိုင်သည့် လေစာ၊ အအေးစာများကို ရှောင်ကြဉ်သင့်သည်။ ရှောင်ကြဉ်သင့်သောအစာများကို ဖော်ပြရသော်-

**ညဘက် ဆီးအကြိမ်ကြိမ်ထသွားသူများ လေဖြတ်ခံရလေ့ရှိသည်။ ရက်ရှည်လများ ညဘက် ဆီးသွားနေရလျှင် မည်သည့်အကြောင်းကြောင့်ဖြစ်သည်ကို စစ်ဆေးသင့်သည်**

၁။ ရေနွေးကြမ်း (လက်ဖက်ခြောက်ခပ်ထားသောအဖန်ရည်)သည် ဆီးရွှင်စေသော သတ္တိရှိသည်။
၂။ ကြက်သွန်နီကို ပါးပါးလှီးပြီး သံပရာရည်ဆမ်းထားသောအချဉ်ကို အချို့က ထမင်းပွဲတွင် ထည့်လေ့ရှိကြသည်။ ကြက်သွန်နီသည် ဆီးရွှင်စေသောသတ္တိရှိသည်။
၃။ သခွားသီးစိမ်းကို တို့စရာအဖြစ်လည်းကောင်း၊ အသုပ်အဖြစ်လည်းကောင်း စားလေ့ရှိကြသည်။ သခွားသီးသည် အအေးစာဖြစ်သည့်အပြင် ဆီးရွှင်စေသည်။
၄။ ဂေါ်ဖီထုပ်ကို ကြော်၍လည်းကောင်း၊ သုပ်၍လည်းကောင်း စားလေ့ရှိကြသည်။ အချို့က အဆီကျအောင် ဂေါ်ဖီထုပ်ကိုပြုတ်ပြီး ဟင်းအနှစ်ဖြင့် ညစာအဖြစ် စားလေ့ရှိကြသည်။ ၎င်းသည်လည်း အအေးစာဖြစ်ပြီး ဆီးရွှင်စေသည်။
၅။ ခွေးတောက်ရွက်ဟင်းချို၊ အချို့က အခါးကြိုက်သဖြင့် ကြက်ရိုးနှင့် ခွေးတောက်ရွက်ကို ဟင်းချို ချက်စားကြသည်။ ခွေးတောက်ရွက်သည် ပူ၊ ခါး အရသာရှိသည်။ လေကို တွန်းကန်သဖြင့် ဆီးသွားချင်စိတ်ကို မကြာခဏဖြစ်ပေါ်စေသည်။
၆။ မြင်းခွာရွက်ဟင်းချို၊ အသုပ်များ စားသောက်ပါကလည်း ဆီးရွှင်စေသည်။ မြင်းခွာရွက်သည် ကျောက်ကပ်ကို သန့်စင်စေသည်ဟု ဆိုသည်။ တစ်နည်းအားဖြင့် ဆီးကိုများများသွားစေသည်။
၇။ ကော်ဖီသောက်ခြင်းဖြင့်လည်း ဆီးသွားချင်စိတ်ကိုဖြစ်ပေါ်စေနိုင်သဖြင့် အိပ်ရာဝင်ခါနီး ကော်ဖီသောက်ခြင်းသည် လူကြီးများအတွက် မသင့်ပေ။

ညဘက်ဆီးထသွားလျှင် အအေးပတ်ပြီး လေဖြတ်ခြင်းမဖြစ်စေရန် အိပ်ခန်းတွင် အိမ်သာပူးတွဲပါလျှင် အဆင်ပြေသည်။ လူကြီးများအတွက် အိပ်ရာဘေးတွင် အပေါ့သွားရန် ဆီးအိုးထားပေးခြင်းသည် အကောင်းဆုံးဖြစ်သည်။

ညဘက်ဆီးသွားများလျှင် လေဖြတ်ခြင်းဖြစ်နိုင်သည်။ ထိုသို့ဖြစ်သူများမှာလည်း အမျိုးသမီးများထက် အမျိုးသားသက်ကြီးရွယ်အိုများက ပို၍ဖြစ်လေ့ရှိကြောင်း သတိထားကြရန် ရေးသားတင်ပြလိုက်ရပါသည်။

# အညာသီဟတောကျေးရွာ၌ ဗဟိုဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်း



**ခင်ဦး မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် အညာသီဟတောကျေးရွာသည် ခင်ဦးမြို့နယ်မှ ၃၂ မိုင် ရှစ်ဖာလုံကွာဝေးရာ ကျေးရွာလျှပ်စစ်မီးရရှိရန် မတ်လတတိယပတ်က ဗဟိုဆိုလာစနစ်ကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်စိုးနှင့် ဝန်ထမ်းများက အခမဲ့တပ်ဆင်ပေးခဲ့သဖြင့် ယခုအချိန်တွင် လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။

ကျေးရွာ မီးလင်းရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က 200W ရှိသော ဆိုလာပြား ၄၅ပြား၊ (200 Ampere) ဘက်ထရီအိုး ၃၈ လုံးနှင့် အင်ဗာတာနှင့်ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက( 400 V) သံလက်တန်း၊ ကြွေသီး၊ 400 V ကြိုးတို့ကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျေးရွာမှ ကွန်ကရစ်ဓာတ်တိုင် ဝယ်ယူခဲ့ကြောင်း ဗဟိုဆိုလာစနစ်မှာ ၁၅ နာရီကျော် ဓာတ်အားသုံးစွဲနိုင်ပြီး ယခုအချိန်တွင် အိမ်ခြေ ၄၀ ကျော် မီးလင်းနေပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။

**ခင်ဦးစိုးဝေ**

# ရိဒ်ရေကန်သွား ကတ္တရာလမ်းသစ်ဖွင့်

**ရိခေါဒါရ် မတ် ၂၈**

ချင်းပြည်နယ် ဖလမ်းခရိုင် ရိခေါဒါရ်မြို့တွင်းမှ ရိဒ်ရေကန်သွားကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက်က ကျင်းပသည်။

အဆိုပါ ရိဒ်ရေကန်သွားကတ္တရာလမ်းသစ်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်း၊ မြို့စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးဟောက်ခုပ်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဆန်းလျှုရ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

"အခုဖွင့်လှစ်လိုက်တဲ့ ရိဒ်ရေကန်ကတ္တရာလမ်းကို ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရအပေါ် အထူးကျေးဇူးတင်ရှိပါတယ်။ ဒီလမ်းဟာ နိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူတွေသာမက ရိဒ်ရေကန်ကို လာရောက်လည်ပတ်ကြတဲ့ အိမ်နီးချင်းနိုင်ငံသူ နိုင်ငံသားတွေပါ ဝင်ရောက်သွားလာကြတဲ့အတွက် အရေးကြီးတဲ့လမ်း တစ်ခုဖြစ်ပါတယ်။ ဒီလမ်းဟာ အရင်က မြေသားလမ်းဖြစ်ပြီး မိုးရာသီကာလတွေမှာ သွားလာနိုင်ဖို့ အလွန်အခက်အခဲကြုံတွေ့ရတဲ့လမ်းဖြစ်ပါတယ်။ အခုအခါမှာတော့ ကတ္တရာလမ်းအဖြစ်နဲ့ ခင်းကျင်းပေးတဲ့အတွက် ရာသီမရွေး၊ အချိန်အခါမရွေး အဆင်ပြေချောမွေ့စွာသွားလာလို့ရနေပြီ ဖြစ်ပါတယ်။ ရိဒ်ရေကန်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးမှုအပေါ် ပြည်သူတွေကိုယ်စား အလွန်ကျေးဇူးတင်ပါတယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးဇရှမ်းလျန်က ပြောသည်။

**နေစု(ချင်းရိုးမ)**

# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့

**မော်လမြိုင်ကျွန်း မတ် ၂၈**

မော်လမြိုင်ကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ကြီးမှူးကျင်းပသော (၇၁) နှစ်မြောက်တပ်မတော်နေ့နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို မတ် ၂၇ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ခန်းမ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် ၈၅ နှစ်နှင့်အထက် မြို့နယ်စစ်မှု ထမ်းဟောင်းအဖွဲ့ဝင် ၂၄ဦးနှင့် မသန်စွမ်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၂ ဦးတို့အား ထောက်ပံ့ငွေများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ တပ်ကြပ်ကြီးငြိမ်းမောင်(အငြိမ်းစား)နှင့် အဖွဲ့အစည်းပေါင်းစုံတို့က ပေးအပ်ခဲ့သည်။ ယင်းနောက်တက်ရောက်လာကြသော မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ၁၄၀ တို့အား ဆန်နှင့်ထောက်ပံ့ငွေများ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

**ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့တွင် မတ် ၂၇ ရက်က ကျိုက်ဒုံမြို့ အမှတ်(၄)ရပ်ကွက် စည်ပင်သာယာဈေးတွင် ကျိုက်ဒုံမြို့ မီးသတ်ဦးစီးဌာနတာဝန်ခံဦးညီညီထိုက်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်ဈေးတာဝန်ခံ ဦးသန်းဇော်တို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး အခြေခံနည်းလမ်းများ၊ မီးသတ်ဆေးဘူးကို စနစ်တကျသုံးစွဲတတ်စေရန်နှင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြစဉ်။**

(မြို့နယ် ပြန်/ဆက်)



# သင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများနှင့် မူးယစ်ဆေးသုံးစွဲမှုကင်းစင်ရေး စစ်ဆေးအရေးယူဆောင်ရွက်သွားမည်

**မလှိုင် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ရဲတပ်ဖွဲ့ အစည်းအဝေးရုံးခန်းမ၌ မတ် ၂၆ ရက် နံနက် ၁၀ နာရီက ၂၀၁၆ ခုနှစ်အတာသင်္ကြန်ကာလ၌ ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာရေကစားနိုင်စေရန် မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ပေးသွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ်ရဲတပ်ဖွဲ့ ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မိုးက ၂၀၁၆ ခုနှစ် အတာသင်္ကြန်ကာလအတွင်း မိမိတို့မြို့နယ်၌ မှုခင်းများမဖြစ်ပွားစေရေး၊ အေးချမ်းပျော်ရွှင်စွာ ရေကစားနေကြသောပြည်သူများ စိတ်အနှောင့်အယှက်မဖြစ်ပေါ်စေရေးအတွက် အတာသင်္ကြန်ကာလတွင် ဆိုင်ကယ်အိတ်ဇောဖြုတ်စီးသူ၊ ဆိုင်ကယ်တူးဘောက်အတွင်း တုတ်၊ ဓားလက်နက်များပါရှိသူ အားထိရောက်စွာ ဥပဒေအတိုင်းအရေးယူဆောင်ရွက်သွားမည်ဖြစ်သလို မြို့နယ်အတွင်းရှိ ဆေးဆိုင်များကိုလည်း မူယစ်ဆေးဝါးအစရှိသော ဆေးဝါးများ ရောင်းချသုံးစွဲခြင်းမရှိစေရန် စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများအား ၂၀၁၅ မော်တော်ယာဉ် အက်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မရှင်းလင်းသည့်အချက်များကို မေးမြန်းရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်

**ကျော်ကျော်(မလှိုင်)**

# နွေရာသီအားကစား ရက်တိုသင်တန်းဆင်း



**ရန်ကုန် မတ် ၂၈**

လှိုင်သာယာမြို့နယ် မိုးလုံလေလုံအားကစားရုံ၌ မတ် ၂၅ ရက်က မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အားကစားကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်နှင့် ကျန်အားကစားနည်းသုံးမျိုးတို့ တစ်ပတ်တာရက်တို သင်တန်းဆင်းပွဲကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်း ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မတ် ၁၉ ရက်မှ ၂၅ ရက်အထိ သင်တန်းတက်ရောက်ခဲ့သော သင်တန်းသား ၂၀၀ ကျော်အား မျိုးဆက်သစ်လူငယ်များအတွက် နွေရာသီအားကစားသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အေရိုးဗစ်၊ ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် ဖူဆယ်အားကစားသင်တန်းတို့ ပါဝင်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

# သာသနာ့ ဗိမာန်တော်ကြီး လှူဒါန်း

**တပ်ကုန်း မတ် ၂၈**

နေပြည်တော်တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်အတွင်းရှိ မြို့မသီဟနာဒပရိယတ္တိစာသင်တိုက်တွင် သိန်း ၂၀၀၀ကျော်ခန့် သာသနာ့ဗိမာန်အဆောက်အအုံဆောက်လုပ်၍ ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၉ နာရီက အဆိုပါဗိမာန်တော်ကြီး၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တပ်ကုန်းမြို့ ဆရာစံရပ်ကွက် မဟာသီဟနာဒပရိယတ္တိစာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနာ့ဇောတိကဓမ္မာစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တအာစိဏ္ဏ ဆရာတော် အမှူးပြုသော သံဃာတော် ၅၈ပါးတို့အား အလှူဒါယကာ ဦးတင်ဝင်း-အလှူဒါယိကာမ ဒေါ်မိမိနိုင်မိသားစုတို့က သာသနာ့ဗိမာန်တော်ကြီးနှင့်လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းခဲ့ကြသည်။

**တင်စိုးလွင်**

# မျက်မမြင်ကျောင်း ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲကျင်းပ

**မိတ္ထီလာ မတ် ၂၈**

မိတ္ထီလာမြို့နယ် အောင်ဆန်းရပ်ကွက်နယ်မြေတွင် ဖွင့်လှစ်ထားရှိသည့် ဘဝရှေ့ဆောင်မျက်မမြင်ကျောင်း ၁၈ နှစ်မြောက် နှစ်ပတ်လည်နေ့ နှင့် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲကို မတ် ၂၆ ရက်က ယင်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ နှစ်ပတ်လည်နေ့နှင့် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဒေါက်တာခင်မောင်မြင့်၊ အကျိုးတော်ဆောင်အဖွဲ့ဝင်ဦးမြင့်ကြိုင်၊ အလှူရှင်ဦးညွန့်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဘဝရှေ့ဆောင်မျက်မမြင်ကျောင်း ရန်ပုံငွေအတွက် စုစုပေါင်းလှူဒါန်းငွေကျပ် ၆၀၆၀၀၀၀ လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ကျောင်းအကျိုးဆောင်ဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာကြီး ဦးကြည်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ မိတ္ထီလာ ဘဝရှေ့ဆောင်မျက်မမြင်ကျောင်းတွင် အကြောင်းအမျိုးမျိုးကြောင့် အမြင်အာရုံချို့တဲ့သူများအား လူကြီးလူငယ်မရွေး ပြုစုထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိပြီး ၎င်းတို့စိတ်ထက်သန်ရာ အသက်မွေးမှုပညာရပ်များကို လေ့ကျင့်သင်ကြားပေးပြီး ကိုယ့်အားကိုယ်ကိုး ဘဝရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ထူးချွန်ထက်မြက်သည့်တေးဂီတအဆိုရှင်များ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# စွန့်ဦးတီထွင် အမျိုးသမီးလုပ်ငန်းရှင်များ ဟောပြောပွဲကျင်းပ

**တောင်ကြီး မတ် ၂၈**

ရှမ်းပြည်နယ် စွန့်ဦးတီထွင် အမျိုးသမီးလုပ်ငန်းရှင်များ၏ ဟောပြောပွဲနှင့် တွေ့ဆုံနှီးနှောဖလှယ်ပွဲကို မတ် ၂၆ ရက် နံနက် ၈ နာရီခွဲက ဟိုပုံးလမ်းသစ်တောရပ်ကွက် ရွှေရင်ရယ် တောင်ကြီးဟိုတယ်၌ ကျင်းပခဲ့သည်။

အစီအစဉ်အရ ရှမ်းပြည်နယ် စွန့်ဦးတီထွင် အမျိုးသမီးလုပ်ငန်းရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုမို သီတာနှင့် Mr.Wukf တို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဒါရိုက်တာ ဒေါ်စိမ်းဝတ်ရည်က လူမှုအကျိုးစီးပွားရေးလုပ်ငန်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အကြီးတန်းအကြံပေး ဒေါ်သက်စုလှိုင်က မိမိကိုယ်ကိုစီမံခန့်ခွဲခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ပြည်နယ် စွန့်ဦးတီထွင် အမျိုးသမီးလုပ်ငန်းရှင်များ၏ ဟောပြောပွဲနှင့် တွေ့ဆုံနှီးနှောဖလှယ်ပွဲတို့ တက်ရောက်လာကြသော အမျိုးသမီးများနှင့် လုပ်ငန်းရှင်များက အမျိုးသမီးစွန့်ဦးတီထွင် လုပ်ငန်းရှင်များအတွက် စိန်ခေါ်မှုများ၊ လိုအပ်သော ကျွမ်းကျင်မှုများနှင့် စီးပွားရေးဆန်းသစ်တီထွင်မှုပြပွဲအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမေးအဖြေများ ပြုလုပ်ကာ သိရှိလိုသည်များ မေးမြန်းခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ၁၃၇၇/၁၃၇၈ ခုနှစ်အတွက် မဟာသင်္ကြန် ကျ-အကြတ်-အတက်-နှစ်ဆန်း(၁)ရက်နှင့် ဝါဆို-ဝါကပ်-လ-ရက်များ

**၁။ မဟာသင်္ကြန်ကျရက်**

ဇေယတု-မြန်မာသက္ကရာဇ်၁၃၇၇ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆) ရက်။ ရခိုင်သက္ကရာဇ် ၁၃၇၇ခုနှစ်၊ တာကူးလဆန်း(၆)ရက်။ ခရစ်နှစ် ၂၀၁၆ ခုနှစ် ဧပြီလ(၁၃)ရက် ဗုဒ္ဓဟူးနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် ညနေစက် ၁၀ နာရီ ၄၃ မိနစ် ၅၂ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

**၂။ မဟာသင်္ကြန် အကြတ်ရက်**

မြန်မာသက္ကရာဇ် ၁၃၇၇ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇) ရက်ကြာသပတေးနေ့၊ (၈) ရက် သောကြာနေ့။ ရခိုင်သက္ကရာဇ် ၁၃၇၇ ခုနှစ်၊ တာကူးလဆန်း (၇)ရက် ကြာသတေးနေ့၊ (၈)ရက် သောကြာနေ့။ ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁၄)ရက် ကြာသပတေးနေ့၊ (၁၅)ရက် သောကြာနေ့တို့သည် မဟာသင်္ကြန်အကြတ်ရက် (အကြတ်ရက် နှစ်ရက်) ဖြစ်ပါသည်။

**၃။ မဟာသင်္ကြန် အတက်ရက်**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၉)ရက်။ ရခိုင်သက္ကရာဇ် ၁၃၇၇ ခုနှစ်၊ တာကူးလဆန်း (၉) ရက်။ ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁၆) ရက် စနေနေ့နံနက်ပိုင်း ၂ နာရီ ၄၈ မိနစ် ၃၄ စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

**၄။ မြန်မာ-ရခိုင်-နှစ်ဆန်း (၁) ရက်**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ ဦးတန်ခူးလဆန်း (၁၀) ရက်။ ရခိုင်သက္ကရာဇ် ၁၃၇၈ ခုနှစ်၊ တာကူးလဆန်း (၁၀)ရက်။ ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁၇) ရက် တနင်္ဂနွေနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း (၁) ရက်နေ့ဖြစ်ပါသည်။

**၅။ ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ-ရက်များ**

ဤ ၁၃၇၈ ခုနှစ်တွင် လထပ်ရက်ငင်မရှိပါ၍ ဗုဒ္ဓဘာသာသာသနာတော် ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တို့မှာ-

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် (၁) ရက်။ ရခိုင်သက္ကရာဇ် ၁၃၇၈ ခုနှစ်၊ ဝါဆို လပြည့်ကျော် (၁) ရက်။ ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက် ဗုဒ္ဓဟူးနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာ-ရခိုင်ဝါခေါင်လပြည့်ကျော် (၁) ရက်၊ ဩဂုတ်လ(၁၉ )ရက် သောကြာနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

# မိုဘိုင်းဖုန်းလိုင်းများမကောင်း၍ ဒေသခံများအခက်တွေ့

**ငါ့သရောက် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် ယခုရက်ပိုင်းအတွင်း MPT-GSM မိုဘိုင်းဖုန်းများခေါ်ဆိုရာတွင် ဖုန်းလိုင်းရှိပြီး ဖုန်းခေါ်ဆို၍မရဖြစ်နေကြောင်း သိရသည်။

ယခင်က ငါ့သရောက်မြို့နယ်တွင် MPT-GSM မိုဘိုင်းဖုန်းခေါ်ဆိုရာ၌လည်းကောင်း၊ MPT-GSM မိုဘိုင်းဖုန်းလိုင်းဖြင့်အင်တာနက်အသုံးပြုရာတွင်လည်းကောင်း လိုင်းဆွဲအားကောင်းမွန်ပြီး ဒေသခံပြည်သူများအတွက် အဆင်ပြေလျက်ရှိခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ MPT-GSM မိုဘိုင်းဖုန်းနဲ့ ဖုန်းခေါ်ဆိုတာရော၊ အင်တာနက်အသုံးပြုရာမှာပါ အခုလိုတစ်ခါမှ မဖြစ်ခဲ့ဖူးပါဘူး။ လိုင်းရှိနေပြီးတော့ ဖုန်းခေါ်လို့မရ ဖြစ်နေတဲ့အတွက် အခက်အခဲဖြစ်နေရပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ပြုပြင်ပေးစေလိုပါတယ်” ဟု ငါ့သရောက်မြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သံကူကွန်ကရစ်တံတားသစ်ဖွင့်

**မိုးမိတ် မတ် ၂၈**

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မိုးမိတ်မြို့ မိုးမိတ်-ကုန်းဝက်လမ်းပေါ်ရှိ မြို့အဝင်နမ့်မောင်း ချောင်းကူးတံတားသစ်ဖွင့်ပွဲကို မတ် ၂၆ရက်က ကျင်းပခဲ့သည်။

အဆိုပါ တံတားသစ်ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

နမ့်မောင်းတံတားသစ်ကြီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၈၁၀ ဖြင့် တည်ဆောက်ခဲ့ပြီး တံတားအရှည်ပေ ၂၇၀၊ ခန်းဖွင့်အကျယ်ပေ ၉၀ သုံးခန်း၊ တံတားအကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် သုံးပေနှစ်ဖက်ပါဝင်ကာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရဲလုပ်ငန်းခွင်သင်တန်းအမှတ် (၅/ ၂၀၁၆) သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး မတ် ၂၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲလုပ်ငန်းခွင်သင်တန်း အမှတ်စဉ် (၅/ ၂၀၁၆) ဆင်းပွဲအခမ်းအနားကို မတ် ၂၅ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရဲသူရိန်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ဟန်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၇၄/ ၂၀၁၂) မှအလုပ်သင်တစ်နှစ်နှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၌ တာဝန်ထမ်းဆောင်ခဲ့သည့်အမျိုးသားဒုရဲအုပ် ၃၆ ဦး တက်ရောက်ပြီး ပြည်သူများကိုကာကွယ်စောင့်ရှောက်ရန်အတွက် ပြစ်မှုကြိုတင်ကာကွယ်ရေး၊ လုံခြုံရေးသတင်းရယူရေး၊ တာဝန်များထမ်းဆောင်နေကြသည့်တပ်ဖွဲ့ဝင်အရာရှိများအား စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး စွမ်းရည်ပြည့်ဝထက်မြက်သည့် ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်လာစေရန် ရည်ရွယ်ကာ သင်တန်းကို ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၂၅ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနား သို့ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်နိုင်၊ ဦးစီးအရာရှိ ပထမတန်း ဒုတိယ ရဲမှူးကြီး မြင့်ဦး၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးစိန်ထွန်းနှင့် တိုင်းရဲအကူတပ်ဖွဲ့ခွဲမှူး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့နယ် မြေအတွင်းရှိ တပ်ဖွဲ့ဌာနများမှ တပ်ဖွဲ့ခွဲမှူးများ၊ တာဝန်ခံအရာရှိများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး၊ ဦးစီးရဲမှူး (ရေးထောက်) နှင့် ဦးစီးအရာရှိများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ မြို့မရဲစခန်းမှူးများ၊ နယ်မြေရဲစခန်းမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# နတ်တလင်းမြို့နယ်၌ ၁၆ ခုတင်ဆံ့ ဆေးရုံသစ်တည်ဆောက်ပြီးစီး

**နတ်တလင်း မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ချဉ်ယုတ်ကွင်းကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဟော်နန်းသာကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ရာ မတ် ၂၄ ရက်က ပြီးစီးပြီဖြစ်ကြောင်း တာဝန်ယူ တည်ဆောက်လျက်ရှိသော ဦးစိုင်းသီဟက ပြောသည်။

၁၆ ခုတင်ဆံ့ ဆေးရုံ ပင်မဆောင်မှာ အလျား ၁၂၆ ပေ၊ အနံ ၈၉ ပေ၊ အမြင့် ၁၄ ပေရှိ RC တစ်ထပ် ဆောင်ဖြစ်ပြီး လူနာဆောင်၊ သား ဖွားဆောင်၊ ခွဲစိတ်ဆောင်၊ ဆရာဝန် ရုံးခန်း၊ ဓာတ်မှန်ဆောင်၊ အရေးပေါ်ကုသဆောင်၊ ပြင်ပလူနာကုသဆောင်တို့ပါဝင်ကာ ဆရာဝန်နေရန် အလျား ၄၄ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေ RC တစ်ထပ်တိုက်တစ်လုံး၊ သူနာပြုများနေထိုင်ရန် လေးခန်းတွဲအလျား ၇၂ ပေ၊ အနံ ၃၂ ပေ၊ အမြင့် ၁၂ ပေရှိသော RC တစ်ထပ်တိုက် တစ်လုံးနှင့် အလျား ပေ ၅၀၊ အနံ ၃၈ ပေ၊ အမြင့် ၁၂ ပေရှိ RC တစ်ထပ် လေးခန်းတွဲတစ်လုံး၊ ဆေးရုံ အလုပ်သမားများနေရန် အတွက် အလျား ၃၇ ပေ ၆ လက်မ၊ အနံ၃၈ ပေ၊ အမြင့် ၁၂ ပေ သုံးခန်းတွဲနှစ်လုံး၊ သောက်သုံးရေအတွက် ရေဂါလန် ၃၂၀၀ ဆံ့ မြေအောက်ရေကန်နှစ်ကန်၊ ဂါလန် ၁၆၀၀ ဆံ့ သံရေစင်တစ်ခုတို့ကို တည်ဆောက်ပြီးစီးပြီဖြစ်သည်။

ဆေးရုံ၏ အကျယ်အဝန်းမှာ အလျား ပေ ၄၉၀၊ အနံ ၂၆၅ ပေဖြစ်သည်။

ရွှေတောင်၊ သဲကုန်း၊ ပေါင်းတည်မြို့နယ်တို့ရှိ ကျေးရွာအုပ်စုများနှင့်နီး၍ နတ်တလင်းမြို့နယ် အနောက်ခြမ်း၏ အချက်အချာကျသောနေရာတွင် တည်ဆောက်ထားသဖြင့် ဒေသခံပြည်သူများ ကျန်းမာရေးအတွက် အထောက်အကူပေးနိုင်တော့မည်ဖြစ်ကြောင်း ဒေသခံ ဦးစောထွန်းက ပြောသည်။

**(ဝ၆၂)**

# ဒီပဲယင်း၌ အယ်နီညိုရာသီဥတုကြောင့် နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးဆောင်ရွက်

**ဒီပဲယင်း မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အယ်နီညိုရာသီဥတုကြောင့် နွေရာသီ၌ သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရန်၊ သန့်ရှင်းသောသောက်သုံးရေရရှိစေရန်နှင့် ကျေးရွာများတွင် လက်ရှိရေသုံးစွဲမှုအခြေအနေတို့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ဒီပဲယင်းမြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကွင်းဆင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရန် လက်ရှိရေသုံးစွဲမှုအခြေအနေကိုကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ရေရှားပါးမှုဖြစ်ပေါ်နိုင်သည့် ကျေးရွာများအား ကြိုတင်ဆောင်ရွက်ရမည့်



လုပ်ငန်းများကို ကျေးရွာများနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း၊ ယခုလက်ရှိ ရေရှားပါးမှုဖြစ်ပေါ်နေသည့် အေးငြိမ်းသာယာကျေးရွာနှင့် ဆပ်သွား ကျေးရွာများကိုလည်း သောက်သုံးရေ ဖြန့်ဝေပေးခြင်းနှင့် စက်သုံးဆီ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ **သိန်းထွန်း(ဒီပဲယင်း)**

## သတင်းတိုများ

### ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘုရားကြီးရပ်ကွက်၌ ကိုယ့်အားကိုယ်ကိုး ရပ်စုံကျောင်းလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲကို မတ် ၂၅ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေးနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ နယ်မြေခံတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်စုံကျောင်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် သိန်း ၅၀၊ စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် သိန်း ၁၀၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၂၇ သိန်း စုစုပေါင်း ငွေကျပ် ၃၇၇ သိန်းဖြင့် ယခင်ကျောက်ခင်းလမ်းကို အလျားပေ ၁၆၅၀၊ အကျယ် ၁၂ ပေရှိ ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

### တရားလွှတ်တော် တရားသူကြီးချုပ် ဟင်္သာတအကျဉ်းထောင်ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းသည် မတ်လတတိယပတ်က ဟင်္သာတအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံဦးစီးအရာရှိ ဦးအေးနိုင်က အကျဉ်းသားများ၊ အချုပ်တရားခံများ၏အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်သည် အချုပ်ခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အချုပ်သားများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းမိုလ်(ပြန်/ဆက်)**

### မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မီးဘေးလုံခြုံရေးနှင့် ရှေးဦးမီးငြိမ်းသတ်နည်းသရုပ်ပြခြင်းကို မတ် ၂၅ ရက် ညနေ ၃ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။ အဆိုပါ လက်တွေ့မီးငြိမ်းသတ်နည်းကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများက သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ကျေးရွာချင်းဆက်ကျောက်ချောလမ်းပိုင်းဖွင့်

လပွတ္တာမြို့နယ်အတွင်း ပျဉ်ထောင်တွင်း-သပြုကုန်း- ဂန့်အိတ်ကျေးရွာချင်းဆက် ကျောက်ချောလမ်း (၄/၇. ၉) မိုင် ဖွင့်ပွဲအခမ်းအနားကို ပျဉ်ထောင်တွင်းကျေးရွာ မုခ်ဦးရှေ့၌ မတ်လတတိယပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်မျိုးက ကျောက်ချောလမ်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ပြီး အဆိုပါ ကျောက်ချောလမ်း ဖွင့်လှစ်ခြင်းဖြင့် ဂန့်အိတ်ကျေးရွာအုပ်စုနှင့် သပြုကုန်းကျေးရွာအုပ်စုများရှိ ကျေးရွာခုနစ်ရွာမှ ကျေးရွာသူ ကျေးရွာသားများ အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးဖွင့်

**တောင်ကြီး မတ် ၂၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် တောင်ကြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ရုံးသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီခွဲက ရုံးသစ်အဆောက်အအုံရှေ့၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ရုံးသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးစဝ်အောင်မြတ်က ရုံးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **စိုင်းသန်းကျော် (တောင်ကြီး)**

# တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ကိုင်းချောင်းကျေးရွာစိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းဖွင့်

**ကျောက်ဖြူ မတ် ၂၈**

ကျောက်ဖြူမြို့နယ် ကိုင်းချောင်းကျေးရွာစိမ့်စမ်းရေသွယ် ဆောင်ရွက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၆ သန်းဖြင့် (Auethentic Acme) ကုမ္ပဏီက ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါရေပေးရေးလုပ်ငန်းကို (၇၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် ကိုင်းချောင်းကျေးရွာ၌ မတ် ၂၆ ရက်က ကျင်းပခဲ့ရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဦးတင်မောင်၊ စနဲမြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်နိုင်၊ ကိုင်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူတစ်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကိုင်းချောင်းကျေးရွာသူ/ ကျေးရွာသားများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး အိမ်ခြေ ၉၅ အိမ်နှင့် လူဦးရေ ၅၀၀ကျော်ခန့် သောက်ရေ၊ သုံးရေများကို ရာသီမရွေးမပြတ်သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကန်ကလေးစေတီဗုဒ္ဓပူဇနိယပွဲတော်တွင် ရိုးရာလှေပြိုင်ပွဲထည့်သွင်းကျင်းပ

**မုဒုံ မတ် ၂၈**

မုဒုံမြို့နယ် ကျုံဖိုက်ကျေးရွာ၊ ကန်ကလေးစေတီ၌ တပေါင်းလပြည့်နေ့က ကျင်းပခဲ့သော ဗုဒ္ဓပူဇနိယပွဲတော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာလှေပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့ပြီး တပေါင်းလဆန်း ၁၄ ရက်မှ တပေါင်းလပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

မုဒုံမြို့နယ်၏ အထင်ကရ သမိုင်းဝင်စေတီတစ်ဆူဖြစ်သော ကန်ကလေးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော် ရိုးရာလှေပြိုင်ပွဲကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကန်ကလေးစေတီဂေါပကအဖွဲ့၊ ပြိုင်ပွဲကျင်းပရေးကော်မတီတို့က ဦးစီးကျင်းပခဲ့ခြင်းဖြစ်ကာ ရိုးရာလှေပြိုင်ပွဲတွင် ဆုရလှေအသင်းများကို ထိုက်တန်စွာ ဆုချီးမြှင့်ခဲ့သည်။

အဆိုပါ ရိုးရာလှေပြိုင်ပွဲကို ကန်ကလေးကန်အတွင်းပိုင်း၌ ကျင်းပရာ ပရိသတ်များက အိုးစည်ဗုံမောင်းများဖြင့် ရိုးရာတေးသီချင်းများ သီဆိုတီးမှုတ်၍ လာရောက်အားပေးခဲ့ကြပြီး နောက်ဆုံးအဆင့် ယှဉ်ပြိုင်ပွဲတွင် ကိုယ်အသင်းက ပထမရရှိခဲ့သည်။

"ဒီလှေပြိုင်ပွဲကို ပြုလုပ်တာ ဓလေ့တစ်ခုလိုဖြစ်နေတာပါ။ ပြိုင်ပွဲဝင်လှေအမျိုးအစားတွေက ရိုးရာလောင်းလှေအမျိုးအစားတွေဖြစ်ပြီး ယဉ်ကျေးမှုအမွေအနှစ်အနေနဲ့ ယခုထက်တိုင် စိတ်ဓာတ်တက်ကြွစွာဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်ပါတယ်"ဟု လှေပြိုင်ပွဲတွင် ပထမဆုရရှိသောအသင်းမှ ကိုယ်က ပြောသည်။

**မုဒုံ မောင်မောင်**

# ကျေးရွာများတွင် ရေပြတ်လပ်မှုမဖြစ်စေရန် ကွင်းဆင်းဆောင်ရွက်

**ကနီ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ နှစ်စဉ်နွေရာသီရောက်လျှင် သောက်သုံးရေ ရှားပါးမှုများနှင့်ကြုံတွေ့ရသော ပေါက်အင်းတောင်ဒေသမှ အောင်မင်္ဂလာ၊ ရွှေပြည်သာနှင့် အင်တိုင်းတော ကျေးရွာများတွင် ယခုနှစ်နွေရာသီ၌ ရေပြတ်လပ်မှုမရှိစေရန်အတွက် မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ မတ် ၂၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကနီမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းတိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဆိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများက ရွှေပြည်သာကျေးရွာ၌ အလှူရှင်များစုပေါင်း၍ စက်ရေတွင်း တူးဖော်နေမှုနှင့် ကျေးရွာများတွင် အသုံးပြုလျက်ရှိသော မြေသားကန်များတွင် ရေလက်ကျန်အခြေအနေများကို ကြည့်ရှုခဲ့ပြီး အယ်နီညိုရာသီဥတုကြောင့် ရေပြတ်လပ်မှုမရှိရေး ကြိုတင်စီစဉ်ဆောင်ရွက်ရမည့်အခြေအနေနှင့် ရေပြတ်လပ်မှုဖြစ်ပွားပါက အရေးပေါ် သယ်ယူပို့ဆောင်ပေးနိုင်ရေးတို့အတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ယခုနှစ်တွင် ကနီမြို့နယ်အတွင်း အယ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေများ ပြတ်လပ်မှုမရှိစေရေး၊ သဘာဝဘေးအန္တရာယ်များမဖြစ်စေရေးနှင့် ကျန်းမာရေးဆိုင်ရာများကို ပြည်သူများ သိရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲများကိုလည်း မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနများပူးပေါင်း၍ ကွင်းဆင်းပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**

# နန့်သဲချောင်းကူးရေကျော်တံတားတည်ဆောက်ပြီး၍ ဒေသခံများ သွားလာရေးအဆင်ပြေလျက်ရှိ

**အင်းတော် မတ် ၂၈**

ရွှေဘို-မြစ်ကြီးနား ကားလမ်းမကြီး၏ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း လမ်းပိုင်းပေါ်မှ နန့်သဲရေကျော်တံတားကို မတ်လဆန်းက တည်ဆောက်ပြီးစီးခဲ့ပြီးနောက် ယခုအခါ ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။



နန့်သဲချောင်းကူး ရေကျော်တံတားသည် ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိပြီး မရှိမဖြစ်လိုအပ်လျက်ရှိသော တံတားတစ်စင်းဖြစ်ကြောင်း၊ ယခုအခါ တံတားဆောက်လုပ်ပြီးစီးသွားပြီဖြစ်သောကြောင့် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေလျက်ရှိကြောင်း အင်းတော်မြို့နယ် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိက ပြောကြားသည်။

နန့်သဲချောင်းသည် အင်းတော်မြို့နှင့် ရှစ်မိုင်ခန့်အကွာအဝေးတွင် တည်ရှိပြီး နှစ်စဉ်မိုးရာသီကာလများ၌ ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်တတ်ကာ ချောင်းရေကြီးတိုင်းတွင်လည်း ယာဉ်များသွားလာ၍မရဘဲ ရေကျမှသာ သွားလာနိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ချောင်းကူးတံတားကို ယခုနှစ် ဇန်နဝါရီလဆန်းတွင် စတင်ဆောက်လုပ်ခဲ့ကာ မတ်လဆန်းက ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ဝ၇၆)**

# ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် တိုင်းတာရေးလုပ်ငန်းဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E&P Pte., Ltd. သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် 3D Seismic Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV - RAMFORM TITAN ဖြင့် ၂၀၁၆ ခုနှစ် မတ်လ ၂၇ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

3D Seismic Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၄မိနစ် ၄၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝ၉ မိနစ် ၃၅ စက္ကန့်၊ Point Bမြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၄ မိနစ် ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၀ မိနစ် ၅၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ် ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၀ မိနစ် ၄၆ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ် ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ဝ၉ မိနစ် ဝ၇ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၉ မိနစ် ၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ဝ၉ မိနစ် ဝဝ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၉ မိနစ် ၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝ၉ မိနစ် ၃၅ စက္ကန့်နှင့် Point Aမြောက်လတ္တီတွဒ် ၁၇ဒီဂရီ ၁၄ မိနစ် ၄၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝ၉မိနစ် ၃၅ စက္ကန့်အတွင်းတွင်ဖြစ်ပါသည်။

သို့ဖြစ်၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် 3D Seismic Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV - RAMFORM TITAN ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်းလုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီး၍ ဖွင့်ပွဲကျင်းပ

**ထီးချိုင့် မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်းရှိ ဖက်တဲ၊ ဒိုးပင်နှင့် တောမကျေးရွာများတွင် ၂၄ နာရီလျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ခဲ့သော မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲများကို မတ် ၂၆ ရက်က ကျေးရွာတစ်ရွာစီ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဘဏ္ဍာ/အခွန်ဝန်ကြီး ဦးတင်ဝင်း၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးစိန်ကျော်တင့်နှင့် ထီးချိုင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစည်သူနေမျိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါကျေးရွာများတွင် ၂၄ နာရီ မီးလင်းရေးအတွက် တစ်ရွာလျှင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးစီကို လျှပ်စစ်ဌာနက တပ်ဆင်ပေးကာ ကျန်ကုန်ကျငွေများကို ကျေးရွာများမှ ပြည်သူများက ကိုယ့်အားကိုယ်ကိုးထည့်ဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **လူအောင်(ကသာ)**

# သံကူကွန်ကရစ်တံတားသစ် ဖွင့်လှစ်

**စလင်း မတ် ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် လက်ပံကျင်းကျေးရွာ၌ လက်ပံကျင်းချောင်းကူး သံကူကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၇ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်နှင့် မကွေးတိုင်းဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ လက်ပံကျင်းချောင်းကူးတံတားသစ်သည် အရှည် ပေ ၃၆၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ပြီး တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုငွေကျပ် သန်း ၆၀၀ ဖြင့် ၂၀၁၅ ခုနှစ် မတ်လအတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ တံတားပြီးစီးပြီဖြစ်သဖြင့် စလင်း၊ ကံပြား၊ စေတုတ္တရာမှ ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီးနှင့် ရွှေစက်တော်ဘုရားတို့သို့ အလွယ်တကူဆက်သွယ်သွားလာနိုင်ပြီဖြစ်၍ ဒေသခံပြည်သူများအတွက် များစွာအဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ကုသိုလ်ဖြစ်တိုင်းရင်းဆေးခန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စည်ပင်လမ်းနှင့် ယဉ်ကျေးမှုလမ်းထောင့်၌ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ ဖွင့်လှစ်သော ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းကို မတ် ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကုသိုလ်ဖြစ်ဆေးခန်းတွင် တာဝန်ခံအလုပ်အမှုဆောင်များအဖြစ် ဥက္ကဋ္ဌ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးဝင်းလွင်နှင့် အဖွဲ့ဝင် သုံးဦးတို့က ကြီးကြပ်၍နေ့စဉ် နံနက် ၈ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်နှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီအထိတစ်ကြိမ် ကုသိုလ်ဖြစ် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးညီညီနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးသန်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကြသည်။ ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင် ဦးသောင်းလွင်က မြန်မာတိုင်းရင်းဆေးသမားတော်ကြီးများ၏ ဆေးပညာဖြင့် ပြည်သူလူထုအား အသက်ကယ်ခြင်းလုပ်ငန်းစဉ်၏ မွန်မြတ်သော ဒါနအကျိုးတရားများကို ပြောကြားကာ ဒဂုံ(ဆိပ်ကမ်း)မြို့နယ် တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးဝင်းကိုက ကုသိုလ်ဖြစ်အခမဲ့ဆေးခန်း ရေရှည်တည်တံ့ခိုင်မာစေရန်နှင့် မြို့နယ်ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ပေးနိုင်ရန် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**



# စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

**ရေး မတ် ၂၈**

မွန်ပြည်နယ် ရေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ (၇၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် မသန်စွမ်း စစ်မှုထမ်းဟောင်းများ၊ အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းများ၊ မော်ကွန်းဝင်နှင့် သူရဲကောင်းမှတ်တမ်းဝင် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ကြေးငွေများကို မတ် ၂၇ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် မသန်စွမ်း စစ်မှုထမ်းဟောင်း ၂၄ဦး၊ အသက် ၇၅ နှစ်အထက် သက်ကြီးစစ်မှုဟောင်း ၂၃ ဦး၊ သူရဲကောင်းဘွဲ့ရ သုံးဦးနှင့် မော်ကွန်းဝင်ဆုတံဆိပ်ရ နှစ်ဦးအား ထောက်ပံ့ကြေးငွေများကိုလည်းကောင်း၊ ရေးမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အားလုံးကို ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

# ကွန်ကာကပ်ဖ်ဇုန်မှာ အမေရိကန်တို့ ခြေစစ်ပွဲအောင်နိုင်ပါ့မလား

မိုးမြင့်လင်းလက်



၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲရဲ့ ကွန်ကာကပ်ဖ်ဇုန် ပွဲစဉ်တွေကို မတ် ၂၉ ရက် ညပိုင်းမှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ကွန်ကာကပ်ဖ်ဇုန်မှာ နာမည်ကြီး အမေရိကန်တို့လည်း အခြေအနေမကောင်းတာမို့ ဒီပွဲမှာတော့ အနိုင်ရရှိရေး ခြေကုန်ဖွင့်ကစားရတော့မှာဖြစ်ပါတယ်။ ဒါ့အပြင် အခြေအနေကောင်းနေတဲ့အသင်းတွေကလည်း နောက်တစ်ဆင့် တက်လှမ်းရေးအတွက် ခိုင်မာတဲ့ ရပ်တည်ချက်ရရှိဖို့ ဒီပွဲကို မဖြစ်မနေ နိုင်ပွဲရအောင် အားထုတ်မှာမို့ ကြည့်ကောင်းမယ့်ပွဲတွေအဖြစ် မြင်တွေ့ရပါလိမ့်မယ်။

**အမေရိကန်နှင့် ဂွာတီမာလာ**

အုပ်စု(C)မှာ အမေရိကန်တို့ သုံးပွဲကစားပြီးချိန်မှာ လေးမှတ်သာရရှိထားလို့ ဖိအားတွေကျရောက်နေပါတယ်။ ဂွာတီမာလာတို့ကတော့ သုံးပွဲကစား နှစ်ပွဲနိုင်၊ ခြောက်မှတ်ရရှိပြီး အုပ်စုဒုတိယနေရာမှာ ရပ်တည်နေတာမို့ အမေရိကန်တို့ ပွဲကျပ်အဖြစ် ဧည့်ခံရဖို့ ရှိနေပါတယ်။ ပထမအကျော့ ဂွါတီမာလာကွင်းမှာကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင်တော့ အမေရိကန်တို့ နှစ်ဂိုးပြတ် ရှုံးထားတာမို့ အခုပွဲမှာ အနိုင်ရဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲ တွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် အမေရိကန်တို့က ခုနစ်ပွဲနိုင်ပြီး ဂွာတီမာလာက တစ်ပွဲနိုင်ကာ သရေပွဲငါးပွဲဖြစ်ထားပါတယ်။ အခုပွဲမှာ နိုင်ပွဲလိုအပ်နေတဲ့ အမေရိကန်တို့ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံပါလိမ့်မယ်။

**မက္ကဆီကိုနှင့် ကနေဒါ**

အုပ်စု(A)မှာ မက္ကဆီကိုတို့က သုံးပွဲကစား၊ ကိုးမှတ်နဲ့ ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ ကနေဒါတို့ကတော့ သုံးပွဲကစား၊ လေးမှတ်နဲ့ ဒုတိယနေရာမှာ ရပ်တည်နေပြီး ခြေစစ်ပွဲအောင်ဖို့ အစွမ်းကုန် ကြိုးစားနေပါတယ်။ မက္ကဆီကိုတို့ကတော့ တိုက်စစ်အား ကောင်းမွန်ပြီး ခံစစ်ပိုင်းကလည်း အကောင်းဆုံးအနေအထားရှိနေပါတယ်။ ကနေဒါတို့က တိုက်စစ်မှူးတွေ ဂိုးသွင်း ခြေမမှန်သလို ခံစစ်ပိုင်းကလည်း အားနည်းချက်ရှိနေတာမို့ ဒီပွဲမှာ မက္ကဆီကိုတို့ပဲ အမှတ်ပြည့်ယူဦးမှာ သေချာနေပါတယ်။

**ကော်စတာရီကာနှင့် ဂျမေကာ**

အုပ်စု(B)မှာတော့ ကော်စတာရီကာတို့ ခုနှစ်မှတ်ရရှိနေပြီး ဂျမေကာတို့က သုံးပွဲကစား၊ လေးမှတ်ရရှိထားပါတယ်။ ပထမအကျော့ ဂျမေကာကွင်းမှာ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြီး အခုပွဲမှာတော့ အိမ်ကွင်းဖြစ်တာမို့ ကော်စတာရီကာတို့ သုံးမှတ်အပြည့်ရရှိရေး ခြေကုန်ဖွင့်ပါလိမ့်မယ်။ ကော်စတာရီကာတိုက်စစ်မှူးတွေက ထိုးဖောက်နိုင်စွမ်းရှိတာမို့ ဒီပွဲမှာ အိမ်ရှင်တို့ နိုင်ပွဲရဖို့ များနေပါတယ်။

**ပနားမားနှင့် ဟေတီ**

အုပ်စု(B)မှာ ပနားမားတို့ သုံးပွဲကစားပြီးချိန်မှာ လေးမှတ်ရရှိထားပါတယ်။ ဟေတီတို့ကတော့ သုံးပွဲကစား၊ တစ်မှတ်သာရရှိထားလို့ အခြေအနေမကောင်းပါဘူး။ ဒီနှစ်သင်းရဲ့ ပထမအကျော့ တွေ့ဆုံမှုက ဂိုးမရှိသရေပွဲဖြစ်ထားတာမို့ ပနားမားဟာ အခုပွဲမှာ အမှတ်ရအောင် အားထုတ်တော့မှာဖြစ်ပါတယ်။ ပနားမားတို့က တိုက်စစ်၊ ခံစစ်မျှအောင် ကစားနိုင်ပြီး ဒီပွဲမှာ ခံစစ်အခြေပြု ကစားမယ့် ဟေတီကို ဂိုးရအောင်သွင်းယူပြီး အောင်ပွဲခံပါလိမ့်မယ်။

**ဟွန်ဒူးရပ်ဇ်နှင့် အယ်လ်ဆာဗေဒို**

အုပ်စု(A)မှာတော့ ဟွန်းဒူးရပ်စ်ရော အယ်လ်ဆာဗေဒိုတို့ နှစ်သင်းစလုံး ခြေစစ်ပွဲအောင်ဖို့ ရုန်းကန်ရမယ့်အနေအထား ရောက်ရှိနေပါတယ်။ အယ်လ်ဆာဗေဒိုတို့က သုံးပွဲကစား၊ နှစ်မှတ်ရရှိထားပြီး ဟွန်ဒူးရပ်စ်တို့ကလည်း သုံးပွဲကစားပြီး တစ်မှတ်သာရရှိထားပါတယ်။ အုပ်စု ဒုတိယနဲ့ ခြေစစ်ပွဲအောင်ဖို့ အားထုတ်လာမယ့် အယ်လ်ဆာဗေဒိုတို့က အခုပွဲမှာ အနိုင်ရမှ မျှော်လင့်ချက်ထားနိုင်မယ့် အနေအထားဖြစ်ပါတယ်။ ဟွန်ဒူးရပ်စ်တို့ကတော့ ခြေစစ်ပွဲအောင်ဖို့အခြေအနေမကောင်းတော့ပေမယ့် ဂုဏ်သိက္ခာအတွက် ယှဉ်ပြိုင်ရမှာဖြစ်လို့ အရှုံးပေးမှာတော့ မဟုတ်ပါဘူး။ အယ်လ်ဆာဗေဒိုတို့က ဒီပွဲမှာ ဂိုးများများသွင်းပြီး အောင်ပွဲခံနိုင်ရေး ကြိုးစားမှာဖြစ်လို့ သုံးမှတ်ဆိုတာ ဧည့်သည်တို့အတွက် ဖြစ်သွားပါလိမ့်မယ်။ ။

## ကမ္ဘာ့အကောင်းဆုံးဖြစ်လာနိုင်တဲ့ အင်္ဂလန်အသင်း

အင်္ဂလန်ဘောလုံးအသင်းဟာ စနေနေ့က ဘာလင်မြို့မှာ ဂျာမနီအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ကစားပြီးနောက် လာမယ့် သုံးနှစ်အတွင်းမှာ ကမ္ဘာ့အကောင်းဆုံးဘောလုံးအသင်း ဖြစ်လာနိုင်တယ်လို့ ဂျာမနီကွင်းလယ်ကစားသမားဟောင်း လိုသာမက်သရူးက ချီးကျူးပြောဆိုလိုက်ပါတယ်။ အင်္ဂလန်လူငယ်တွေဟာ လာမယ့်နှစ်တွေမှာ အကောင်းဆုံးဖြစ်လာနိုင်တယ်လို့ မက်သရူးက ဆိုပါတယ်။ အသင်းခေါင်းဆောင် ရွန်းနေကို အင်္ဂလန်အသင်းမှ မဖယ်ရှားသင့်ကြောင်းနဲ့ သူဟာ အသင်းခေါင်းဆောင်နေရာမှာပဲ ရှိသင့်တယ်လို့လည်း မက်သရူးက ဆိုပါတယ်။

ဂျာမနီအသင်းဟာ ပထမပိုင်းမှာ တိုနီခရိုးနဲ့ ဂိုမက်ဇ်တို့ရဲ့ ဂိုးတွေနဲ့ ဦးဆောင်ကစားခဲ့ပေမယ့် အင်္ဂလန်လူငယ်တွေရဲ့ ညီညွတ်မှု စွမ်းအားကြောင့် ချေပဂိုးတွေ ပြန်သွင်းပြီး အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဟယ်ရီကိန်း၊ ဂျိမ်းဗာဒီနဲ့ အဲရစ်ဒီယာတို့က အင်္ဂလန်အသင်းအတွက် ဂိုးတွေသွင်းယူခဲ့ကြပါတယ်။





## ချယ်လ်ဆီးက အရခေါ်မယ့် နိုင်ဂိုလန်

ချယ်လ်ဆီးဟာ ရိုးမားကွင်းလယ်ကစားသမား နိုင်ဂိုလန်ကို ဂျူဗင်တပ်စ်နဲ့ အပြိုင် ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။ ဂျူဗင်တပ်စ်ကလည်း ဘယ်လ်ဂျီယံ ကွင်းလယ်ကစားသမား နိုင်ဂိုလန်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတာပါ။ လာမယ့် ချယ်လ်ဆီးနည်းပြဖြစ်တဲ့ အန်တိုနီယိုကွန်တီးက နိုင်ဂိုလန်ကို အရခေါ်ယူသွားဖို့ ရှိနေပါတယ်။ ချယ်လ်ဆီးအသင်းမှာ နီမန်းဂျာမာတစ်ကလည်း ထွက်ခွာဖွယ်ရှိနေတယ်။ ဒီအတောအတွင်း မီခေးလ်အိုဘီရဲ့ အနာဂတ်ကလည်း မေးခွန်းထုတ်စရာဖြစ်နေပါတယ်။

ဒီအတွက် ကွန်တီးအနေနဲ့ ကွင်းလယ်ကစားသမား တစ်ဦးကို မဖြစ်မနေ ခေါ်ယူရတော့မှာပါ။ ကွန်တီးကတော့ နိုင်ဂိုလန်ကို အရခေါ်ယူဖို့ရှိနေပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နိုင်ဂိုလန်ဟာ ရိုးမားအသင်းမှာ အဓိက ခြေစွမ်းပြကစားနေသူဖြစ်ပါတယ်။ ရိုးမားဟာ နိုင်ဂိုလန်ကို ပေါင် ၃၈ သန်းနဲ့ ရောင်းချဖွယ်ရှိနေပါတယ်။

## ဘန်လေဂိုးသမား တွန်ဟက်တန်ကို အဲဗာတန် ခေါ်ယူမည်

ပရီမီယာလိဂ်ကလပ် အဲဗာတန်က လက်ရှိဂိုးသမား တင်ဟောင်းဝပ်နေရာမှာ အစားထိုးဖို့ ဘန်လေဂိုးသမား တွန်ဟက်တန်ကို ခေါ်ယူမယ်လို့ဆိုပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိ တွန်ဟက်တန်ဟာ ယခု သီတင်းပတ်အတွင်း အင်္ဂလန်အသင်းအတွက် ရွေးချယ်ထားတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နွေရာသီကတည်းက ဟက်တန်ကို အဲဗာတန်က ခေါ်ယူဖို့ကြိုးစားခဲ့တယ်လို့ ဆိုပါတယ်။ တင်ဟောင်းဝပ်ဟာ မေဂျာလိဂ်ကလပ် ကိုလိုဘရိုရက်ပစ်နဲ့ စာချုပ်ထားတဲ့အတွက် အမေရိကန်ကို ပြန်ဖို့ စဉ်းစားနေပါတယ်။ အဲဗာတန်နည်းပြ မာတီနက်ဇ်ကတော့ ဟက်တန်ကို အရခေါ်ယူသွားဖွယ်ရှိနေပါတယ်။ တွန်ဟက်တန်ဟာ ဘန်လေအသင်းမှာ အဓိက အားထားရတဲ့ ဂိုးသမားကောင်း တစ်ဦးဖြစ်ပါတယ်။ အဲဗာတန်အသင်းအနေနဲ့ ဂျိုးဟတ်နေရာမှာ တွန်ဟက်တန်ကို ခေါ်ယူသွားဖို့ သေချာနေတယ်လို့ ဆိုပါတယ်။



▶ ကောင်းမြတ်သူ - စုစည်းသည်။ ◀

# ကော့ဂွန်းနှင့် ရသေ့ပျံဂူ

မောင်သာ
(ရှေးဟောင်းသုတေသန)



ကော့ဂွန်းဂူ။

သဘာဝကျောက်ဂူများ ပေါများသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တွင် ဘုရင့်ညီနောင်ဂူ၊ ဆဒ္ဒန်ဂူ၊ ရသေ့ပျံဂူ၊ ကော့ဂွန်းဂူနှင့် ဝဲပျံဂူတို့သည် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားစွာ သွားရောက်လေ့ရှိသည့် ဂူများဖြစ်ကြပြီး လာရောက်လည်ပတ်ကြသူများဖြင့် နေ့စဉ် စည်ကားနေလေ့ရှိသည်။ ကရင်ပြည်နယ်အတွင်းရှိ သဘာဝထုံးကျောက် လိုဏ်ဂူများတွင် ဗုဒ္ဓဘာသာကိုးကွယ်မှုဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ်များရှိနေသည့်အနက် ကော့ဂွန်းဂူသည် ယဉ်ကျေးမှုအမွေအနှစ်များ အများဆုံးကျန်ရှိနေသည့် ဂူတစ်လုံးဖြစ်သည်။ ယခုအခါတွင် ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူများကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

ကမ္ဘာ့နေရာဒေသအသီးသီးတွင် တည်ရှိနေသည့် ဂူများသည် တောင်ကမ်းပါးယံများအတွင်းသို့ပေါက်နေသည့် လိုဏ်ခေါင်းများဖြစ်ကြပြီး ရှေးဦးလူသားများ နေထိုင်ခဲ့ရာ၊ တိရစ္ဆာန်များနားခိုရာ၊ ရဟန်းသံဃာတော်များ တရားကျင့်သုံးရာ၊ လူသေအလောင်းများမြှုပ်နှံရာ စသည့်နေရာများအဖြစ် တည်ရှိခဲ့ကြသည်။ ထုံးကျောက်လိုဏ်များသည် အများအားဖြင့် ထုံးကျောက်တောင်ကို မိုးရေတိုက်စားရာမှ ဖြစ်ပေါ်လာလေ့ရှိသည်။ ပင်လယ်ကမ်းခြေများအနီးတွင်ရှိသည့် ထုံးကျောက်တောင်များသည် ပင်လယ်လှိုင်းရိုက်ခတ်မှုများကြောင့် လိုဏ်များဖြစ်လာသကဲ့သို့ မြေအောက်ရေများ၏ တိုက်စားမှုကြောင့်လည်း ဂူများ ဖြစ်ပေါ်လာလေ့ရှိပေသည်။

သထုံသို့ ကျွန်တော်တို့ရောက်ရှိနေခိုက် ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူများသို့ သွားရောက်လည်ပတ်ခဲ့ပါသည်။ သထုံမှ ကီလိုမီတာ ၂၀ ကွာဝေးသည့် ဘုရင့်ညီနောင်ဂူသို့ ဦးစွာသွားရောက်ခဲ့ရာ ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားနေသည်ကို မြင်ရသည်။ ဘုရင့်ညီနောင်ဂူသို့ လာကြသူများသည် အတန်ငယ်မြင့်မား သောဂူပေါက်ဝသို့ လှေကားထစ်များအတိုင်း တက်ကြပြီး ဂူအတွင်း ဝင်ရောက်ကြည့်ရှုရခြင်းကို နှစ်ခြိုက်ကြသကဲ့သို့ ရေပူကန်တွင် ရေချိုးကြရခြင်းကိုလည်း ပျော်ရွှင်ကြပေသည်။ ဘုရင့်ညီနောင်ဂူအနီးတွင် သဘာဝရေပူကန်ရှိပြီး အမျိုးသားများက ကန်အတွင်း ဆင်းချိုးနိုင်ကြကာ အမျိုးသမီးများက သီးသန့်ပြုလုပ်ပေးထားသော ရေပူကန်အတွင်း ဝင်ရောက်ရေစိမ်နိုင်ကြသည်။

ကျွန်တော်တို့သည် ရေပူကန်အတွင်းသို့ မဆင်းတော့ဘဲ ခြေထောက်များကိုသာ စိမ်ခဲ့သည်။ ကန်အတွင်း ရေဆင်းချိုးကြသူများသဖြင့် ရေကအနည်းငယ်နောက်နေသည့်အပြင် ကန်ထောင့်နေရာများတွင် ဆပ်ပြာရည်များစုနေသည်ကို တွေ့ရသည်။ ရေပူစိမ်ပြီးနောက် ရေပြန်ချိုးနိုင်ရန် စီစဉ်ထားလျှင် ပို၍အဆင်ပြေမည်ဟု ကျွန်တော်တွေးမိခဲ့ပါသည်။ ဘုရင့်ညီနောင်ဂူမှ မိနစ်အနည်းငယ် ကားမောင်းလာခဲ့ပြီးနောက် ဘားအံ အိန္ဒူလမ်းဆုံသို့ ရောက်ရှိခဲ့ရာ လမ်းဆုံမှ လက်ဝဲဘက်သို့သွားလျှင် ဘားအံသို့ရောက်ရှိသည်။ ကျွန်တော်တို့သည် လမ်းဆုံမှ လက်ယာဘက်သို့ချိုးဝင်ကာ ရသေ့ပျံနှင့် ကော့ဂွန်းဂူများဆီသို့ လာခဲ့ကြသည်။



ကော့ဂွန်းဂူအဝင်။

ကော့ဂွန်းဂူသည် မော်လမြိုင်မြို့မှ ၂၈ မိုင်နှင့် ဘားအံမြို့မှ ရှစ်မိုင် ကွာဝေးသည်။ သံလွင်မြစ်၏ အနောက်ဘက်ကမ်းရှိ ဘားကပ်ကျေးရွာမှ နှစ်မိုင်ခန့်ဆက်သွားပြီးနောက် ကော့ဂွန်းရွာသို့ ရောက်ရှိသည်။ ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူတို့သည် တစ်ဂူနှင့်တစ်ဂူ မနီးမဝေး တည်ရှိနေကြသော်လည်း ရသေ့ပျံဂူသို့ဝင်သည့်လမ်းကို ကျော်ပြီးမှ ကော့ဂွန်းဂူသို့ ရောက်ရှိသည်။ ကော့ဂွန်းရွာ၏အနောက်ဘက် နှစ်ဖာလုံတွင် ကော့ဂွန်းဂူကို မြင်ရသည်။ ဂူသို့မရောက်မီကပင် လိုဏ်ဂူနံရံပေါ်တွင်ရှိနေသည့် ဗုဒ္ဓဆင်းတုတော်များ၊ နံရံကပ် အုတ်ခွက်ဆင်းတုများကို အဝေးမှ ကြည်ညိုဖွယ်မြင်တွေ့ကြရသည်။

ကော့ဂွန်းဂူရှိရာ ဝင်းအတွင်းသို့ ဝင်လိုက်သည်နှင့် 'သမိုင်းဝင် ရှေးဟောင်းကော့ဂွန်းဂူတော်ကြီး' 'ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းထားပါသည်' ဟု ရေးသားထားသည့်ဆိုင်းဘုတ်ကို မြင်ကြရသည်။ ခရစ်နှစ် ခုနစ်ရာစုဟုလည်း အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားသည်။ ဂူအတွင်းသို့ဝင်ရောက်ရန် ကြွေပြားများခင်းထားသည့် လမ်းအတိုင်း ကျွန်တော်တို့ လျှောက်လာခဲ့ကြရာ ကလေးငယ်များက လူသွားလမ်းကို တံမျက်စည်းလှည်းကာ သန့်ရှင်းရေးဆောင်ရွက်နေကြသည်ကို မြင်ကြရသည်။

အလျား ပေ ၁၃၀၊ အနံ ပေ ၇၀ နှင့် အမြင့် ၂၅ ပေ ရှိသည့် ကော့ဂွန်းဂူသည် ထုံးကျောက်တောင်ခြေတွင် သဘာဝအတိုင်း တည်ရှိနေသည့် ဂူတစ်လုံးဖြစ်ပြီး အရှေ့ဘက်တွင် သံလွင်မြစ်၊ အနောက်ဘက်တွင် ရသေ့ပျံရွာ၊ တောင်ဘက်တွင် ဘားကပ်ရွာတို့ တည်ရှိသည်။ ယင်းနေရာတွင် ကော့ဂွန်းတောင်သည် သီးခြားတည်ရှိနေသည့် တောင်တစ်လုံးဖြစ်ပြီး ကော့ဂွန်းဂူအပြင် ကျားဂူနှင့် ကျွဲဂူတို့ရှိသော်လည်း ရှေးဟောင်းအမွေအနှစ် လက်ရာများသည် ကော့ဂွန်းဂူတွင်သာ ရှိသည်။ ကော့ဂွန်းဂူရှိသည့် ထုံးကျောက်တောင်သည် အရှေ့မြောက်မှ အနောက်တောင်သို့ ပေ ၆၀၀၀ ရှည်လျားပြီး တောင်စဉ်ငါးလုံး သွယ်တန်းနေသည်။ တောင်စဉ်တန်း၏ အမြင့်ဆုံးနေရာသည် ပေ ၁၀၀၀ မြင့်သည်။

ကော့ဂွန်းဂူသည် တစ်ဖက်ပိတ်ဂူဖြစ်သည်။ တောင်ကမ်းပါးယံနံရံနှင့် ဂူအဝင်အဝတွင် ဆင်းတုများကို အများဆုံးတွေ့ကြရပြီး ဂူအတွင်းပိုင်း၌ ကျောက်စက်မိုးမျှော်များကို မြင်ရသည်။ ဂူအတွင်းပိုင်းအဆုံး၏ တစ်ဖက်တစ်ချက်စီတွင် ဂူပေါက်ငယ်တစ်ခုစီကို တွေ့ရသည်။ ကော့ဂွန်းဂူသည် အရှေ့ဘက်သို့ မျက်နှာမူနေသဖြင့် နေရောင်ခြည်နှင့် အပူကို ကောင်းစွာရရှိသည့်အတွက် ဂူအတွင်း စွတ်စိုထိုင်းမှု လျော့နည်းသကဲ့သို့ ဂူအဝင်အဝသည် ကျောက်တောင် ကမ်းပါးအောက်တွင် ရှိနေသဖြင့် မိုးဒဏ်လေဒဏ်မှ ကင်းဝေးလျက်ရှိနေသည်။

ကောဂွန်းဂူနှင့် ပတ်သက်သည့် တိကျသော စာပေအထောက်အထားများ မတွေ့ရသေးသော်လည်း ပုဂံဘုရင် အနော်ရထာသည် သထုံကိုတိုက်ခိုက်ကာ မနူဟာမင်းအား ပုဂံသို့ ခေါ်ဆောင်သွားခဲ့ချိန်တွင် ထွက်ပြေးလွတ်မြောက်ခဲ့သော မုတ္တမမိဖုရားသည် ကော့ဂွန်းဂူတွင် ပုန်းအောင်းခဲ့ပြီး ဂူအတွင်း၌ စေတီများ၊ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ကြွများကို ထုလုပ်ပူဇော်ခဲ့သည်ဟု ပြောစမှတ် ပြုကြသည်။ ကော့ဂွန်းဂူသို့ ရောက်ရှိလာခဲ့ကြသူများသည်လည်း မိမိတို့ဆန္ဒများအလျောက် ဂူနံရံများပေါ်တွင် ဆင်းတုရုပ်ပွား၊ အုတ်ခွက်ဘုရားများကို ထုလုပ်လှူဒါန်းခဲ့ကြသည်ဟုလည်း ဆိုကြသည်။

'ကော့ဂွန်းဂူရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ' စာအုပ်တွင် ကော့ဂွန်းဂူသို့ ခရစ်နှစ် ၁၉ ရာစု အစောပိုင်းမှစ၍ သမိုင်းနှင့် ရှေးဟောင်း သုတေသနပညာရှင်များ လာရောက်သုတေသန ပြုလုပ်ခဲ့ကြကြောင်းနှင့် ကွင်းဆင်းသုတေသန အစီရင်ခံစာများ ရေးသားခဲ့ကြောင်း ဖော်ပြထားသည်။ ကော့ဂွန်းဂူ ကွင်းဆင်းမှတ်တမ်းများအရ ၁၈၂၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဗြိတိသျှသံ ဂျွန်ကရောဖို့ဒ်သည်လည်းကောင်း၊ ၁၈၃၅ ခုနှစ်တွင် သုတေသနပညာရှင် ရစ်ချတ်တင်ပယ်သည်လည်းကောင်း ကော့ဂွန်းသို့ ရောက်ရှိခဲ့ကြသည်။ ထို့အတူပင် ဦးတော်စိန်ခို၊ ဦးလူဖေဝင်း၊ ဦးဖိုးလတ်၊ ဗိုလ်မှူးဘရှင်အစရှိသော မြန်မာပညာရှင်များသည်လည်း ကော့ဂွန်းဂူသို့ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့သည်။

ကော့ဂွန်းဂူတွင် ထိုင်တော်မူ၊ ရပ်တော်မူ၊ လျောင်းတော်မူ ဆင်းတုတော်များကို တွေ့ရှိရသကဲ့သို့ မြေအုတ်ခွက်ဆင်းတုများ၊ ကျောက်ရုပ်ကြွများ၊ ကျောက်စာများနှင့် မင်စာများအပြင် ကျောင်းတော်များအတွင်း ပုံစံမျိုးစုံဖြင့် သီတင်းသုံးနေသည့် ဗုဒ္ဓဆင်းတုများကို မြင်ကြရသည်။ ထိုင်တော်မူနှင့် ရပ်တော်မူ ဆင်းတုများကို နှစ်ဆူတွဲ၊ သုံးဆူတွဲမှသည် ဆယ်ဆူအထိ ယှဉ်တွဲထုလုပ်ထားသည်။ ကော့ဂွန်းဂူတွင် အုတ်ခွက်ဘုရားများကို အများဆုံးတွေ့ရှိရပြီး ကျောက်တောင်နှင့် ဂူနံရံ၊ ဂူအမိုးတို့တွင် အုတ်ခွက်ဘုရားများကို ကပ်လှူထားသည်။

ကော့ဂွန်းဂူတွင် ကျောက်ရုပ်ကြွ သုံးခုရှိပြီး နှစ်ခုမှာ ဗုဒ္ဓဘာသာဆိုင်ရာ ရုပ်တုများဖြစ်ကာ ကျန်တစ်ခုမှာ ဟိန္ဒူအယူဝါဒဆိုင်ရာ ရုပ်တုဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁)တွင် ရေးသားထားသည်။ ပထမရုပ်တုသည် ဗောဓိသတ္တနှင့် လက်ဝဲရံ၊ လက်ယာရံပုံများ ဖြစ်ဟန်တူကာ ဒုတိယရုပ်ကြွသည် ဦးခေါင်းနှင့်လက်များ မရှိတော့ဘဲ ကိုယ်လုံးသာ ကျန်ရှိသည်။ ဒူးဆစ်အောက်ပိုင်းကိုလည်း မမြင်ရတော့ပါချေ။ ဟိန္ဒူဝါဒဆိုင်ရာ ကျောက်ရုပ်ကြွတွင် ဟိန္ဒူနတ်ဘုရားများ ပုံများကို ထုလုပ်ထားပြီး ကမ္ပည်းစာများ ရေးထိုးထားသည်။ ကျွန်တော်တို့ ကြည့်ရှုကြရာတွင် စာလုံးများသည် ပျက်စီးနေကာ မမြင်ရတော့ပါချေ။ ထိုကျောက်ရုပ်ကြွ သုံးခုကို သံဆန်ကာဖြင့် ကာရံထိန်းသိမ်းထားသည်။ ကျောက်ရုပ်ကြွ၏ ဝတ်ရုံပေါ်တွင် စာများ ရေးထိုးထားရာ မွန်စာများဟု သိရှိရသည်။

ကျွန်တော်တို့သည် ကော့ဂွန်းဂူအတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို ကြည့်ရှုခဲ့ကြပြီး ကော့ဂွန်းဂူမှ လာလမ်းအတိုင်း ထွက်လာခဲ့ကြကာ ရသေ့ပျံဂူသို့ဝင်ရောက်ခဲ့ကြသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၁၆ ပေမြင့်သည့် ရသေ့ပျံဂူဝသို့ရောက်ရှိရန် မြေပြင်မှအပေါ်သို့ အုတ်လှေကားများဖြင့် တက်ရောက်ရသည်။ ရသေ့ပျံဂူတွင် အုတ်ခွက်ဘုရားများကို တွေ့ရှိရသော်လည်း ကော့ဂွန်းဂူရှိ အုတ်ခွက်ဘုရားများ အရေအတွက်အောက် များစွာလျော့နည်းသည်။



ရသေ့ပျံဂူ။

ရသေ့ပျံဂူသည်လည်း သဘာဝထုံးကျောက်ဂူတစ်ခုပင် ဖြစ်ကာ ဘားအံမြို့နယ် ရသေ့ပျံကျေးရွာအနီး သံလွင်မြစ်၏အနောက်ဘက်တွင် တည်ရှိသည်။ ရသေ့ပျံဂူ၏ အရှေ့ဘက်နှင့် အတွင်းပိုင်းနံရံများတွင် အမြင့်သုံးပေမှ ငါးပေအထိရှိသည့် ဗုဒ္ဓဆင်းတုတော်များကို မြင်တွေ့ရသည်။ ရသေ့ပျံဂူတွင်ရှိနေသည့် ရုပ်ပွားတော်များသည် နေရောင် တိုက်ရိုက်ထိတွေ့ခံရမှု နည်းပါးသဖြင့် မူလအရောင်အသွေးများအတိုင်း ဖူးမြော်ရသည်။ ရသေ့ပျံဂူအတွင်း၌ ဉာဏ်တော်ငါးပေရှိသည့် ရပ်တော်မူနှင့် ထိုင်တော်မူ နံရံကပ် ဗုဒ္ဓရုပ်ပွားတော် သုံးဆူရှိသည်။

ရသေ့ပျံဂူတွင်ရှိသော ဗုဒ္ဓဆင်းတုတော်များ၏ ထူးခြားချက်မှာ မဏိတော်(ဦးခေါင်း)၏အထက်မှ မီးလျှံများတက်သွားသည့် အမှတ်လက္ခဏာဖြစ်သည်။ ဂူအတွင်းရှိ ဗုဒ္ဓဆင်းတုတော်အချို့သည် အေဒီ ၁၃ ရာစုက လက်ရာများဖြစ်ကြောင်း မြန်မာ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးထိုးထားသည့် ရသေ့ပျံဂူကျောက်စာတွင် ဖတ်ရှုရသည်။ ***စာမျက်နှာ ၂၁ သို့***

# မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့

**ရန်ကုန် မတ် ၂၈**

ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က မြို့နယ်အတွင်းရှိ အဖွဲ့ဝင်မိသားစုများအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲကို (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၇ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စိုး(ငြိမ်း)နှင့် ပန်းဘဲတန်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမျိုးမြင့်(ငြိမ်း)တို့က အမှာစကားပြောကြားပြီး အသက် ၇၀ နှစ်နှင့်အထက် အဖွဲ့ဝင်များ၊ မသန်စွမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေများနှင့်အဖွဲ့ဝင်များ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

**တင်စိုး(မြန်မာ့အလင်း)**



# အချိန်မရွေးအန္တရာယ်ပေးနိုင်သည့် တောမီးကိုဂရုပြုရန်လို

နွေရာသီသို့ သိသိသာသာ ဝင်ရောက်လာခဲ့ပြီး နေ့အပူချိန်ပြင်းထန်နေသည့် ယခုအချိန်ကာလတွင် သစ်ရွက်ခြောက်၊ လေတိုက်ခြင်းကြောင့် ပွတ်တိုက်မှု၊ လွင့်စင်မီးပွား၊ စည်းကမ်းမဲ့ဆေးလိပ်တိုမီးစွန့်ပစ်မှု စသည့်အကြောင်းခြင်းရာတို့ကြောင့် တောမီးလောင်ကျွမ်းမှုများ မကြာခဏဖြစ်ပွားနေသည်ကို ရှမ်းကုန်းမြေမြင့်ပြင်ဦးလွင်မြို့နယ်အစမှ ရှမ်းပြည်နယ်မြောက်ပိုင်းမြို့များအထိ လမ်းတစ်လျှောက်နှင့် အခြားနေရာဒေသတို့တွင် တွေ့မြင်နေရသည်။

အထူးသဖြင့် ပြင်ဦးလွင်မြို့နယ်အတွင်း၌ နေ့စဉ်ရက်ဆက်နီးပါး တောမီးများ လောင်ကျွမ်းလျက်ရှိနေသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူတစ်ဦးက "ကော်ဖီစိုက်ပျိုးရင် အရိပ်ရပင်တွေလိုအပ်ပါတယ်။ ဒီအရိပ်ရအပင်ကြီးတွေက နွေရာသီရောက်ရင် အရွက်တွေကြွေကျပြီး ကော်ဖီပင်တွေအောက်အနှံ့ ပျံ့နှံ့ရောက်ကုန်ကြတာ။ ဘေးပတ်ဝန်းကျင်မှာလည်း ကော်ဖီခြံတွေက အများကြီးဆိုတော့ တောမီးလောင်ရင် အားပေးကူညီဖို့ လောင်စာတွေက အသင့်လိုဖြစ်နေတယ်။ ဒါကြောင့် ဒီရာသီရောက်ရင် အပြင်အောက်ခြေတွေကို ရှင်းလင်းထားရတာတို့ အနည်းဆုံး ၁၀ ပေ၊ ၁၅ ပေလောက်ကျယ်တဲ့ မီးတားလမ်းဖောက်ထားတာတို့ကို ဂရုစိုက်ပြီး လုပ်နေရတယ်။ တောမီးကနေတစ်ဆင့် တစ်ခြံလုံးကုန်အောင် မီးလောင်ခံရတာမျိုး တွေ့ကြုံခဲ့ဖူးတယ်"ဟု တောမီးနှင့်ပတ်သက်၍ အန္တရာယ်ကြီးမားပုံကို ပြောပြသည်။



ပြင်ဦးလွင်မြို့နယ်အတွင်း ကားလမ်းဘေးတစ်နေရာတွင် တောမီးလောင်နေစဉ်။

မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်မောင်းတစ်ဦးကလည်း "ဒီရာသီရောက်ရင် ကားမောင်းရတာတော်တော်သတိထားရတယ်။ နွေရာသီရာသီဥတုရဲ့ ပူပြင်းတာရော၊ အချိန်အကြာကြီးမောင်းနေရတဲ့ ကားရဲ့အပူရှိန်မြင့်မားလာမှုကြောင့်ရော၊ လမ်းတစ်လျှောက်လောင်ကျွမ်းနေတဲ့ တောမီးတွေရဲ့ အန္တရာယ်ကြောင့်ရော ကားတွေလမ်းမှာမီးလောင်တာ မကြာခဏကြုံတွေ့ရတယ်။ အထူးသဖြင့် ခုတ်ဆီကားတွေပါ။ နဂိုကမှ ရာသီဥတုနဲ့ ကားအင်ဂျင်ပူနေရတဲ့အထဲ တောမီးလောင်နေတာ တွေ့လျက်သားနဲ့ မဆင်မခြင်ဇွတ်အတင်းဖြတ်မောင်းတော့ ကားမီးလောင်ဆုံးရှုံးမှုတွေဖြစ်ကုန်တယ်။ တောမီးလောင်နေတဲ့ အချိန်မှာ ကိုယ့်ကားနဲ့ တောမီးရဲ့ အပူရှိန်၊ အနီးအဝေး၊ အကွာအဝေးတို့ကို ချင့်ချိန်ဖြတ်သန်းမောင်းနှင်သင့်တယ်"ဟု ကားလမ်းပေါ်တွင် တောမီးအန္တရာယ်ကြုံတွေ့ဖူးသူ တစ်ဦးက ပြောပြသည်။

ယခုကဲ့သို့ နွေရာသီပူပြင်းခြောက်သွေ့သည့်အချိန်တွင် ကားလမ်းမများဘေးဝဲယာတစ်လျှောက်နှင့် တောမီးလောင်ကျွမ်းနိုင်သည့် နေရာများတွင် ခရီးသွားလုပ်သားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရေးအတွက် ကြိုတင်အသိပေးလမ်းညွှန်ဆိုင်းဘုတ်များကို ချိတ်ဆွဲလျက် သက်ဆိုင်ရာတာဝန်ရှိသူများက သတိပေးဆောင်ရွက်လျက်ရှိနေကြောင်းလည်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မြို့နယ်စာရေးဆရာအသင်း အမှုဆောင်သစ်ရွေးချယ်

**ပြည် မတ် ၂၈**

ပြည်မြို့နယ် စာရေးဆရာအသင်း၏ မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ပြည်မြို့ ရန်အောင်မင်္ဂလာကင်းစေတီတော်၌ မတ် ၂၇ ရက်က ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် နှစ်ချုပ်အစီရင်ခံစာများကို အသင်းတာဝန်ရှိသူများက ရှင်းလင်းဖတ်ကြားသည်။ ထို့နောက် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ပြန်လည်ရွေးချယ်ရာဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင်(ယဉ်ဝေလွင်-ပြည်)နှင့် အတွင်းရေးမှူး(ရည်ဇော်မောင်-ပြည်)တို့ ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ခဲ့ကြောင်းနှင့် ဒုတိယအကြိမ် စာပေညီလာခံသို့ ပြည်မြို့နယ်အသင်းမှ တက်ရောက်ရန် ကိုယ်စားလှယ်အဖြစ် ဒေါက်တာယဉ်ဝေလွင်ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# သဘာဝတောမှ ထွက်ရှိသော ထင်းများ ဒေသခံပြည်သူများအား ဝေငှပေး

**ဒီပဲယင်း မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လုပ်ကိုင်လျက်ရှိသော သဘာဝတော ဧက ၁၀၀၀ တွင် သစ်ပင်များ ခမ္မတာမျိုးဆက်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့် ထင်း ၅ ဒသမ ၁ တန်ကို ပတ်ဝန်းကျင်ရှိ ဆည်တောကျေးရွာမှ ထင်းလိုအပ်လျက်ရှိသော အိမ်ထောင်စု ၃၀ သို့ မတ် ၂၄ ရက်က ဝေငှပေးခဲ့ကြောင်း သိရသည်။

သဘာဝတော ခမ္မတာမျိုးဆက်ခြင်းလုပ်ငန်းဖြစ်သည့် ပင်ပူးခွာ၊ ကိုင်းချိုင်၊ တောရှင်း၊ ငုတ်တက်ချွန်ခြင်းများ ပြုလုပ်ရာမှ ထွက်ရှိသော ထင်းများကို ဖြန့်ဝေပေးခြင်းဖြစ်ကာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းနိုင်က ဒေသခံပြည်သူများအား သစ်တောသစ်ပင်များ ပြုန်းတီးသွားခြင်းကြောင့် ဖြစ်ပေါ်နိုင်သော ရာသီဥတုဖောက်ပြန်ခြင်းများကိုလည်းကောင်း၊ ဆည်တောကျေးရွာနေ ပြည်သူများအနေဖြင့် သဘာဝတောများ မပြုန်းတီးအောင် ကူညီ ထိန်းသိမ်းရန်နှင့် သစ်ပင်များစိုက်ပျိုးကြရန်လည်းကောင်း အသိပေးပြောကြားပြီး ထင်းများဝေငှပေးခဲ့ကြောင်း သိရသည်။

**အောင်လင်း(ပြန်/ဆက်)**

# တီးတိန်မြို့နယ်၌ ခိုင်ကမ်းမြို့ ဖွင့်ပွဲကျင်းပ

**တီးတိန် မတ် ၂၈**

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ်အတွင်းရှိ ခိုင်ကမ်းမြို့ ဖွင့်ပွဲနှင့် ဒေသတွင်းကျေးရွာချင်းဆက် တံတားနှစ်စင်းဖွင့်ပွဲများကို မတ် ၂၆ ရက်က ကျင်းပခဲ့သည်။

ခိုင်ကမ်းမြို့ ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားပြီး ပြည်နယ်ဘဏ္ဍာ/အခွန်ဝန်ကြီး(နယ်မြေတာဝန်ခံ)ဦးနန်ဇမုန်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနိန်နိုင်း၊ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးတို့က ခိုင်ကမ်းမြို့အဝင်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကာ မြို့ဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် ဦးစီးဌာန ၁၅ ခုနှင့် ရပ်ကွက်လေးခုတို့ဖြင့် ဖွဲ့စည်းထားသော ခိုင်ကမ်းမြို့၌ ဌာနဆိုင်ရာများ မြေနေရာချထားပေးနိုင်ရေးအတွက် ဝန်ကြီးချုပ်က ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ခိုင်ကမ်း-မွာလ်ဇန်-ဟွဲချောင်းလမ်းရှိ ကားကူးကြိုးတံတားနှင့် ခိုင်ကမ်း-ပိန်းပိလမ်းရှိ နမ်ထားတံတားများ ဖွင့်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တံတားများကို ဖွင့်လှစ်ပေးခဲ့သည်။

ခိုင်ကမ်း-မွာလ်ဇန်-ဟွဲချောင်း ကားကူးကြိုးတံတားသည် အရှည်ပေ ၂၁၀၊ အကျယ် ၁၀ ပေ၊ ခံနိုင်ဝန် ယာဉ် ၅ တန်၊ ကုန် ၅ တန် ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ခွင့်ပြုရန်ပုံငွေ ကျပ် သန်း ၁၀၀ သန်းဖြင့် PCT ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကာ နမ်ထားတံတားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ခွင့်ပြုရန်ပုံငွေ ကျပ် ၇၅ သန်းဖြင့် Chin Hill Sun ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



*စာမျက်နှာ ၂၀ မှ*

ရသေ့ပျံဂူကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၁၉၇၅ ခုနှစ်မှစတင်၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

လိုဏ်ဂူ၏အတွင်းပိုင်း ဂူအမိုးပေါ်တွင် အပေါက်ကြီးတစ်ပေါက်ရှိနေပြီးထိုအပေါက်မှ အလင်းရောင်များသည် ဂူအတွင်းသို့ ကောင်းစွာဝင်ရောက်လျက်ရှိသည်။ လိုဏ်ဂူအတွင်း၌ တရားအားထုတ်ခဲ့သော ရသေ့သည် ထိုအပေါက်မှ ပျံထွက်သွားခဲ့ကြောင်း အစဉ်အဆက် ပြောဆိုခဲ့ကြပြီး ရသေ့ပျံတက်သွားသောကြောင့် ရသေ့ပျံဂူဟု အမည်တွင်ခဲ့သည်ဟု ဆိုကြပေသည်။ ဂူနံရံတစ်နေရာတွင် မုတ္တမနှင့် အင်းဝခေတ်တွင် ထွန်းကားခဲ့သည့် ဂဝံယဉ်ကျေးမှု အကြွင်းအကျန် ဂဝံလက်ရာများကို ပြသထားသည်။ ရသေ့ပျံဂူသို့လာသည့် လမ်းလေးကို ရသေ့ပျံဂူအပေါ်မှ မြင်နေရသည်မှ စိတ်ကြည်နူးဖွယ်ကောင်းလှသည်။



ကော့ဂွန်းဂူမှ ကျောက်ရုပ်ကြွ။

လေးထောင့်ပုံရေကန်ကို ဖြတ်သန်းဆောက်လုပ်ထားသည့် အုတ်တံတားဘေးနှစ်ဖက်တွင် လာရောက်လည်ပတ်ကြသူများ အနားယူနိုင်သည့် ထိုင်ခုံတန်းလေးများ ပြုလုပ်ထားသည်ကိုလည်း တွေ့ရသည်။ ကျွန်တော်တို့ ကြည့်နေစဉ်မှာပင် ပြည်ပနိုင်ငံသားတစ်ဦးသည် စက်ဘီးနင်းလျက် ဝင်ရောက်လာနေသည်ကို မြင်ရသည်။ ဘားအံမြို့သို့ လာရောက်လည်ပတ်ကြသည့် ပြည်ပနိုင်ငံသားများသည် ကရင်ပြည်နယ်အတွင်းရှိ သဘာဝလိုဏ်ဂူများသို့ စက်ဘီးများဖြင့် လှည့်လည်ကြည့်ရှုလေ့ရှိကြောင်း သိရှိရပေသည်။

ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူများတွင် မြင်တွေ့နေရသည့် ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များသည် မြန်မာလူမျိုးများ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် ယနေ့တိုင် ထင်ရှားစွာ ကျန်ရှိနေကြသည်ဖြစ်ပေရာ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း တွေးမိရင်း ကျွန်တော်တို့ ရသေ့ပျံဂူမှ ပြန်လာချိန်တွင် နေစောင်းနေပြီဖြစ်ပါသည်။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း အနှစ်ချုပ် (၂၀၁၁)**

**(၂) ကော့ဂွန်းဂူရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ (မောင်မောင်နန်းနွယ်)**

# အထပ် ၃၀ ပါ မြန်မာနိုင်ငံ၏ ပထမဆုံး Sea View ကွန်ဒိုကို မြိတ်မြို့တွင် တည်ဆောက်မည်



Sea View ကွန်ဒိုတည်ဆောက်မည့် ပုံစံငယ်။

**မြိတ် မတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်းသဲကွင်း MYEIK Shopping Center အနီး သာယာလှပသော ပင်လယ်ကမ်းခြေကို မျက်နှာပြု၍ မြန်မာနိုင်ငံ၏ ပထမဆုံး Sea View အထပ်မြင့်ကွန်ဒိုစီမံကိန်းကို ပြည်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကွန်ဒိုစီမံကိန်းအတွက် ပြည်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ရင်းနှီးမြှုပ်နှံကာ Hong Kong Future Group ကုမ္ပဏီလီမိတက်မှ နိုင်ငံတကာ အတွေ့အကြုံရှိသော ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များက တာဝန်ယူ၍ မြန်မာနိုင်ငံ၏ ပထမဆုံး Sea View ကွန်ဒိုများကို ဧပြီလမှ စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပင်လယ်ကမ်းခြေကို မျက်နှာပြု၍ တည်ဆောက်မည့် အဆိုပါ အထပ်မြင့်ကွန်ဒိုစီမံကိန်းကို မြေအကျယ် ၂၈ ဧကတွင် ဆောင်ရွက်မည်ဖြစ်ပြီး ၁၃ ဧကတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကွန်ဒိုစီမံကိန်းတွင် ခေတ်မီအားကစားခန်းမ၊ ရေကူးကန်၊ ဆေးခန်း၊ ဘဏ်လုပ်ငန်းများ၊ ဖူဆယ်ဘောလုံးကွင်း၊ ကလေးကစားကွင်း၊ လမ်းလျှောက်ဈေးအပါအဝင် ကွန်ဒိုအထပ်မြင့်တိုက်ခန်း ၂၀၀၀ ပါဝင်မည်ဖြစ်ကြောင်း၊ စီမံကိန်းကာလမှာ သုံးနှစ်မှ ငါးနှစ်အတွင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၁၅၀ ဖြင့် စတင်အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြည်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးလှသန်းက ပြောသည်။

Hong Kong Future Group ကုမ္ပဏီလီမိတက်မှ စီမံကိန်းတာဝန်ခံကလည်း အဆိုပါ ကွန်ဒိုစီမံကိန်းကို ဆောင်ရွက်ရန်အတွက် Hong Kong Future Group ကုမ္ပဏီလီမိတက်မှ မြေတိုင်းတာမှုများပြုလုပ်၍ အထပ်မြင့်အဆောက်အအုံအတွက် ငလျင်ဒဏ် ၈ ဒသမ ၅ ရစ်ချ်တာစကေးကို ခံနိုင်သော ကွန်ဒိုအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း၊ အထပ် ၃၀ ပါဝင်မည့် ကွန်ဒိုဖြစ်ပြီး မြန်မာနိုင်ငံ၏ ပထမဆုံး Sea View ကွန်ဒိုအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

Sea View ကွန်ဒိုများ တည်ဆောက်ရေးအတွက် အုတ်မြစ်ချပန္နက်တင်မင်္ဂလာနှင့် လုပ်ငန်းအပ်နှံ သဘောတူစာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးသည့် အခမ်းအနားကို ကွန်ဒိုစီမံကိန်းဆောင်ရွက်မည့် မြေနေရာ၌ မတ် ၂၅ ရက်က ကျင်းပခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားကာ ပြည်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာအောင်လွင်နှင့် Hong Kong Future Group ကုမ္ပဏီလီမိတက်မှ စီမံကိန်းတာဝန်ခံ Mr.Zhang Jun တို့က စီမံကိန်းလုပ်ငန်းများနှင့် စီမံကိန်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် Sea View ကွန်ဒိုစီမံကိန်းအတွက် လုပ်ငန်းအပ်နှံ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ကုမ္ပဏီတာဝန်ရှိသူများက စီမံကိန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကွန်ဒိုတည်ဆောက်ရန် အုတ်မြစ်ချ ပန္နက်တင်ပေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# နွေစပါးအတွက် ရေအလုံအလောက်ရှိသဖြင့် တောင်သူများအနေဖြင့် အလှည့်ကျစောင့်ဆိုင်း၍ ရေယူရန်လိုအပ်

**ရေဦး မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်းမှ နွေစပါးစိုက်သော တောင်သူများအတွက် သဖန်းဆိပ်ဆည်မှ ရေပေးဝေရာတွင် ဆည်ရေအလုံအလောက်ရှိသလို လယ်ယာများအတွက် ရေကို အချိန်မီပေးနိုင်ရန် တွက်ချက်ထားပြီးဖြစ်၍ ရေရယူသည့် တောင်သူများအနေဖြင့် မိမိတို့အလှည့်ကျသည်အထိ စိတ်အေးအေးထား၍ စောင့်ဆိုင်းကာ ရေယူရန်လိုကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် သဖန်းဆိပ်ဆည်ရေဖြင့် စိုက်ပျိုးရာတွင် ဆည်အနီးမှ လယ်ယာများက ရေကို အရင်ဆုံးရသောကြောင့် ဆည်နှင့်ဝေးသောလယ်ယာများမှာ နောက်ကျမှ ရေရကာ စိုက်ပျိုးချိန်မမီမည်ကို စိုးရိမ်နေကြကြောင်း သိရသည်။

ပြုတ္တိုကျေးရွာမှ နွေစပါးစိုက် တောင်သူတစ်ဦးက ဆည်ရေဖြင့်စိုက်ပျိုးရာတွင် မြောင်းဖျားမှ လယ်မြေများအနေဖြင့် မြောင်းရင်းမှ တောင်သူများ ရေမလိုအပ်တော့သည့်အချိန်ကျမှသာ ရေရကြောင်း၊ ရေရချိန်နောက်ကျ၍ စိုက်ပျိုးချိန်မမီနိုင်သဖြင့် ကိုယ်ပိုင်တစ်ပေါက်တွင်း (ရေတွင်း)တူးကာ မြေအောက်ရေဖြင့် ပျိုးထောင်စိုက်ပျိုးနေရကြောင်း၊ စိုက်ပျိုးရေကို တောင်သူတိုင်း မျှတစွာ ရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူပေးစေလိုကြောင်း၊ တောင်သူများအနေဖြင့် ဆည်ရေကို အလှည့်ကျ အသုံးပြု မပြု သိအောင် လယ်ထဲဆင်းကြည့်စေလိုကြောင်း၊ တောင်သူအချင်းချင်းပြောပါက အဆင်မပြေဖြစ်ပြီး စကားများကြရသဖြင့် တောင်သူများ ရေအလှည့်ကျ အသုံးပြုနိုင်ရန်နှင့်အထက် အောက်မျှတစွာ ရေရရှိအောင် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူပေးစေလိုကြောင်း ပြောသည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေပြတ်လပ်မှုများ ကြုံတွေ့ရမည်ကိုလည်း တောင်သူများက စိုးရိမ်လျက်ရှိသည်။



ဆည်ရေမရမည်ကိုစိုးရိမ်၍ ရေတွင်းတူးကာ ရေတင်စိုက်ပျိုးနေသည်ကို တွေ့ရစဉ်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယခုနှစ် အယ်နီညိုရာသီဥတုကြောင့် စပါးနှင့် အခြားသီးနှံစိုက်တောင်သူများအနေဖြင့် စိုးရိမ်နေမည်ဖြစ်သော်လည်း သဖန်းဆိပ်ဆည်တွင် နွေစပါးအတွက် ရေအလုံအလောက်ရှိကာ မနှစ်ကထက် ရေပေါပေါပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရမည့် လယ်ယာမြေနှင့် ပေးဝေနိုင်မည့် ရေပမာဏကိုလည်း တွက်ချက်ပြီးဖြစ်ကြောင်း၊ အယ်နီညို အကျိုးသက်ရောက်မှုကြောင့် စပါးခင်းများ ရေခန်းခြောက်မှုဖြစ်သည့်တိုင်အောင် လယ်ယာမြေများသို့ အချိန်မီရေရရှိအောင် ရေပြန်သွင်းသုံးစွဲနိုင်ရေး အလှည့်ကျစနစ်ဖြင့် ရေပေးဝေသွားရန် မြို့နယ်ဆည်မြောင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ စီစဉ်ထားကြောင်း ပြောသည်။

တောင်သူများအနေဖြင့် ကိုယ့်အလှည့်ရောက်မှ ရေယူစေလိုကြောင်း၊ လယ်ယာမြေများ ရေခန်းခြောက်လျှင်လည်း စိတ်အေးအေးထားစေချင်ကြောင်း၊ လယ်ယာများသို့ တောင်သူများ အချိန်မီရေသွင်းနိုင်အောင် ကြိုတင်တွက်ချက်စီစဉ်ထားပြီးဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် စပါးစိုက်ပျိုးရန် ဆည်ရေကိုအသုံးပြုပြီးပါက သုံးစွဲပြီးရေကို ရေဆိုးမြောင်းထဲ ရောက်မသွားစေရန် လယ်ကြားမြောင်းထဲတွင် အဆင့်ဆင့်ပိတ်ဆို့ထားခြင်းဖြင့် ရေလိုအပ်ပါက ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်းလည်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

လက်ရှိအချိန်တွင် ရေဦးမြို့နယ်အတွင်း နွေစပါးစိုက်ကြသည့်တောင်သူများမှ ဆည်နှင့်ဝေးသည့် တောင်သူအချို့မှာ ကိုယ်ပိုင်တစ်ပေါက်တွင်း(ရေတွင်း)များ တူးကာ မြေအောက်ရေဖြင့် နွေစပါးစိုက်ပျိုးရန် ရေသွင်းခြင်း၊ ထွန်ယက်ခြင်းများ လုပ်ကိုင်နေပြီဖြစ်သည်။

ရေဦးမြို့နယ်အတွင်းမှ နွေစပါးစိုက် တောင်သူများအနေဖြင့် သက်တမ်းတို ရွှေဆယ်ယဉ်စပါးမျိုးကို နှစ်စဉ်စိုက်ပျိုးကြပြီး ပုံမှန်တစ်ဧက တင်း ၉၀ ထွက်ကာ ရာသီဥတု အချိန်အခါနှင့် ကိုက်ညီပါက တစ်ဧကလျှင် တင်း ၁၂၀ အထိထွက်ကြောင်း၊ ပြီးခဲ့သောနှစ် နွေစပါးရာသီက ဆည်ရေရှားခဲ့ပြီး ယခုနှစ်တွင်လည်း အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် လယ်ယာမြေများ ရေခန်းခြောက်မည်ကို စိုးရိမ်ကြောင်း၊ ဆည်နှင့်ဝေးသဖြင့် ရေရချိန်နောက်ကျပါက စိုက်ချိန်မမီမည်ကို စိုးရိမ်သဖြင့် ကိုယ်ပိုင်တစ်ပေါက်တွင်းတူးကာ မြေအောက်ရေဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

ရေတွင်းတူး၍ ရေတင်စိုက်ပျိုးရာတွင် စပါးအထွက်ကောင်းသော်လည်း ရေတင်ရသည့် ဒီဇယ်ဈေးနှုန်းကြောင့် အမြတ်နည်းပါးကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် နွေစပါးခြောက်ဧကအတွက် စက်သုံးဆီနှစ်ပီပါကုန်ခဲ့ပြီး စပါးအထွက်ကောင်း၍ မရှုံးသော်လည်း အမြတ်နည်းခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း မြေအောက်ရေအသုံးပြု၍ စိုက်ပျိုးနေရကြောင်း၊ ယခုနှစ်တွင်မူ ဒီဇယ်တစ်ပီပါလျှင် ကျပ်ခုနစ်သောင်းခန့် ဈေးကျလာသလို ဆည်ရေကို နွေစပါးအတွက် အပြည့်အဝပေးမည်ဟုဆိုသဖြင့် ပြီးခဲ့သည့်နှစ်ထက် ပို၍ မြတ်နိုင်ကြောင်းလည်း အဆိုပါတောင်သူက ဆက်ပြောသည်။

ရေဦးမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးရာတွင် စပါးမျိုး၊ လယ်ယာသုံးဆေးများနှင့် မြေဩဇာသုံးစွဲမှုများအတွက် သုံးသင့်သောဆေးများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အာမခံချက်ပေးစေလိုကြောင်း၊ လောလောဆယ်တွင် တောင်သူအများစုမှာ ဆေးနှင့်မြေဩဇာကို ကောင်းမကောင်း အသေအချာ မသိကြဘဲ အများသုံးသည်ကိုသာ လိုက်သုံးနေကြရကြောင်းလည်း တောင်သူတစ်ဦးက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက တောင်သူများအနေဖြင့် စိုက်ပျိုးရေးသုံးဆေးနှင့် ဓာတုဓာတ်မြေဩဇာသုံးစွဲရာတွင် စိုက်ပျိုးရေးဦးစီးဌာနက တရားဝင်အသိအမှတ်ပြုထားသော ဆေးနှင့်မြေဩဇာများကိုသာ ဝယ်ယူသုံးစွဲကြရန်လိုကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော်လည်း ဈေးကွက်အတွင်း ရောင်းချနေသောဆေးများမှာ အတုများဖြစ်နိုင်သည်လည်းရှိသဖြင့် လေ့လာစုံစမ်းပြီးမှသာ ဝယ်ယူသုံးစွဲသင့်ကြောင်း၊ တောင်သူများ၏ နွေစပါးစိုက်ပျိုးမှု တိုးတက်ရေးအတွက် စိုက်ပျိုးနည်းများကို ပြသပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရာတွင် ကြဲစပါးမစိုက်ဘဲ ကြိုးတန်းပြီး တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသင့်ကြောင်း၊ မျိုးစေ့ချကိရိယာကိုလည်း စိုက်ပျိုးရေးဦးစီးဌာနမှ အခမဲ့ငှားရမ်းပေးနေသည့်အပြင် ဝန်ထမ်းများကဦးဆောင်၍ စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း၌ ယခု ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ရာသီတွင် နွေစပါးဧကသုံးသိန်း စိုက်ပျိုးရန် လျာထားသည့်အနက် ရေဦးမြို့နယ်တွင် နွေစပါးဧက ၄၁၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သတင်းဆောင်းပါး-သန်းထိုက်(ရေဦး)**




| သက်တမ်း | DATA ပမာဏ | ဈေးနှုန်း | အင်တာနက် နှုန်းထား | ဝယ်ယူရန် | |
|---|---|---|---|---|---|
| | | | | USSD Code ဖြင့် | SMS ဖြင့် |
| (၁)ည | 250 MB | ၃၀၀ကျပ် | ၁ကျပ် ပြား ၂၀/MB | *237*1# | 1N to 1332 |
| (၇)ည | 1 GB | ၁၀၀၀ကျပ် | ၁ ကျပ်/MB | *237*2# | 7N to 1332 |
| ညပေါင်း(၃၀) | 4 GB | ၃၂၀၀ကျပ် | ပြား ၈၀/MB | *237*3# | 30N to 1332 |

(၃၁-၃-၂၀၁၆)အထိ ရယူနိုင်ပါသည်။

ညစဉ် ည(၁၁) နာရီမှ နံနက်(၇)နာရီအတွင်း အသုံးပြုနိုင်ပါသည်။

- "ဆွေသဟာ" ရယူထားသည့် GSM/WCDMA (Postpaid နှင့် Pre-paid) အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
- Promotion ကာလအတွင်း ညစဉ် ည (၁၁)နာရီ မှ နံနက် (၇)နာရီ အထိ နာရီပေါင်း (၈) နာရီကြာ အသုံးပြုနိုင်ပါမည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အသုံးပြုရန်သတ်မှတ်ထားသော Data ပမာဏ ကုန်သွားပါက ထပ်မံဝယ်ယူ အသုံးပြုနိုင်ပါသည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အင်တာနက်သုံးစွဲခများကို "Dataများနဲ့ည Package"မှသာ ကောက်ယူသွားမည်ဖြစ်ပါသည်။
- ဝယ်ယူထားသောPackageမှအင်တာနက်သုံးစွဲခများကျော်လွန်ပါက ပုံမှန်နှုန်းထားအတိုင်းဆက်လက် ကောက်ယူသွားပါမည်။
- MPT SIM ကဒ် ကို SIM Slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက် ဝန်ဆောင်မှုကို ရရှိနိုင်ပါမည်။

ဆွေသဟာ ရယူရန် "SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှု ရယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
MPT OFFICIALသို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
CALL CENTER 106
(၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။




- အောက်ပါအချက်အားလုံးနှင့် ကိုက်ညီရုံဖြင့် MPT ၏ **ယူထား** ဝန်ဆောင်မှုကို ရယူနိုင်ပါပြီ။
    - MPT ၏ Prepaid စနစ် GSM/WCDMA အသုံးပြုသူများ ဖြစ်ရပါမည်။
    - ဖုန်းငွေလက်ကျန် ၂၀၀ ကျပ်အောက် လျော့နည်းသူ ဖြစ်ရပါမည်။
    - လွန်ခဲ့သော (၆) လ အတွင်း အနည်းဆုံးတစ်ကြိမ်ဖုန်းငွေဖြည့်ထားသူ ဖြစ်ရပါမည်။
    - နောက်ထပ်တစ်ကြိမ် ထပ်မံ ချေးယူလိုပါက ပထမအကြိမ် **ယူထား** ငွေကို ပေးဆပ်ပြီး ဖြစ်ရပါမည်။
- **ယူထား** ဝန်ဆောင်မှုကို ရက် (၃၀) အတွင်း အသုံးပြုနိုင်မှာ ဖြစ်ပြီး ဖုန်းဘေလ် လွှဲပြောင်းပေးခြင်း (Balance Transfer) မှလွဲ၍ MPT ဝန်ဆောင်မှု အားလုံးအတွက် အသုံးပြုနိုင်ပါသည်။
- **ယူထား** ဝန်ဆောင်မှုအတွက် ဝန်ဆောင်ခ (၅၀) ကျပ်သာ ကျသင့်မည် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm mptofficialpage mptofficial

CALL CENTER 106 | free hotline 24 hours everyday

# ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း
# AGTI Society
## ပထမအကြိမ် သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း (AGTI Society) ၏ သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများအားလုံးနှင့် စိတ်ပါဝင်သူများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

**ကျင်းပမည့်နေ့ရက်** - ၂၀၁၆ ခုနှစ် ဧပြီ ၃ ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၀၉း၀၀ နာရီ

**ကျင်းပမည့်နေရာ** - မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ (တတိယထပ်)၊ Function Hall၊ လှိုင်တက္ကသိုလ်နယ်မြေဝင်းအတွင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

**အလုပ်အမှုဆောင်အဖွဲ့**


**ရွှေခင်ရွှေဗမာ Travels & Tours** * ထွက်ခွာမည့်ရက်များ * April 9,10,11,12,13

| | | | | | |
|---|---|---|---|---|---|
| ဂျပန် | (၈ ရက်) | USD 2800 | သီရိလင်္ကာ | (၇ ရက်) | USD 1300 |
| ကိုရီးယား | (၈ ရက်) | USD 1850 | စင်ကာပူ | (၄ ရက်) | USD 880 |
| ဒူဘိုင်း | (၇ ရက်) | USD 1900 | ဘာလီ (April 14 ထွက်မည်) | (၅ ရက်) | USD 850 |
| ဟောင်ကောင်-မကာအို | (၅ ရက်) | USD 1350 | မော်လဒိုက် | (၄ ရက်) | USD 1500 |
| ပီကင်း-ရှန်ဟိုင်း-ကူမင်း | (၈ ရက်) | USD 1700 | စင်ကာပူ - မလေးရှား | (၈ ရက်) | USD 1300 |
| ပီကင်း-ရှန်ဟိုင်း-ဟောင်ကောင်-မကာအို | (၁၀ ရက်) | USD 1980 | စင်ကာပူ - ဘာလီ | (၈ ရက်) | USD 1500 |
| ဟောင်ကောင်-ကွမ်ကျိုး-မကာအို-ရှန်ကျန်း (မကာအိုတွင် Venetian Hotel တည်းမည်) | (၈ ရက်) | USD 1600 | ဘန်ကောက် (Baiyoke Sky Hotel တည်းမည်) | (၆ ရက်) | USD 680 |
| ဥရောပ ( ၃ နိုင်ငံ ) | (၁၁ ရက်) | USD 3400 | ဘန်ကောက် - ဖူးခက် (April 14 ထွက်မည်) | (၆ ရက်) | USD 850 |
| ဥရောပ (နော်ဝေး-ဆွီဒင်-ဖင်လန်-ဒိန်းမတ်) | (၁၂ ရက်) | USD 5300 | ဗီယက်နမ် | (၆ ရက်) | USD 850 |
| ဗုဒ္ဓဂယာ (ဟိုတယ်တည်းစား) (၈ ရက်-USD 1100) / (မြို့ရိုး) | (၁၅ရက် -၁၁သိန်း) | | ဗီယက်နမ် - ကမ္ဘောဒီးယား | (၈ ရက်) | USD 1300 |

အမှတ် ၆၇၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-500191,519292,519293,510491,510218, 519360,09-252281456
အမှတ် ၈၁၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။ Ph: 09- 3169 3339, 09- 730 13856 Hot Line: +95 9 7300 3772

**ပျော်ရွှင်အပန်းဖြေဖွယ်ရာဘာလီကမ်းခြေခရီးစဉ်**

12 April ထွက်မည် | 31 March စာရင်းပိတ်ပါမည် | တစ်ဦးလျှင် 998$ (စားရိတ်ငြိမ်း၊ 4 Star Hotel)

- ဘာလီကမ်းခြေ၏ အလှတရားများကို အပြည့်အဝခံစားရမည့်အပြင် စိတ်လှုပ်ရှားဖွယ်ရိုးရာအကအလှများ၊
- ပင်လယ်ကြမ်းပြင်ကို တိုက်ရိုက်မြင်ရသော Glass Boat စီးနင်းရမည့်အတွေ့အကြုံ၊
- မီးတောင်ကိုရင်သပ်ရှုမောဖွယ်ကြည့်ရှုရင်း နေ့လည်စာသုံးဆောင်ရမည့်အစီအစဉ်၊
- အင်ဒိုနီးရှားပါတိတ်ပြုလုပ်ရောင်းချသည်ကို ဗဟုသုတရဖွယ်လေ့လာရမည့်အခွင့်အရေး၊
- ပေ ၈၀ အမြင့်ရှိသော ရုပ်ထုကြီးများရှိရာ ပန်းခြံကြီးအပါအဝင်
- အခြားပျော်ရွှင်အပန်းဖြေနိုင်စရာ အစီအစဉ်ကောင်းများစွာ ပါဝင်ပါမည်။
- ခရီးစဉ်တစ်လျှောက် အတွေ့အကြုံရှိသော မြန်မာ Tour Leader မှ လိုက်ပါကူညီသွားမှာဖြစ်ပြီး အပိုတန်ဆံစမ်းမဲ့အစီအစဉ်များလည်း ခံစားခွင့်ရမှာပါ

**အခြားပြည်တွင်းပြည်ပခရီးသွားဝန်ဆောင်မှုများအားလုံးကိုလည်း ဆက်သွယ်စုံစမ်းနိုင်ပါတယ်ရှင်**

ODYSSEY Travels & Tours Co., Ltd.

အခန်း (၃၀၃)၊ တတိယထပ်၊ ဒိုလ်ပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ၀၁ ၂၄၆၃၃၇၊ ၂၄၆၃၃၈၊ ၂၅၄၁၇၀၊ ၃၉၂၀၇၀

လမြည် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

ဟိုက်ဒရောလစ်/လေဖိအား/Fully Auto
ကွန်ကရစ် အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 420035882, 09 73199410
09 420035884, 09 73199257


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/1960 Toyota Landcruiser HDJ 101 S/W(4x4)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြင်ကြင် ၁/မကန(နိုင်)၀၁၂၈၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅င/၆၃၆၂ Toyota Wish ANE 11၊ S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသီဟဇော် ၁၂/ဒဂမ(နိုင်)၀၀၉၉၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/7572 Toyota Caldina ET.196 S/W(4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေးမြင့် ၁၂/မဂဒ(နိုင်)၀၅၆၉၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်


ချာချီးယား ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-681 9020
09-510 1862



NEW MOTION Travels & Tours
New Motion
ရွှေလျှားသစ်လွင် သင်္ကြန်ခရီးစဉ်

☆ တောင်ကြီး ခရီးစဉ် - April; 11,12,13,17
☆ မန္တလေး ခရီးစဉ် - April; 11,17
☆ တောင်ကြီး-ပုဂံ ခရီးစဉ် - April; 11,12
☆ ပုဂံ-ရွှေစက်တော် ခရီးစဉ် - April; 11
☆ ပုဂံ ခရီးစဉ် - April; 11,12,17
☆ အလောင်းတော်ကဿပ ခရီးစဉ် - April; 13,17
☆ ပုဂံ-အလောင်းတော်ကဿပ ခရီးစဉ် - April; 12
☆ ပြင်ဦးလွင်-အလောင်းတော်ကဿပ ခရီးစဉ် - April; 11,12

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 01 527 922, 01 538 811, 09 731 489 22, 09 260 792 878.

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ရန်ကုန် – ငွေဆောင် ခရီးစဉ်
April - 12 ~ 15
(Myanmar Treasure Resort, Aureum Resort & Spa)

မန္တလေး – ငွေဆောင် ခရီးစဉ်
April - 11 ~ 16
(Aureum Resort & Spa)

ရန်ကုန် – ပေလီ ခရီးစဉ်
April - 12 ~ 15
(Aureum Resort & Spa)

မန္တလေး – ပေလီ ခရီးစဉ်
April - 12 ~ 15
(Thande Beach Hotel)

အမှတ်-234, 33လမ်း, 81 × 82 လမ်းကြား။
Ph; 09 431 478 79, 09 259 033 443

# နိုင်ငံတော်အစိုးရ၏ ကုန်သွယ်လုပ်ငန်းခွန်

## မိုဘိုင်းဖုန်းဝန်ဆောင်မှုသုံးစွဲသူများသည် ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ရမည်ဖြစ်ပါသည်။

၂၀၁၆ ဧပြီလ (၁)ရက်နေ့မှစတင်၍ မိုဘိုင်းဖုန်းဝန်ဆောင်မှု သုံးစွဲသူများအားလုံးသည်
၂၀၁၆ ခုနှစ် ပြည်ထောင်စုအခွန်ဥပဒေနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန်
၅ ရာခိုင်နှုန်း ပေးဆောင်ရမည် ဖြစ်ပါသည်။

MPT ooredoo telenor

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂလမ်း၊ အမှတ် ၈၁၉နေ ဒေါ်ဇင်မာမို့ ၆/ကသန(နိုင်)၀၃၆၀၈၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပေါင်းကူးညဏရပ်ကွက်၊ ဦးပိုင်အမှတ် ၅၃၃/၅၁၁တွင် မူလပိုင်ရှင် ဦးတင်စိန် ၁၂/လကန(နိုင်)၀၅၅၁၄၇မှ ၄င်းပိုင်ဆိုင်သည့် မြေကွက်များထဲမှ ၃ ဒသမ ၅၀ဧကအား ဦးသန်းထွန်း ၁၁/ရဗန(နိုင်)၀၄၇၀၉၀အား ရောင်းချခဲ့ပြီး ဦးသန်းထွန်းမှ ဦးညီညီ ၁၁/ရဗန(နိုင်)၀၆၀၅၀၂သို့ ထိုမြေ ၃ ဒသမ ၅၀ ဧကအား ထပ်မံရောင်းချခဲ့ပါသည်။ အဆိုပါမြေကွက်ထဲမှ ဦးညီညီပိုင်မြေကွက်၏ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသည့် မြေကွက် (ပေ၈၆၀×ပေ၆၀) မြေကွက်အား ဒေါ်ခင်မိုးမိုးမြင့် ၁၂/အစန(နိုင်) ၁၁၉၀၁၇သို့ အရပ်စာချုပ်အဆက်ဆက်ဖြင့် အဆင့်ဆင့်ပြန်လည်ရောင်းချခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ခင်မိုးမိုးမြင့်ပိုင် မြေကွက်အနက်မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပေါင်းကူးညဏရပ်ကွက်၊ ရွှေနဒီလမ်း၊ အမှတ်(၃/၄)ဟု သတ်မှတ်ရည်ညွှန်းထားသော (၄၀×၆၀)ပေ မြေကွက်အား သေချာစွာမှတ်သားပြီး ဘယ်ဘက်တွင် ဦးအောင်မိုးလွင်မြေကွက်၊ ညာဘက်တွင် ဒေါ်အမ်ဂျာအောင်မြေကွက်၊ အရှေ့ဘက်တွင် ဦးညီညီမြေကွက်၊ အနောက်ဘက်တွင် လမ်းတည်ရှိသည့် အလယ်တည့်တည့်ရှိ အလျား×အနံ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် ပိုင်ဆိုင်သူ ဒေါ်ခင်မိုမိုးမြင့်ထံမှ ယခုအချိန်တွင် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူ၍ တန်ဖိုးငွေအားလုံးကို အပြည့်အဝပေးချေကာ လက်ရောက်ရယူခဲ့ပြီးဖြစ်ပါသည်။ မူလရောင်းချသူ မြေပိုင်ရှင် ဦးတင်စိန်နှင့် မိသားစု ကိုယ်တိုင်မြေနေရာ နယ်နိမိတ်သတ်မှတ်ပေးပြီး မြေကွက်အား ခြံစည်းရိုး ကာရံထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇင်မာမို့၏ ခွင့်ပြုချက်မရှိဘဲ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ ဝယ်ယူထားသည့်မြေကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ မြေပေါ်တွင်ကျူးကျော်ဝင်ရောက်ခြင်းတို့ လုံးဝပြုလုပ်ပိုင်ခွင့်မရှိကြောင်းနှင့် အကယ်၍ အဆိုပါကိစ္စရပ်များ ပြုလုပ်ခဲ့ပါက ပြစ်မှုကြောင်း အရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်စိုး
B.A(Hist:), M.A(Q)II, H.G.P, D.B.L,
D.M.L, D.A.Psy, B.D.S 4/2001
စီးပွားရေးနှင့် ဥပဒေရေးရာအကြံပေး
ဥပဒေအကျိုးဆောင်
အိမ်အမှတ်-၈၄၄-ခ၊ စာဂ(၁၆)လမ်း၊
(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၈၆၁၈၀၄၅၊ ၀၉-၇၃၂၀၈၅၁၃၊ ၀၉-၇၃၁၇၁၉၂၅

ဒေါ်ဥမ္မာမြင့်
LL.B, D.B.L
(တရားလွှတ်တော်ရှေ့နေ)
ရုံးအမှတ် ၉၉၉၊ သစ္စာလမ်း(ဥပဒေရုံးအနီး)၊
(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက် ၄၇၊ အခန်း ၁၈ နေ ဒေါ်အမ်ဂျာအောင် ၁/ဆဒန(နိုင်)၀၀၀၈၅၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပေါင်းကူးညဏရပ်ကွက်၊ ဦးပိုင်အမှတ် ၅၃၃/၅၁၁တွင် မူလပိုင်ရှင် ဦးတင်စိန် ၁၂/လကန(နိုင်)၀၅၅၁၄၇မှ ၄င်းပိုင်ဆိုင်သည့် မြေကွက်များထဲမှ ၃ ဒသမ ၅၀ဧကအား ဦးသန်းထွန်း ၁၁/ရဗန(နိုင်)၀၄၇၀၉၀အား ရောင်းချခဲ့ပြီး ဦးသန်းထွန်းမှ ဦးညီညီ ၁၁/ရဗန(နိုင်)၀၆၀၅၀၂သို့ ထိုမြေ ၃ ဒသမ ၅၀ဧကအား ထပ်မံရောင်းချခဲ့ပါသည်။ အဆိုပါမြေကွက်ထဲမှ ဦးညီညီပိုင် မြေကွက်၏ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသည့် မြေကွက် (၈၆၀×၆၀)ပေ မြေကွက်အား ဒေါ်ခင်မိုးမိုးမြင့် ၁၂/အစန(နိုင်)၁၁၉၀၁၇သို့ အရပ်စာချုပ်အဆက်ဆက်ဖြင့် အဆင့်ဆင့်ပြန်လည်ရောင်းချခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ခင်မိုးမိုးမြင့်ပိုင် မြေကွက်အနက်မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပေါင်းကူးညဏရပ်ကွက်၊ ရွှေနဒီလမ်း၊ အမှတ် ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ဟု သတ်မှတ်ရည်ညွှန်းထားသော (၃၄၀ပေ×ပေ၆၀)မြေကွက်အား သေချာစွာမှတ်သားပြီး ဘယ်ဘက်တွင် ဒေါ်ဇင်မာမို့မြေကွက်၊ ညာဘက်တွင် ဒေါ်ခင်မိုးမိုးမြင့် မြေကွက်၊ အရှေ့ဘက်တွင် ဦးညီညီမြေကွက်၊ အနောက်ဘက်တွင် လမ်းတည်ရှိသည့် အလယ်တည့်တည့်ရှိ အလျား×အနံ (၃၄၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်ခင်မိုးမိုးမြင့်ထံမှ ယခုအချိန်တွင် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူ၍ တန်ဖိုးငွေ အားလုံးကို အပြည့်အဝပေးချေကာ လက်ရောက်ရယူခဲ့ပြီးဖြစ်ပါသည်။ မူလရောင်းချသူ မြေပိုင်ရှင် ဦးတင်စိန်နှင့် မိသားစု ကိုယ်တိုင်မြေနေရာနယ်နိမိတ်သတ်မှတ်ပေးပြီး မြေကွက်အား ခြံစည်းရိုးကာရံထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်အမ်ဂျာအောင်၏ ခွင့်ပြုချက်မရှိဘဲ မည်သူမဆို ကျွန်ုပ်မိတ်ဆွေဝယ်ယူထားသည့်မြေကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ မြေပေါ်တွင် ကျူးကျော်ဝင်ရောက်ခြင်းတို့ လုံးဝ ပြုလုပ်ပိုင်ခွင့်မရှိကြောင်းနှင့် အကယ်၍ အဆိုပါ ကိစ္စရပ်များပြုလုပ်ခဲ့ပါက ပြစ်မှုကြောင်း အရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်စိုး
B.A(Hist:), M.A(Q)II, H.G.P, D.B.L,
D.M.L, D.A.Psy, B.D.S 4/2001
စီးပွားရေးနှင့် ဥပဒေရေးရာအကြံပေး
ဥပဒေအကျိုးဆောင်
အိမ်-၈၄၄-ခ၊ စာဂ(၁၆)လမ်း၊
(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၈၆၁၈၀၄၅၊ ၀၉-၇၃၂၀၈၅၁၃၊ ၀၉-၇၃၁၇၁၉၂၅

ဒေါ်ဥမ္မာမြင့်
LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
ရုံးအမှတ် ၉၉၉၊ သစ္စာလမ်း(ဥပဒေရုံးအနီး)
(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၁၂၆၃၊ အခန်း ၂၀နေ ဦးအောင်မိုးလွင် ၆/ကစန(နိုင်)၀၂၇၂၄၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပေါင်းကူးညဏရပ်ကွက်၊ ဦးပိုင်အမှတ် ၅၃၃/၅၁၁တွင် မူလပိုင်ရှင် ဦးတင်စိန် ၁၂/လကန(နိုင်)၀၅၅၁၄၇မှ ၄င်းပိုင်ဆိုင်သည့် မြေကွက်များထဲမှ ၃ ဒသမ ၅၀ဧကအား ဦးသန်းထွန်း ၁၁/ရဗန(နိုင်)၀၄၇၀၉၀အား ရောင်းချခဲ့ပြီး ဦးသန်းထွန်းမှ ဦးညီညီ ၁၁/ရဗန(နိုင်)၀၆၀၅၀၂သို့ ထိုမြေ ၃ ဒသမ ၅၀ ဧကအား ထပ်မံရောင်းချခဲ့ပါသည်။ အဆိုပါမြေကွက်ထဲမှ ဦးညီညီပိုင်မြေကွက်၏ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသည့် မြေကွက် ပေ(၈၆၀×၆၀) မြေကွက်အား ဒေါ်ခင်မိုးမိုးမြင့် ၁၂/အစန(နိုင်)၁၁၉၀၁၇သို့ အရပ်စာချုပ်အဆက်ဆက်ဖြင့် အဆင့်ဆင့်ပြန်လည်ရောင်းချခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ခင်မိုးမိုးမြင့်ပိုင် မြေကွက်အနက်မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပေါင်ကူးညဏရပ်ကွက်၊ ရွှေနဒီလမ်း၊ အမှတ်(၁)ဟု သတ်မှတ်ရည်ညွှန်းထားသော ပေ(၂၀×၆၀) မြေကွက်အား သေချာစွာမှတ်သားပြီး ဘယ်ဘက်တွင် ဒေါ်ဇင်မာမို့ မြေကွက်၊ ညာဘက်တွင် ဒေါ်မို့မို့လွင် မြေကွက်၊ အရှေ့ဘက်တွင် ဦးညီညီမြေကွက်၊ အနောက်ဘက်တွင် လမ်းတည်ရှိသည့် အလယ်တည့်တည့်ရှိ အလျား×အနံ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်ခင်မိုမိုးမြင့်ထံမှ ယခုအချိန်တွင် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူ၍ တန်ဖိုးငွေအားလုံးကို အပြည့်အဝပေးချေကာ လက်ရောက်ရယူခဲ့ပြီးဖြစ်ပါသည်။ မူလရောင်းချသူ မြေပိုင်ရှင် ဦးတင်စိန်နှင့် မိသားစု ကိုယ်တိုင်မြေနေရာ နယ်နိမိတ်သတ်မှတ်ပေးပြီး မြေကွက်အား ခြံစည်းရိုး ကာရံထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးအောင်မိုးလွင်၏ ခွင့်ပြုချက်မရှိဘဲ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ ဝယ်ယူထားသည့်မြေကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ မြေပေါ်တွင်ကျူးကျော်ဝင်ရောက်ခြင်းတို့ လုံးဝပြုလုပ်ပိုင်ခွင့်မရှိကြောင်းနှင့် အကယ်၍ အဆိုပါကိစ္စရပ်များ ပြုလုပ်ခဲ့ပါက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်စိုး
B.A(Hist:), M.A(Q)II, H.G.P, D.B.L,
D.M.L, D.A.Psy, B.D.S 4/2001
စီးပွားရေးနှင့် ဥပဒေရေးရာအကြံပေး
ဥပဒေအကျိုးဆောင်
အိမ်အမှတ်-၈၄၄-ခ၊ စာဂ(၁၆)လမ်း၊
(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၈၆၁၈၀၄၅၊ ၀၉-၇၃၂၀၈၅၁၃၊ ၀၉-၇၃၁၇၁၉၂၅

ဒေါ်ဥမ္မာမြင့်
LL.B, D.B.L
(တရားလွှတ်တော်ရှေ့နေ)
ရုံးအမှတ် ၉၉၉၊ သစ္စာလမ်း(ဥပဒေရုံးအနီး)
(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်2J/1579၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇ အိုးအိမ်၊ မြေကွက်အမှတ် ၆၉၂/ခ၊ မြေကွက်တည်နေရာအမှတ် ၆၉၂၊ မြေနီ ၅ လမ်း၊ ၇-အနောက်ရပ်ကွက်၊သာကေတမြို့နယ် ဦးအောင်ခင်၁၂/သကတ(နိုင်)၀၄၀၇၆၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ခင်(ဖခင်)နှင့် ဒေါ်တင်အေး(မိခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်တင်တင်ဝင်း ၁၂/သကတ(နိုင်)၀၀၄၇၂၇မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများ မတ် ၃၀ ရက်တွင် ကတိသစ္စာပြုခြင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားခြင်းတို့ကို တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်   မတ်   ၂၈**

မတ် ၃၀ ရက်တွင် ကျင်းပမည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးထင်ကျော်နှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများက ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်ထောင်စုလွှတ်တော်၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား (News Channel)၊ လွှတ်တော်(Channel)နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ ယင်းနေ့နံနက် ၁၀ နာရီမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မန္တလေး၌ တန်ဖိုးမျှတအိမ်ရာ ဝယ်ယူခွင့် မဲနှိုက်ရွေးချယ်

**မင်းထက်အောင်(မန်းကိုယ်ပွား)**



**မန္တလေး   မတ်   ၂၈**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်တွင် အိုးအိမ်ဦးစီးဌာနမှ ဆောက်လုပ်သည့်တန်ဖိုးမျှတအိမ်ရာ တိုက်ခန်း ၄၀၀ ကို ဝယ်ယူခွင့်လျှောက်ထားကြသူများအား မတ် ၂၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ၌ မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်ခန်းလျှောက်ထားကြသူများသည် ယခင်မြရည်နန္ဒာတန်ဖိုးနည်း အိမ်ရာဝယ်ယူခွင့် ချထားပေးစဉ်ကလျှောက်ထားခဲ့ကြသည့် မန္တလေးခရိုင်အတွင်းမှ လုပ်သက် ၂၅ နှစ်အထက် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၆၆၈၈ ဦးနှင့် ယခု ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ လာရောက်လျှောက်ထားကြသည့် တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်ဆဲ လုပ်သက် ၂၅ နှစ်အထက် ဝန်ထမ်း ၅၆၄၀ စုစုပေါင်းဝန်ထမ်း ၁၂၃၂၈ ဦးတို့အတွက် ဝယ်ယူခွင့်ကို ပွင့်လင်းမြင်သာစွာမဲစနစ်ဖြင့် ရွေးချယ်ပေးခြင်းဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဦးတင်မောင်အေးက *စာမျက်နှာ ၉ ကော်လံ ၁* ◆

## ရန်ကုန်သင်္ကြန် ယာဉ်ထိန်းရဲ ၁၀၀၀ ခန့် ချထားပြီး အရက်မူးတိုင်းကိရိယာဖြင့်ပါ စစ်ဆေးအရေးယူမည်

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-နေလင်း**




ပြီးခဲ့သည့်နှစ် ရန်ကုန်သင်္ကြန်တွင် ယာဉ်ထိန်းရဲများ ယာဉ်စည်းကမ်းကြပ်မတ်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

**ရန်ကုန်   မတ်   ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သင်္ကြန်ကာလ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အား ၁၀၀၀ ခန့် ချထားသွားမည့်အပြင် အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အမှတ် (၂) ယာဉ် ထိန်းရဲတပ်ဖွဲ့မှူးရုံး (ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောကြားသည်။

"သင်္ကြန်ကာလမှာ ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ ယာဉ်ကြောကျပ်တည်းမှုကိုဖြေရှင်းဖို့ မြို့နယ်အလိုက်အဖွဲ့တွေချပြီး ဆောင်ရွက်သွားမှာပါ။ အထူးသဖြင့် မဏ္ဍပ်ကြီးတွေ *စာမျက်နှာ ၃ ကော်လံ ၁* ✻

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်   မတ်   ၂၈**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန ယနေ့ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

## မှတ်သားဖွယ်ရာမိုးရေချိန်

၂၈-၃-၂၀၁၆

| | |
|---|---|
| မုဒုံမြို့ | ၀ ဒသမ ၅၉ လက်မ |
| ပူတာအိုမြို့ | ၀ ဒသမ ၂၀ လက်မ |
| ထားဝယ်မြို့ | ၀ ဒသမ ၁၂ လက်မ |
| မြိတ်မြို့ | ၀ ဒသမ ၁၂ လက်မ |
| မချမ်းဘောမြို့ | ၀ ဒသမ ၀၈ လက်မ |
| ချောင်းဆုံမြို့ | ၀ ဒသမ ၀၈ လက်မ |

## ထူးခြားသည့်နေ့အပူချိန်

၂၈-၃-၂၀၁၆

မန္တလေးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ သာယာဝတီမြို့၊ ဘော်လခဲမြို့နှင့် သိမ်ဖြူမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။




မြန်မာ့အလင်း
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၃၊ ဖက်စ် ၀၆၇-၃၆၁၄၅၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၁၀၆၊ မန်နေဂျာ ၀၁-၅၄၄၃၀၁၊ ဖက်စ် ၀၁-၅၄၄၃၀၁၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၁၊ ကြော်ငြာ ၀၁-၅၄၄၃၀၁။
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS